
www.burmeseclassic.com

# ဟေဝန်ဟေမာ
# သတ္တဝါတို့၏နိမိတ်ပုံလွှာ

အမျိုးသားစာပေဆုရ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၇ ခုနှစ်၊ စာပေဗိမာန်စာမူဆု

စာပဒေသာဆု၊ ပထမဆုရ

# ဟောဝန်ဟောမာ သတ္တဝါတို့၏နိမိတ်ပုံလွှာ

အမျိုးသားစာပေဆုရ

အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)

စီစဉ်တည်းဖြတ်သူ - ဒေါ်တင်တင်ဝင်း (ဒီဇင်ဘာမှန်း)
စာတည်း

မျက်နှာဖုံးပန်းချီ - ညီညီ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၄ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၂၀၀၀

တန်ဖိုး (၄၀၀) ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေစိစစ်ရေးနှင့်မှတ်ပုံတင်ဌာန
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့်ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့်ထုတ်ဝေသည်။
နေပြည်တော်ပုံနှိပ်စက်ရုံ (တပ်ကုန်း) တွင်ပုံနှိပ်သည်။

BURMESE CLASSIC .com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျေးဇူးတင်လွှာ | |
| ၂။ | မိတ်ဆက်စကား | |
| ၃။ | တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်ထဲက | ၁ |
| ၄။ | မဟာပုရိသ လက္ခဏာတော် | ၉ |
| ၅။ | ပလ္လင်တော်ရှစ်ခန်းဝယ် | ၂၃ |
| ၆။ | ငြိမ်းချမ်းရေးစေတမန် လောကနတ်အသံ | ၂၉ |
| ၇။ | တံခွန်တိုင်ထိပ်ဖျားက ရွှေဟင်္သာ | ၃၂ |
| ၈။ | ဝပ်တွားကော်ရော် ဆင်ဖြူတော် | ၃၈ |
| ၉။ | ရွှေလမှာ ယုန်ဝပ်လို့ | ၄၅ |
| ၁၀။ | နေမင်းဖလ်ဝါ ဒေါင်းရုပ်ရှိသည်သာ | ၄၉ |
| ၁၁။ | ကြည်ညိုဖွယ်ရာ နဂါးမင်းပလ္လင်ထက်မှာ | ၅၃ |
| ၁၂။ | ခြေတော်ရင်းက ကေသရာဇာ | ၅၇ |
| ၁၃။ | ကြွေးပေါင်းဆပ်၍ မြီသစ်ချသူ | ၆၂ |
| ၁၄။ | ကြက်သံကို ဗဟိုပြုရာဝယ် | ၆၆ |
| ၁၅။ | သူရဲကောင်းနှင့်အတူ | ၅၇ |
| ၁၆။ | ကိန္နရာ ကိန္နရီ၊ တောင်ပံယှက်လို့ | ၈၃ |


www.burmeseclassic.com

www.burmeseclassic.com


၁၇။ ရွှေနန်းရှင်တို့၏ ကရဝိက်ဖောင်တော် ၉၂

၁၈။ မိဂသီ သမင်မငယ် ၉၇

၁၉။ နံ့ကရိုင်းမယ်တော် ၁၀၃

၂၀။ အတုယူသင့်သည့် အမူအကျင့်ကောင်းများ ၁၁၁

၂၁။ နိမိတ်ပုံသွင် ဆိုရိုးစကားအမြင် ၁၁၅

၂၂။ နှုတ်ကောင်းတော့ ပြည်စိုး ၁၂၄

၂၃။ နက္ခတ်တာရာနှင့် တိရစ္ဆာန်တို့၏အမည်သညာ ၁၃၆

၂၄။ နက္ခတ်ကြည့်တတ်လျှင် ရာသီသိမည်ပင် ၁၄၈

၂၅။ ကျမ်းကိုးစာရင်း


BURMESE CLASSIC .com

## ကျေးဇူးတင်လွှာ

စာရေးသူအား မြန်မာစာပေနယ်ထဲသို့ ဝင်ဆံ့အောင် ပညာပါရမီ ရရှိစေရန် ကံ့ကူလက်လှည့်ငယ်ဆရာအဖြစ် သင်ကြားပေးခဲ့သည့် အဖ ဦးထွန်း (မူ/ကျောင်းအုပ်) နှင့် အမိ ဒေါ်ခင်ဥ တို့အား ဤစာအုပ်ဖြင့် ကန်တော့ပါသည်။

မြန်မာ့ရေမြေတောတောင်သဘာဝ မြိုင်ဟောဝန်တွင် ကျင်လည်ကျက်စားနေကြသည့် မြန်မာ့တိရစ္ဆာန်ကလေးများ၏ ပုံရိပ်လွှာသည် မြန်မာ့ဓလေ့ ထုံးတမ်းစဉ်လာများ၌ ပါဝင်နေမှုအား စာတစ်အုပ်ဖြစ်အောင် ရေးသားရာ၌ အကြံပေးကူညီကြသည့် ဆရာမောင်ဆုရှင်၊ ဆရာ (မေမြို့-မိုးကြည်) တို့အား ဂါရဝပြုအပ်ပါသည်။

ရေးသားရာတွင် အစစအရာရာကူညီအကြံပေးလျက် စာမူကို စစ်ဆေးပေးကြသည့် ကဗျာဆရာ မင်းသွေးနွယ် (ဓီးကုန်း)၊ စွမ်းဝေ (ဓီးကုန်း)၊ ဦးမျိုးအောင် (မွေးကုဦးစီး)၊ ခေတ္တရာ ဆရာကျော်၊ ဇနီးသည် ဒေါ်ရီရီဌွေး၊ သမီး မွေးနံ့သာ (မဟာသိပ္ပံ)၊ သက်သက်သင်း (ပညာရေး)၊ သား ရည်မွန်အောင် (ပြည်တက္ကသိုလ်)၊ မောင်မောင်စိုးသက်၊ ထိုက်ဇော်အောင်၊ လွင်ဘိုဘိုအောင် (သျှတတ-ပြည်) တို့အား ကျေးဇူးဥပကာရ တင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

အမျိုးသားစာပေဆုရ

အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)

www.burmeseclassic.com

www.burmeseclassic.com

# မိတ်ဆက်စကား

ကျွန်တော်တို့ ငယ်စဉ်က ရွတ်ဆိုသင်ကြားခဲ့ရသည့် မြန်မာ့ဓလေ့ ထုံးတမ်းစဉ်လာများသည် အသက်အရွယ်ကြီးရင့်လာသည့်အခါ ရင်ထဲဝယ် ငြိတွယ်ဆဲဖြစ်ပါသည်။ ထို့အတူ ရိုးရာပုံပြင်များအကြောင်းသည်လည်း ယနေ့အထိ မမေ့နိုင်ပါ။ မြန်မာ့လူ့ဘောင်တွင် မြန်မာစာပေနှင့်အတူ ဆက်လက်ရှင်သန်နေပါသည်။

ထိုသို့သော ကဗျာနှင့် ရိုးရာပုံပြင်များထဲမှ ဇာတ်ဆောင်၊ တိရစ္ဆာန်ကလေးများအကြောင်းနှင့်ဆက်စပ်သည့် မြန်မာ့ဓလေ့ ပုံရိပ်လွှာကို ရေးဖွဲ့ပါသည်။ ထိုသို့ရေးဖွဲ့ရာတွင် စာဖတ်သူတို့အတွက် ဘဝရှေ့ခရီးလမ်းကို လျှောက်လှမ်းရာတွင် ဇွဲ၊ လုံ့လရှိစေရန်၊ သတ္တိရှိစေရန်၊ မကောင်းမှုကို ရှောင်ကြဉ်၍ ကောင်းမှုမြတ်နိုးစေရန်၊ ပျော်ရွှင်ခြင်း၊ အားတက်ခြင်းများ ဖြစ်စေရန် ရည်ရွယ်၍ ဖွဲ့ဆိုပါသည်။ ချစ်ခြင်း၊ သနားခြင်း၊ မုန်းတီးခြင်း၊ အံ့သြခြင်း၊ နှစ်သက်ခြင်း စသည့်ရသအဖုံဖုံ ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ကျွန်တော်သည် လူငယ်မောင်မယ်များအတွက် တိရစ္ဆာန်ကလေးများ၏ ပုံသဏ္ဌာန်၊ အမူအကျင့်၊ အလေ့အထ၊ အနေအထိုင်၊ မျိုးရိုးဗီဇနှင့် ဆက်စပ်နေပြီး သင်ခန်းစာ ရယူနိုင်သည့်ပုံပြင်များ၊ ကဗျာများကို ပေါင်းစည်းလျက် လူငယ်စာပေအဖြစ် "မွေးနံ့သာ" အမည်ဖြင့် သုတရသ စာအုပ်တစ်အုပ်နှင့် မြန်မာ့ယဉ်ကျေးမှု၊ သုတပဒေသာ (ဝိဇ္ဇာ) ဘာသာရပ်တွင် မြန်မာ့မြင်း၊ မြန်မာ့ဆင်၊ မြန်မာ့ကျွဲနွား၊ မြန်မာ့ဟင်းစားကြက် စာအုပ်များကို ရေးသားသဖြင့် စာပေဗိမာန် စာမူဆုများ ချီးမြှင့်ခြင်းခံခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ရေးဖွဲ့ရာတွင် ပြီးပြည့်စုံသည် မရှိပါ။ စာဖတ်သူများ သိသင့်သိထိုက်သည့် မြန်မာ့ဓလေ့ထုံးတမ်းတွင် တိရစ္ဆာန်ကလေးများကို အမှီပြု၍ ဥပမာပြုသည့် တိရစ္ဆာန်လေးများအကြောင်း များစွာ ကျန်ရစ်လျက်ရှိပါသည်။

တောပန်းကလေးများ ရောင်စုံဖူးပွင့်သည့် မြိုင်ဟောဝန်အလယ်၊ လေပြည်လာလျှင် ပန်းရနံ့မွှေးသကဲ့သို့ မြန်မာ့မြေ၊ မြန်မာ့ရေ၊ မြန်မာ့လေတို့တွင် ကျင်လည်ကျက်စားသည့် တိရစ္ဆာန်ကလေးများသည် သတ္တလောကအတွင်း ကောင်းသတင်း ဂုဏ်ရနံ့များ ကိုယ်စီဖူးပွင့်လျက်ရှိပါသည်။ ယင်းအဖူးအငုံကလေးများ အကြောင်းသည် ဖြစ်တော်စဉ်ဘဝဇာတ်တော်များ၊ ရွှေနန်းသုံး မင်းခမ်းမင်းနား အဆောင်အယောင်များ၊ နေလ နက္ခတ်ကြယ်တာရာများ၊ ကျေးလက်သဘာဝဓလေ့များစသည့် နယ်ပယ်တို့တွင် ပါဝင်ပတ်သက်နေသည့် အကြောင်းအရာများ ဖြစ်ပါသည်။

"ဟောဝန်ဟေမာ သတ္တဝါတို့၏ နိမိတ်ပုံလွှာ" စာအုပ်တွင် ရေးသားဖော်ပြထားသည့် တိရစ္ဆာန်ကလေးများအကြောင်းကို ဖတ်ရှုရသဖြင့် မှတ်သားဖွယ် ဗဟုသုတများ၊ အတုယူဖွယ်ရာ သာဓကများ ရရှိပြီး ဘဝကန္တာရ ခရီးကြမ်း ခယောင်းလမ်းကို ဖြတ်သန်းဖို့အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ သင်ခန်းစာ တစ်ခု ရရှိမည်ဆိုပါလျှင် စာရေးသူအတွက် ရေးဖွဲ့ရကျိုးနပ်ပါသည်။

အမျိုးသားစာပေဆုရ

အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)

## တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်ထဲက

မြန်မာတို့၏ ထုံးဓလေ့ယဉ်ကျေးမှုအယူအဆများအရ ခန္ဓာကိုယ်ပေါ်တွင် ပါရှိသည့်အမှတ်အသား၊ မှဲ့၊ လက္ခဏာ၊ အရေးအကြောင်းမွေများသည် ထူးခြားသောအဓိပ္ပာယ်ကို ဆောင်သည်။ သကျမုနိဗုဒ္ဓမြတ်စွာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး၌ အများတကာတို့နှင့်မတူ ထူးကဲမြင့်မြတ်သော လက္ခဏာတော်များပါရှိသည်။

မြတ်စွာဘုရားသခင်၏ အမှတ်လက္ခဏာတော်တို့ကို လက္ခဏာတော်ကြီးငယ်ဟူ၍ အဋ္ဌကထာများတွင် ခွဲခြားပြဆိုသည်။ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သောလက္ခဏာတော်ငယ်နှင့် တစ်ရာ့ရှစ်ကွက်သော ခြေဖဝါးတွင်ပါသည့် စက်လက္ခဏာတို့ဖြစ်သည်။ ထိုလက္ခဏာတို့ကို တစ်နည်းအားဖြင့် မဟာပုရိသလက္ခဏာတော်ဟုလည်း ခေါ်ပါသည်။ ထိုလက္ခဏာတော်ကြီးငယ်များကို ထောက်၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော်မာယာဒေဝီမိဖုရားတို့မှ ဖွားမြင်သော သိဒ္ဓတ္ထမင်းသားကို ဘုရားစင်စစ် ဧကန်မချွတ်ဖြစ်လိမ့်မည်ဟု ကောဏ္ဍည အနွယ်ဖြစ်သော သုဒတ္တအမည်ရှိ ပုဏ္ဏားငယ်မှ ဟောကြားခဲ့ခြင်းဖြစ် ပါသည်။

ဤစာအုပ်ငယ်တွင် တစ်ရာ့ရှစ်ကွက်သော စက်လက္ခဏာတော်တွင် ပါရှိသည့် တိရစ္ဆာန်များအကြောင်းကို သုတအဖြစ် အကျဉ်းချုပ်

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြလိုပါသည်။ လက္ခဏာတော်ကြီးငယ်တွင် ပါဝင်သော တစ်ရာ့ရှစ်ကွက် စက်လက္ခဏာပါရှိသည့် ခြေဖဝါးတော်ကို နောင်လာနောက်သားတို့ ကြည်ညိုသဒ္ဒါပွားနိုင်ရန် ခြေတော်ရာ အဆူဆူကို ကမ္ဘာမြေပေါ်တွင် ချခဲ့သည်ဆိုပါသည်။ မြန်မာနိုင်ငံအနှံ့ ခြေတော်ရာအဆူဆူကို တွေ့ရှိ ကိုးကွယ်ကြသည့်အနက် မင်းဘူး ရွှေစက်တော်ခြေတော်ရာ နှစ်ဆူသည် ထင်ရှားပါသည်။ ယင်းခြေတော်ရာများ၌ မဟာပုရိသလက္ခဏာတော် တစ်ရာ့ရှစ်ကွက်စက်လက္ခဏာတော်ကို ပီပြင်စွာ ဖူးမြော်နိုင်ပါသည်။

ရှေးထုံးများနှင့် ဗုဒ္ဓပိဋကတ်တော်လာ စာပေကျမ်းဂန်များအရ အမှန်ရှိခဲ့သည်ကို သရုပ်ဖော်ရေးသားခြင်းဖြစ်သည်။ ယနေ့ မတွေ့မမြင် အမှန်မတွေ့ကြုံရခြင်းကြောင့် ဝေဝေဝါးဝါးတွေးတောဝေဖန်ရန် အကြောင်း မရှိပါ။

## တစ်ရာ့ရှစ်ကွက် စက်လက္ခဏာ

(၁) သတ္တိ-လှံမ၊ (၂) သိရိဝစ္ဆ-အိမ်မွန်၊ ကျက်သရေတိုက်၊ (၃) နန္ဒိယာဝဋ္ဋ- ဇလပ်ပန်း၊ (၄) သောဝတ္ထိက-လည်ရေသုံးဆင့်၊ (၅) ဝဋံ့သက- ဦးဆောက်ပန်း၊ (၆) ဝဍ္ဍမာန-ထမင်းပွဲ၊ (၇) ဘဒ္ဒပီဌ-အင်ပျဉ်၊ သလွန်၊ (၈) အင်္ကုသ- ချွန်းတောင်း၊ (၉) ပါသာဒ-ပြာသာဒ်၊ (၁၀) တောရဏ-တုရင်တိုင်၊ (၁၁) သေတဆတ္တ-ထီးဖြူ (၁၂) ခဂ္ဂ-သံလျက် (၁၃) တာလဝဏ္ဍ-ထန်းရွက်ယပ်၊ (၁၄) မယူရဟတ္ထ- ဥဒေါင်းမြီးယပ်၊ (၁၅) စာမရီဟတ္ထ-စာမရီသားမြီးယပ်၊ (၁၆) ဥဏှီသ- သင်းကျစ်၊ (၁၇) ပတ္တ-မြသပိတ်၊ (၁၈) မဏိ-ပတ္တမြား၊ (၁၉) ကုသုမဒါမ-မုလေးပန်းကုံး၊ (၂၀) နီလုပ္ပလ-ကြာညိုပန်း၊ (၂၁) သေတုပ္ပလ-ကြာဖြူပန်း၊ (၂၂) ရတ္တုပ္ပလ-ကြာနီ



ပန်း၊ (၂၃) ပဒုမ-ပဒုမ္မာကြာပန်း၊ (၂၄) ပုဏ္ဍရိက-ပုဏ္ဍရိက်ကြာပန်း၊ (၂၅) ပုဏ္ဏဃဋ-ရေပြည့်အိုး၊ (၂၆) ပုဏ္ဏပါတိ-ရေဖြည့်ဖလား၊ (၂၇) သမုဒ္ဒ-သမုဒ္ဒရာ လေးစင်း၊ (၂၈) စက္ကဝါဠ-စကြာဝဠာတောင်၊ (၂၉) မေရု-မြင်းမိုရ်တောင်၊ (၃၀) သူရိယမဏ္ဍလ-နေစက်ဝန်း၊ (၃၁) စန္ဒမဏ္ဍလ-လစက်ဝန်း၊ (၃၂) နက္ခတ္တ -နက္ခတ်၊ (၃၃) ပုဗ္ဗဝိဒေဟ-အရှေ့ကျွန်း၊ (၃၄) အပရ ဂေါယာန-အနောက်ကျွန်း၊ (၃၅) ဇမ္ဗုဒိပ-တောင်ကျွန်း၊ (၃၆) ဥတ္တရကုရု-မြောက်ကျွန်း (၃၇) စက္ကဝတ္တိ-စကြဝတေးမင်း၊ (၃၈) ဒက္ခိဏာ ဝဋ္ဋ သင်္ခ-လက်ယာရစ်ခရုသင်း၊ (၃၉) သုဝဏ္ဏမစ္ဆယုဂ-ရွှေငါးကြင်းအစုံ၊ (၄၀) စက္ကဝုဓ-စက်လက်နက်၊ (၄၁) သုပဏ္ဏရာဇာ-ဂဠုန်မင်း၊ (၄၂) သံသုမာရ-မိဒကျောင်းမင်း၊ (၄၃) မဇပဋ္ဋာက-တံခွန်ကုက္ကား/မုလေးပွား (၄၄) သုဝဏ္ဏ သိဝိကာ-ရွှေသန်လျင်း၊ (၄၅) သုဝဏ္ဏဝါလဗီဇနီ-ရွှေသားမြီးယပ်၊ (၄၆) ကေလာသပဗ္ဗတ-ကေလာသတောင်၊ (၄၇) သီဟရာဇာ-ခြင်္သေ့မင်း၊ (၄၈) ဗျဂ္ဃ ရာဇာ-ကျားမင်း (၄၉) ဝလာဟက အဿရာဇာ-ဝလာဟက မြင်းပျံ၊ (၅၀) ဥပေါသထဆဒ္ဒန္တနာဂရာဇာ-ဥပေါသထဆင်မင်း၊ ဆဒ္ဒန်ဆင်မင်း (၅၁) ဗာသုကိနာဂရာဇာ-ဗာသုကီနဂါးမင်း၊ (၅၂) ဟံသရာဇာ- ရွှေဟင်္သာမင်း၊ (၅၃) ဥဿဘရာဇာ-နွားလားဥဿဘမင်း၊ (၅၄) ဧရာဝဏ-ဧရာဝဏ် ဆင်မင်း၊ (၅၅) သုဝဏ္ဏမကရ-ရွှေမကန်း၊ (၅၆) စတုမုခ-လေးကျွန်းသားတို့ မျက်နှာမျိုး၊ (၅၇) သုဝဏ္ဏနာဝါ-ရွှေလှေ၊ (၅၈) သဝစ္ဆက ဓေနု-သားငယ်နှင့် နွားမ၊ (၅၉) ကိမ္ပုရိသီ-ကိန္နရာမ၊ (၆၀) ကိမ္ပုရိသ-ကိန္နရာဖို၊ (၆၁) ကရဝိက-ကရဝိက်ငှက်မင်း၊ (၆၂) မယူရ ရာဇာ-ဥဒေါင်းမင်း၊ (၆၃) ကောဉ္စရာဇာ-ကြိုးကြာငှက်မင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၆၄) စက္ကဝက္ကရာဇာ-စက္ကဝါက် ငှက်မင်း၊ (၆၅) ဓိဝဓိဝကရာဇာ-ဓိဝဓိဝိုးငှက်မင်း၊ (၆၆) စတုမဟာရာဇိက-စတုမဟာရာဇ်နတ်ပြည်၊ (၆၇) တာဝတိံသာ- တာဝတိံသာနတ်ပြည်၊ (၆၈) ယာမာ-ယာမာနတ်ပြည်၊ (၆၉) တုသိတာ-တုသိတာနတ်ပြည်၊ (၇၀) နိမ္မာနရတီ-နိမ္မာနရတိဗြဟ္မာပြည်၊ (၇၁) ပရနိမ္မိတဝသဝတ္တိ-ပရနိမ္မိတ ဝသဝတီနတ်ပြည်၊ (၇၂) ဗြဟ္မပါရိသဇ္ဇာ-ဗြဟ္မပါရိသဇ္ဇဗြဟ္မာပြည် (၇၃) ဗြဟ္မပုရောဟိတာ-ဗြဟ္မပုရောဟိတာ ဗြဟ္မာပြည်၊ (၇၄) မဟာ ဗြဟ္မာ-မဟာဗြဟ္မာပြည်၊ (၇၅) ပရိတ္တာဘာ-ပရိတ္တာဘာဗြဟ္မာပြည်၊ (၇၆) အပ္ပမာနာဘာ-အပ္ပမာနာဘာဗြဟ္မာနတ်ပြည်၊ (၇၈) ပရိတ္တသုဘာ-ပရိတ္တသုဘာ ဗြဟ္မာပြည်၊ (၇၉) အပ္ပမာဏာသုဘာ-အပ္ပမာဏာသုဘာ ဗြဟ္မာပြည်၊ (၈၀) သုဘကိဏှာ-သုဘာကိဏှာ ဗြဟ္မာပြည်၊ (၈၁) ဝေဟပ္ဖလာ-ဝေဟပ္ဖလာ ဗြဟ္မာပြည်၊ (၈၂) အသည သတ္တာ-အသည သတ္တဗြဟ္မာပြည်၊ (၈၃) အဝိဟာ-အဝိဟာဗြဟ္မာပြည်၊ (၈၄) အတ္တပ္ပါ-အတ္တပ္ပါဗြဟ္မာပြည်၊ (၈၅) သုဒဿာ-သုဒဿာဗြဟ္မာပြည်၊ (၈၆) သုဒဿီ-သုဒဿီဗြဟ္မာပြည်၊ (၈၇) အကနိဋ္ဌာ-အကနိဋ္ဌာ ဗြဟ္မာပြည်၊ (၈၈) ယုဂန္ဓရ-ယုဂန္ဓိုရ်တောင်၊ (၈၉) ဤသံဓရ-ဤ သံဓရတောင်၊ (၉၀) ကရဝိက-ကရဝိကတောင်၊ (၉၁) သုဒဿန-သုဒဿနတောင်၊ (၉၂) နေမိန္ဓရ-နေမိန္ဓရတောင်၊ (၉၃) ဝိနတက-ဝိနတကတောင်၊ (၉၄) အဿကဏ-အဿကဏတောင်၊ (၉၅) အနောကတ္တ-အနောတတ်အိုင်၊ (၉၆) ကဏ္ဏမုဏ္ဍာ-ကဏ္ဏမုဏ္ဍာအိုင်၊ (၉၇) ရထကာရ-ရထကာရအိုင်၊ (၉၈) ဆဒ္ဒန္တ-ဆဒ္ဒန္တအိုင်၊ (၉၉) ကုဏာလ-ကုဏာလအိုင်၊ (၁၀၀) မန္ဒာကိနီ-မန္ဒာကိနီအိုင်၊ (၁၀၁) သီဟပ္ပပါတ-သီဟပ္ပပါတအိုင်၊ (၁၀၂) လဝဏသီတာ-ဆားငန် ရေသီတာ၊



(၁၀၃) ဥစ္ဆုသီတာ-ကြံရေသီတာ၊ (၁၀၄) သုရာသီတာ-သေရည်သီတာ၊ (၁၀၅) သာမိသီတာ-အမှုခပ်သိမ်းပြီးစေသောသီတာ၊ (၁၀၆) ဒဓိသီတာ-နို့ဓမ်းမလိုင်သီတာ၊ (၁၀၇) ဒုဒ္ဓသီတာ-နို့ရည်သီတာ၊ (၁၀၈) ဇလသီတာ-ရေချိုသီတာ...... တို့ဖြစ်ပါသည်။

အဲတုမရှိ၊ အသဒိသစ်ဓမ္မရာဇ်ထွတ်ထား မြတ်စွာဘုရားသခင်၏ စက်လက္ခဏာကြည်ညိုရာ ကိုးကွယ်တောင်းဆုယူသည့် ဘုရားရှိခိုးကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်။

အတိုင်းမသိ၊ ကျေးဇူးရှိသည့် မုနိသကျ၊ ဂေါတမ၏ ပါဒမြတ်ကျော်၊ ဖဝါးတော်၌၊ ထွန်းပေါ်ကျစ်လျစ်၊ တစ်ရာ့ရှစ်ကို စိစစ်ကောင်းတွေ၊ လှည့်လည်ရေအုံ၊ ချီတွေအစ၊ လုံမအိမ်မွန်၊ မကျန်ပွင့်ချပ်၊ ဇလပ်ပုံမွှေး၊ လည်ရေးသုံးဆင့်၊ လှတင့်စွန်းစွန်း၊ ဦးဆောက်ပန်းက၊ စသည့်မကွဲ၊ ထမင်းပွဲ တည်ဟန်၊ ရွှေသလွန်ချွန်းတောင်း၊ ရောင်းမောင်းပြာသာဒ်၊ တစ်ခန်း တစ်ကြောင်း၊ ဥဒေါင်းမြီးယပ်၊ သင်းကျစ်တခြား၊ ပတ္တမြား ရောင်ဖိတ်၊ သပိတ်ပန်းဆိုင်း၊ တုနှိုင်းမရ၊ ပွင့်လှထွားထွား၊ ငါးပါးကြာမျိုး၊ ရေအိုး ဖလား၊ ထူးခြားသမုဒ္ဒရာ၊ စကြဝဠာသဏ္ဌာန်၊ ဟိမဝန်မြင်းမိုရ်၊ ထိုထို နေလ၊ နက္ခတ်စသား၊ ဒီပလေးခု၊ ဇမ္ဗူဒီပါ၊ ဗြဟ္မာဥတ္တရ၊ အပရ ဂေယျ၊ တစ်လီအုံဖွယ်၊ ကျွန်းငယ်နှစ်ထောင်၊ ဘုန်းခေါင်စကြာမင်း၊ ခရသင်း ဖြူဆွတ်၊ ငါးကြင်းပွတ်စကြာ၊ သီတာခုနစ်တန်၊ သတ္တရ ဘန်မြောင်၊ တောင်စဉ်ခုနစ်ထပ်၊ ကြပ်ကြပ်မြင့်ခိုင်၊ ခုနစ်အိုင်တသုန်၊ ဂဠုန်တစ်ကြောင်း၊ မိချောင်း ရေသား၊ ကုဏ္ဍားတံခွန်၊ မင်းတန်သန်လျင်း၊ မယွင်းတော်သီး၊ သားမြီးလေသာ၊ ကေလာသဘာ၊ သီဟကျားမြင်း၊ ဆင်မင်းအကျော်၊ ဥပေါသထ၊ ယာဉ်မွန်၊ ဆဒ္ဒန်တခြား၊ နဂါးဝမ်းဘဲ၊ မကွဲအတူ၊ ဥဘာ

www.burmeseclassic.com

www.burmeseclassic.com



ကျေးနုံ၊ ဇရောဝတ်မကာန်း၊ ထူးဆန်းအံ့ဖွယ်၊ တင့်တယ်လှတွေ၊ ရွှေလှေ လုံ့ဝါ၊ မျက်နှာလေးပါး၊ နွားသားမိစစ်၊ အဖြစ်များစွာ၊ ကိန္နရာ ကိန္နရီ၊ တူပြီကရဝိက်၊ ဖိတ်ဖိတ်သောင်းသောင်း၊ ဥဒေါင်းကြိုးကြာ၊ ဟင်္သာစက္ကဝါက်၊ ငှက်၏အမျိုး၊ ဇီဝဇိုးအစုံ၊ ခြောက်ဘုံနတ်ရွာ၊ ဆက္ကာမာနှင့်၊ ပြဟ္မာနတ်ရုပ်၊ ဆယ့်ခြောက် ထပ်က၊ စေ့စပ်မကြွင်း၊ ခပင်းများစွာ၊ ရုံအကာနှင့်၊ စကြာခြေမွန်၊ တင့်တယ်ဟန်ကို၊ ထက်စွန်မိုးဖျား၊ သိကြား ပြဟ္မာ၊ တုရေးရှာလည်း၊ ဘယ်ခါအမျှ၊ အတူရလိမ့်၊ အသမအသမာ၊ သုံးလူ့ချာ၏၊ ရတနာထွန်းလင်း၊ အဆင်း သန့်သန့်၊ အတန့်တစ်ထောင်၊ ရွှေရောင်ခြယ်ကာ၊ တစ်ရာ့ရှစ်ကွက်၊ ခြေတော်စက်ကို၊ စုံမက်မြတ်နိုး၊ ရှိလျှင်ခိုးသည်။ ကောင်းကျိုး လျှင်ဆော····ရောက်စေသော်········။

ဗုဒ္ဓဘာသာဝင်တို့ ရှိသေလေးမြတ်ပူဇော်ကန်တော့ကြသည့် တစ်ရာ့ ရှစ်ကွက်သော စက်လက္ခဏာများထဲတွင် တိရစ္ဆာန်ကလေးများနှင့် အဆိုပါ အမှတ်အသားပန်းများ ပါရှိနေပါသည်။ စက်လက္ခဏာ ပြဆိုသည့် တစ်ရာ့ရှစ်ကွက် အကြောင်းကို မဖော်ပြဘဲ၊ သက်ဆိုင်ရာ တိရစ္ဆာန် အမှတ်အသားများကိုသာ မြန်မာ့စွယ်စုံကျမ်းမှအတိုင်း ဖော်ပြမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ စာမရီတက္က | စာမရီသားမြီးယပ် | စာမရီ |
| ၂။ ဒက္ခိဏာဝဋ္ဋသခ် | လက်ယာရစ်ခရုသင်း | ခရု |
| ၃။ သုဝဏ္ဏမဒ္ဒယုဂ | ရွှေငါးကြင်းအစုံ | ငါးကြင်း |
| ၄။ သုဝဏ္ဏရာဇာ | ဂဠုန်မင်း | ဂဠုန် |
| ၅။ သံသုမာရ | မိကျောင်းမင်း | မိကျောင်း |
| ၆။ သီဟရာဇာ | ခြင်္သေ့မင်း | ခြင်္သေ့ |
| ၇။ ဗျဂ္ဃရာဇာ | ကျားမင်း | ကျား |
| ၈။ ဝလာဟကအဿရာဇာ | ဝေလာဟကမြင်းပျံ | မြင်း |
| ၉။ ဥပေါသထဆဒ္ဒန္တနာ ရာဇာ | ဆဒ္ဒန်ဆင်မင်း | ဆင် |
| ၁၀။ ဗာသုကိနာဂရာဇာ | ဗာသုကိနဂါးမင်း | နဂါး |
| ၁၁။ ဟံသရာဇာ | ရွှေဟင်္သာမင်း | ဟင်္သာ |
| ၁၂။ ဥသဘရာဇာ | နွားလားဥသဘမင်း | နွား |
| ၁၃။ ဧရာဝဏ် | ဧရာဝဏ်ဆင် | ဆင် |
| ၁၄။ သုဝဏ္ဏမကာရ | ရွှေမကာန်း | မကာန်းငါး |
| ၁၅။ သာဝစ္ဆကမေနု | နွားမနှင့်သားငယ် | နွား |
| ၁၆။ ကိမ္ပုရိသ | ကိန္နရာဖို | ကိန္နရာ |
| ၁၇။ ကိမ္ပုရိသီ | ကိန္နရီမ | ကိန္နရာ |
| ၁၈။ ကရိဝိက် | ကရဝိက်ငှက်မင်း | ကရဝိက်ငှက် |
| ၁၉။ မယူရရာဇာ | ဥဒေါင်းမင်း | ဥဒေါင်းငှက် |
| ၂၀။ မယူရဟာဇ္ဇ | ဥဒေါင်းသားမြီးယပ် | ဥဒေါင်းငှက် |



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၂၁။ ကောသူရာဇာ | ကြိုးကြာငှက်မင်း | ကြိုးကြာငှက် |
| ၂၂။ စက္ကဝက္ကရာဇာ | စက္ကဝါက်မင်း | စက္ကဝါက်ငှက် |
| ၂၃။ ဓိဝဓိကရာဇာ | ဓိဝဖိုးငှက်မင်း | ဓိဝဖိုးငှက် |

တစ်ရာ့ရှစ်ကွက်ပါတိရစ္ဆာန်ကလေးများ၏ လူ့သဘာဝလောက နှင့် ဆက်စပ်အတ္တယူစရာများကို ရှေ့ခန်းများတွင် ဖော်ပြထားပါသည်။ အချို့သာဖော်ပြနိုင်ပြီး အားလုံးအတွက် အဓိပ္ပာယ်ရှင်းလင်းချက် ရေးသားနိုင်ခြင်းမရှိပါ။

အဆိုပါတိရစ္ဆာန်များအနက် နဂါး၊ ဂဠုန်၊ မကာန်းငါးမျိုးကိန္နရီ၊ ကိန္နရာ၊ ကရဝိက် စသည့်သားငါးကျေးငှက်တို့မှာ ပုံပြင်နှင့် ဇာတ်ပွဲ ထဲတွင်သာ တွေ့မြင်ဖတ်ရှုနိုင်တော့သည်။ မျိုးရိုးဗီဇများ ပျောက်ကွယ် သည့် နည်းတူ၊ သတ္တဝါတို့သံသရာတွင် နစ်မြုပ်သွားလေပြီလားဟု တွေးတောယူဆဖွယ် ဖြစ်နေပါသည်။

သို့ပင်ဆိုစေကာမူ ကျွန်တော်တို့သည် ဗုဒ္ဓဘုရားသခင်၏ စက် လက္ခဏာတော်ကို ဖူးမြင်ကြည်ညိုသဒ္ဓါပွားသည့်အခါ စက်လက္ခဏာ တော်၏ အကြောင်းအခြင်းရာကို သိသကဲ့သို့ လက္ခဏာတော်ကြီး သုံးဆယ့် နှစ်ပါး၊ လက္ခဏာငယ်ရှစ်ဆယ်နှင့်တကွ အံ့ဖွယ် တစ်ဆယ့် နှစ်ဖြာ အစရှိသည့်ဘုရားဂုဏ်တော်တို့ကို ဆက်လက်လေ့လာရန် လိုအပ်ပါသည်။

ဖ ဖ ဖ ဖ ဖ

## မဟာပုရိသ လက္ခဏာတော်

မဟာပုရိသလက္ခဏာဟူသည် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များဖြစ် သည့် စကြဝတေးမင်း ဗုဒ္ဓဘုရားတို့တွင်ရှိသည့် အမှတ်အသား အကြောင်းအရာများဖြစ်ပါသည်။ ရှေ့အခန်းတွင် မြတ်ဗုဒ္ဓ၏ ခြေတော်ရာတွင် ပါဝင်သည့် ၁၀၈ (တစ်ရာ့ရှစ်) ကွက် စက်လက္ခဏာ များကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ယခုအခန်းတွင် မဟာပုရိသလက္ခဏာ တော်ကြီး ၃၂ (သုံးဆယ့် နှစ်ပါး) နှင့် လက္ခဏာတော်ငယ် ၈၀ (ရှစ်ဆယ်) တို့အကြောင်းအရာကို ဖော်ပြလိုပါသည်။

လက္ခဏာဟုခေါ်ဆိုသည့် အဖွင့်ဋီကာကို ပထမကျော်ဦးကြီးဖေ က မြန်မာ့စွယ်စုံကျမ်းတွင် အောက်ပါအတိုင်းဖွင့်ဆိုထားသည်ကို ကောက်နုတ် ဖော်ပြအပ်ပါသည်။ လက္ခဏာဟုခေါ်ဆိုရာ၌လည်း ခန္ဓာကိုယ်တစ်ခုလုံးရှိ အမှတ်အသားတို့ကိုလည်းကောင်း၊ အကြောင်း နိမိတ်တို့ကိုလည်းကောင်း၊ အစိတ်အပိုင်းအင်္ဂါတို့ကိုလည်းကောင်း ခေါ်ဆိုခြင်းဖြစ်သည်။ ထိုအမှတ်အသား အကြောင်းနိမိတ်အင်္ဂါတို့ကို မြင်သည့်အခါ ဘုရား၊ စကြဝတေးမင်း၊ မင်း၊ အမတ်၊ သူဌေး၊ သူကြွယ်၊ သူဆင်းရဲ၊ ပညာရှိ၊ အသက်ရှည်မည်၊ တိုမည်ကို ခန့်မှန်းသိရှိ နားလည်နိုင်သည့်လက္ခဏာဖတ်ပညာရပ်ဖြစ်ပါသည်။ လက္ခဏာ အမှတ်အသားကို ယခုခေတ်ကဲ့သို့ လက်ဖဝါးပြင်လက်နှစ်ဖက် အမှတ် အသားကိုကြည့်၍ ဟောခြင်းမဟုတ်၊ ကိုယ်ခန္ဓာတစ်ခုလုံးကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုစစ်ဆေး၍ ကောင်းကျိုး၊ မကောင်းကျိုးကို ဟောခြင်းဖြစ်ပါသည်။

လက္ခဏာတော်ဟုခေါ်ဆိုခြင်းသည် သက်ရှိသက်မဲ့များအားလုံးနှင့် သက်ဆိုင်သော်လည်း မဟာပုရိသဗုဒ္ဓမြတ်စွာဘုရား၏ လက္ခဏာတော်ကို ရေးသားအပ်ပါသည်။ ထိုသို့ ရေးဖွဲ့ရာတွင် မြန်မာ့ခလေ့ထုံးစံတွင် တိရစ္ဆာန်ကလေးများကို ရည်ညွှန်းသည့် အချက်ကို ပေါ်လွင်အောင် ဖတ်ရှုစေလိုပါသည်။ စာရေးသူ၏ စာအုပ် ရည်ရွယ်ချက်၊ ပြုစုသည့်အကြောင်းအရာနှင့် ဆက်စပ်နေပါသဖြင့် ဖော်ပြရခြင်းဖြစ်ပါသည်။

သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး -

(၁) သုပ္ပတိဋ္ဌိတပါဒ - ရွှေခြေနင်းကဲ့သို့ ညီညွတ်စွာ မြေ၌တည်သော ခြေဖဝါး ရှိခြင်း၊

(၂) စက္ကေနင်္ကိတပါဒ - စကြာရတနာဖြင့် မှတ်သား အပ်သော ခြေဖဝါးရှိခြင်း၊

(၃) အာယတပဏှိ - ရွှေကျင်ဖုကဲ့သို့ရှည်၍ လုံးသော ခြေဖနောင့်ရှိခြင်း၊

(၄) ဒီဃင်္ဂုလိ - ရှည်သောလက်ချောင်း ခြေချောင်းရှိခြင်း၊

(၅) ဗြဟ္မုဇုဂတ္တ - ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ဖြောင့်မတ်သော ကိုယ်ရှိခြင်း၊

(၆) သတ္တုဿဒ - လက်ဖမိုးနှစ်ဖက်၊ ခြေဖမိုးနှစ်ဖက်၊ ပခုံးနှစ်ဖက်၊ လည်ကုပ်၊ ခုနစ်ပါးသော အရပ်တို့၌ (တစ်နည်း) ရင်၊ ညှပ်ရိုး နှစ်ဖက်၊ ပခုံးနှစ်ဖက်၊ လက်နှစ်ဖက်၊ ခုနစ်ပါးသော အရပ်တို့၌ ပြည့်ဖြိုးသော အသား ရှိခြင်း၊



(၇) မုဒုတလုနဟတ္ထပါဒ - နူးညံ့သိမ်မွေ့သောလက်ဖဝါး ခြေဖဝါးရှိခြင်း၊

(၈) ဇာလဟတ္ထပါဒ - တိုရှည် မရှိ၊ ညီညွတ်သော လက်ချောင်း၊ ခြေချောင်းရှိခြင်း၊

(၉) ဥဿင်္ခပါဒ - ခြေဖမိုးထက်၌ တည်၍ မြင့်သော ဖမျက်ရှိခြင်း၊

(၁၀) ဥဒ္ဓဂ္ဂလောမ - လက်ယာရစ်ပတ်လည်၍ အထက်သို့အဖျားကော့တက်သော မွေးညင်းရှိခြင်း၊

(၁၁) ဧဏိဇင်္ဃ - ဧဏီသားကောင်၏ မြင်းခေါင်းကဲ့သို့ ပြည့်ဖြိုးသော မြင်းခေါင်း ရှိခြင်း၊

(၁၂) သုခုမစ္ဆဝိ - အညစ်အကြေးမရှိ၊ နူးညံ့သိမ်မွေ့သောအရေရှိခြင်း၊

(၁၃) သုဝဏ္ဏဝဏ္ဏ - သိင်္ဂီနိက္ခ ရွှေအဆင်းကဲ့သို့အဆင်း ရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၁၄) ကောသောဟိတဝတ္ထ ဂုယှ - ဆဒ္ဒန်ဆင်မင်း၏ အင်္ဂါဇာတ်ကဲ့သို့ အအိမ်ဖြင့် ဖုံးလွှမ်းသောအင်္ဂါဇာတ်ရှိခြင်း၊

(၁၅) နိဂြောဓပရိမဏ္ဍလ - ပြည်ညောင်ပင်၏ အဝန်းကဲ့သို့ အလံနှင့် အရပ်ညီမျှလျက် ဝန်းသော ကိုယ်ရှိခြင်း၊

(၁၆) အနောနာမ ဇဏ္ဏုပရိ မသန - ရပ်လျက် မကိုင်းမညွတ်ဘဲ လက်ဖြင့် ပုဆစ်ဒူးကို သုံးသပ်နိုင်ခြင်း

(၁၇) သီဟပုဗ္ဗဒ္ဓကာယ - ခြင်္သေ့မင်း၏ ရှေ့ထက်ဝက် ကိုယ်ကဲ့သို့ ပြည့်ဖြိုးသော ကိုယ်ရှိခြင်း၊

(၁၈) စိတန္တရံသ - ရေစီးကြောင်းမထင် တစ်ပြင်တည်းပြည့်ဖြိုးသော ကျောရှိခြင်း၊

(၁၉) သမဝဋ္ဋက္ခန္ဓ - မုရိုးစည်းကဲ့သို့ ညီညွတ်စွာလုံးသော ပခုံးလည်ပင်းရှိခြင်း၊

(၂၀) ရသဂ္ဂသဂ္ဂီ - အရသာကို ဆောင်ယူနိုင်သော ကောင်းသော အကြောရှိခြင်း၊

(၂၁) အဘိနီလနေတ္တ - အလွန်ညို (ပြာ) သော မျက်လုံးရှိခြင်း၊



(၂၂) ဂေါပခုမ - ဖွားသစ်စ နွားငယ်ကဲ့သို့ နုပျိုသောမျက်မွေးရှိခြင်း၊

(၂၃) ဥဏှီသ သီသ - နားနှစ်ဖက်အကြား၌ တက်ကြွသော အသားလွှာသင်းကျစ်များဖြင့် ရစ်ပတ်သောဦးခေါင်းရှိခြင်း၊

(၂၄) ဧကေကလောမ - မွေးတွင်းတစ်ခုတစ်ခု၌ တစ်ချောင်းတစ်ချောင်းစီပေါက်သော မွေးညင်းရှိခြင်း၊

(၂၅) ဥဏ္ဏာလောမ - မျက်ခုံးနှစ်ခုအလယ်၌ လက်ယာရစ်လည်လျက် အထက်သို့ အဖျားကော့တက်သော ဥဏ္ဏာလုံးမွေးရှင်ရှိခြင်း၊

(၂၆) စတ္တာလီသဒန္တ - အထက်အောက်နှစ်ဆယ်စီအားဖြင့် သွားလေးဆယ်ရှိခြင်း၊

(၂၇) အဝိရဠဒန္တ - မခေါမကျဲညီညွတ်သော သွားရှိခြင်း၊

(၂၈) ပဟုတဇိဝှ - ရှည်ပြန့်သော လျှာရှိခြင်း၊

(၂၉) ဗြဟ္မဿရ - ဗြဟ္မာမင်း၏ အသံကဲ့သို့ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အသံရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၃၀) သီဟဟနု - ခြင်္သေ့မင်း၏မေးကဲ့သို့ တိဝန်းသော မေးရှိခြင်း၊

(၃၁) သမဒန္တ - ခရုသင်းပွတ်သစ်ကဲ့သို့ ဖြူစင်ညီညွတ်သော သွားတော်ရှိခြင်း၊

(၃၂) သုသုက္ကဒါဠာ - ခရုသင်းပွတ်သစ်ကဲ့သို့ ဖြူစင်သော စွယ်တော်လေးချောင်းရှိခြင်း၊

## ရှစ်ဆယ်သောလက္ခဏာတော်ငယ်

(၁) စိတင်္ဂုလိတာ - စေ့စပ်သောလက်ချောင်းခြေချောင်းရှိခြင်း၊

(၂) အနုပုဗ္ဗင်္ဂုလိတာ - အဖျားငယ်၍ အစဉ်အတိုင်းသွယ်သော လက်ချောင်း ခြေချောင်းရှိခြင်း၊

(၃) ဝဋ္ဋင်္ဂုလိတာ - လုံးသော လက်ချောင်း ခြေချောင်းရှိခြင်း၊

(၄) တမ္ဗနခတာ - နီသော လက်သည်းခြေသည်းရှိခြင်း၊

(၅) တုင်္ဂနခတာ - မြင့်ချွန်သော လက်သည်းခြေသည်းရှိခြင်း၊



(၆) သိနိဒ္ဓနခတာ - သိမ်မွေ့ပြေပြစ်သော လက်သည်း ခြေသည်းရှိခြင်း၊

(၇) နိဂုဋ္ဌဂေါပ္ဖကတာ - မထင်ရှားသော ဖမျက်ရှိခြင်း၊

(၈) သမပါဒတာ - ဆယ်ချောင်းလုံး ညီညွတ်သော ခြေချောင်းရှိခြင်း၊

(၉) ရာဇ သမာနက္ကမတာ - မင်းနှင့်တူသော အသွားရှိခြင်း၊

(၁၀) သီဟသမာနက္ကမတာ - ခြင်္သေ့မင်းနှင့်တူသော အသွားရှိခြင်း၊

(၁၁) ဟံသသမာနက္ကမတာ - ဟင်္သာမင်းနှင့်တူသော အသွားရှိခြင်း၊

(၁၂) ဥသဘသမာနက္ကမတာ - နွားမင်းဥသဘနှင့် တူသော အသွားရှိခြင်း၊

(၁၃) ဒက္ခိဏာဝဋ္ဋဂတိတာ - လက်ယာရစ်လည်သော အသွားရှိခြင်း၊

(၁၄) သမန္တတော စာရုဇဏ္ဏုမဏ္ဍလတာ - ထက်ဝန်းကျင် တင့်တယ်သော ပုဆစ်ဒူးဝန်းရှိခြင်း၊

(၁၅) ပရိပုဏ္ဏ ပုရိသဗျဉ္ဇနတာ - ပြည့်စုံသော ယောက်ျားမြတ်၏ အင်္ဂါဇာတ်ရှိခြင်း၊

(၁၆) အဗ္ဗိဒ္ဓ နာဘိတာ - အရေးအကြောင်းမပေါက်ပြတ်သော ချက်ရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၁၇) ဂမ္ဘီရ နာဘိတာ - တွင်းနက်သော ချက်ရှိခြင်း၊

(၁၈) ဒက္ခိဏာဝဋ္ဋ နာဘိတာ - အရေးအကြောင်းလက်ယာရစ်လည်သော ချက်ရှိခြင်း၊

(၁၉) ဒွိရာဇကရ သဒိသ ဦရု ဘုဇတာ - ပိုးနားသန်ခွေနှင့် တူသော ပေါင်နှစ်ဖက်ထက်ဝယ်ဖွံ့ ခွေခြင်း

(၂၀) သုဝိဘတ္တ ဂတ္တတာ - ကောင်းစွာဝေဖန်အပ်သော ကိုယ်ရှိခြင်း၊

(၂၁) အနုပုဗ္ဗ ဂတ္တတာ - အစဉ်အတိုင်းတက်သော ကိုယ်ရှိခြင်း၊

(၂၂) မဋ္ဌဂတ္တတာ - ပြေပြစ်သောကိုယ်ရှိခြင်း၊

(၂၃) အနုန္နာနုန္နတ သမဂတ္တတာ - မရှိုက်မဖြိုးညီညွတ်သော ကိုယ်ရှိခြင်း၊

(၂၄) အလီန ဂတ္တတာ - မတွန့်မလိပ်သော ကိုယ်ရှိခြင်း၊

(၂၅) တိလကာဒိ ဝိဟရဟိတ ဂတ္တတာ - မှဲ့မည်းသောစသည်မှကင်းသော ကိုယ်ရှိခြင်း၊

(၂၆) အနုပုဗ္ဗရုစိရ ဂတ္တတာ - အစဉ်အတိုင်းဖြိုးပြက်သော ကိုယ်ရှိခြင်း၊

(၂၇) သုဝိသုဒ္ဓ ဂတ္တတာ - အထူးသဖြင့်စင်ကြယ်သော ကိုယ်ရှိခြင်း၊



(၂၈) ကောဋိသဟဿ - ကုဋေတစ်ထောင်သော ကာဠာဝက ဆင်မျိုး၏ အားကို ဆောင်နိုင်သော အားရှိခြင်း၊

(၂၉) သုဝဋ္ဋ တုင်္ဂနာသတာ - ရွှေချွန်းကဲ့သို့ မြင့်ချွန်းသော နှာခေါင်းရှိခြင်း၊

(၃၀) ရတ္တဒွိဇ မုခတာ - နီမြန်းသော နှုတ်ခမ်းရှိခြင်း၊

(၃၁) သုဒ္ဓဒန္တတာ - စင်ကြယ်သော သွားရှိခြင်း၊

(၃၂) သိနိဒ္ဓ ဒန္တတာ - ပြေပြစ်သော သွားရှိခြင်း၊

(၃၃) ဝိသုဒ္ဓိန္ဒြိယတာ - အထူးသဖြင့် စင်ကြယ်သော စက္ခုစသောဣန္ဒြေရှိခြင်း၊

(၃၄) ဝဋ္ဋဒါဌတာ - လုံးသော စွယ်တော်ရှိခြင်း၊

(၃၅) ဝဋ္ဋောဋ္ဌတာ - လုံးသော နှုတ်ခမ်းရှိခြင်း၊

(၃၆) အာယတ ဝဒနတာ - ကျယ်ပြန့်သော နှုတ်ခမ်း ရှိခြင်း၊

(၃၇) ဂမ္ဘီရပါဏိ လေခတာ - နက်သောထင်ရှားသော လက်ကြား အရေးရှိခြင်း၊

(၃၈) အာယတ လေခတာ - ရှည်သော လက်ကြားအရေး ရှိခြင်း၊

(၃၉) ဥဇုက လေခတာ - ဖြောင့်သောလက်ကြား အရေး ရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၄၀) သုရုစိသဏ္ဌာနလေခတာ - ရှုချင့်ဖွယ်သဏ္ဌာန်လက်ကြား အရေးရှိခြင်း၊

(၄၁) ပရိမဏ္ဍလ ကာယပ္ပဘာ ဝန္တတာ - အဝန်းညီသော တစ်လုံးမျှ ကိုယ်ရောင်ရှိခြင်း၊

(၄၂) အရိပုဏ္ဏကပေါလတာ - ပြည့်ဖြိုးသော ပါးရှိခြင်း၊

(၄၃) အာယတ ဝိသာလ နေတ္တတာ - ရှည်ကျယ်သော မျက်ကွင်းရှိခြင်း၊

(၄၄) ပဥ္စပ္ပသာဒဝန္တ နေတ္တတာ - အဆင်းငါးပါးရှိသော ကြည်ညိုဖွယ်သော မျက်စိရှိခြင်း၊

(၄၅) အာကုဉ္စိတဂ္ဂ ဘမုကတာ - ကွေးညွတ်၍တက်သော မျက်မှောင်ရှိခြင်း၊

(၄၆၊၄၇) မုဒုတနုကရတ္တဇိဝှတာ - နူးညံ့ပါးလွှာသော နီမြန်းသော လျှာရှိခြင်း (ဤ၌ မုဒု တနုကဇိဝှတာ - နူးညံ့ပါးလွှာသော လျှာရှိခြင်း၊ ရတ္တ ဇိဝှတာ - နီမြန်းသော လျှာရှိခြင်း နှစ်ပါးခွဲယူလျှင် ကောင်း၏။)



(၄၈၊၄၉) အာယတ ရုစိကဏ္ဏတာ - ရှည်သောနှစ်လိုဖွယ်သော နားရှိခြင်း။ (နှစ်ပါးယူသည်)

(၅၀) နိဂဏ္ဌ သိရတာ - ထွတ်မြင်းမှာ ကင်းသော ခေါင်းရှိခြင်း၊

(၅၁) နိဂုဠ သိရတာ - နိမ့်ရှိုင်းမရှိသော ဦးခေါင်းရှိခြင်း၊

(၅၂) ဝိဋ္ဋိဒ္ဒနိရဝ သိရတာ - အစုတ်အပြတ်မရှိသော ဦးခေါင်းရှိခြင်း၊

(၅၃) အာယတ ပုထုလ နလာ တ သောဘတာ - ရှည်ကျယ်သော နဖူးပြင်၏တင့်တယ်ခြင်း၊

(၅၄) သုသဏ္ဌာန သမုကတာ - ကောင်းသောသဏ္ဌာန်ရှိသော မျက်မှောင်ရှိခြင်း၊

(၅၅) သုသဏ္ဌာန ဟာရ ဘမုကတာ - ကောင်းသော သဏ္ဌာန်ကို ဆောင်သော မျက်မှောင်ရှိခြင်း၊

(၅၆) အနုလောမ ဘမုကတာ - ညွတ်ညွတ်တက်သော မျက် မှောင်ရှိခြင်း၊

(၅၇) သုခုမာလ ဂတ္တတာ - သိမ်မွေ့သော ကိုယ်ရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၅၈) အတိဝိယ သောတာဂတ္တတာ - အလွန်ငြိမ်းချမ်းသော ကောင်းသော ကိုယ်ရှိခြင်း၊

(၅၉) အတိဝိယ ဥဇ္ဇုလိတ ဂတ္တတာ - အလွန်တွန်းပသော ကိုယ်ရှိခြင်း၊

(၆၀) ဝိမလ ဂတ္တတာ - အညစ်အကြေး ကင်းသော ကိုယ်ရှိခြင်း၊

(၆၁) ကောမလ ဂတ္တတာ - နူးညံ့သော ကိုယ်ရှိခြင်း၊

(၆၂) သိနိဒ္ဓ ဂတ္တတာ - သိမ်မွေ့ပြေပြစ်သော ကိုယ်ရှိခြင်း၊

(၆၃) သုဂန္ဓ ဂတ္တတာ - မွှေးကြိုင်သော ကိုယ်ရှိခြင်း၊

(၆၄) သမ လောမတာ - ညီညွတ်သော မွေးညင်းရှိခြင်း၊

(၆၅) ကောမလ လောမတာ - နူးညံ့သော မွေးညင်းရှိခြင်း၊

(၆၆) ဒက္ခိဏာဝဋ္ဋ လောမတာ - လက်ယာရစ်လည်သော မွေး ညင်းရှိခြင်း၊

(၆၇) ဘိန္နကဉ္စန ဂဝသိရိ နီလ လောမတာ - ပေါက်ကွဲသောရွှေတောင်၏ အသရေကဲ့သို့ ဦးခေါင်းတော်၌ ရောက်သော ညိုသော မွေးညင်းရှိခြင်း၊



(၆၈) ဝဋ္ဋက လောမတာ - လုံးသော မွေးညင်းရှိခြင်း၊

(၆၉) သိနိဒ္ဓလောမတာ - သိမ်မွေ့သော မွေးညင်းရှိခြင်း၊

(၇၀) အတိသုခုမ အဿာသ ပဿာသဓာရဏတာ - အလွန်သိမ်မွေ့သောထွက်သက်ဝင်သက်ကို ဆောင်သော ကိုယ်ရှိခြင်း၊

(၇၁) သုဂန္ဓ မုခတာ - အလွန်မွှေးကြိုင်သော ဦးထိပ် ရှိခြင်း၊

(၇၂) သုနီလ ကေသတာ - ကောင်းစွာ မည်းနက်သော ဆံပင်ရှိခြင်း၊

(၇၃) ဒက္ခိဏာဝဋ္ဋ ကေသတာ - လက်ယာရစ်လည်သော ဆံပင်ရှိခြင်း၊

(၇၄) သုသဏ္ဌာန ကေသတာ - ကောင်းသောသဏ္ဌာန်ရှိသော ဆံပင်ရှိခြင်း

(၇၅) သိနိဒ္ဓ ကေသတာ - သိမ်မွေ့သော ဆံပင်ရှိခြင်း၊

(၇၆) သဏ္ဌာန ကေသတာ - ကောင်းစွာတည်သော ဆံပင် ရှိခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၇၇) အံလုလိတ ကေသတာ - မရောယှက်သော ဆံပင်ရှိခြင်း၊

(၇၈) သမကေသတာ - ညီညွတ်သော ဆံပင်ရှိခြင်း၊

(၇၉) ကောမလ ကေသတာ - နူးညံ့သော ဆံပင်ရှိခြင်း၊

(၈၀) ကေတု မာလ ရတန ဝိစိတ္တတာ - ဦးထိပ်တော်၌ အရောင်စုံတူသော ကေတုမာလဖြင့် ဆန်းကြယ်ခြင်း၊

တို့မှာ ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြစ်သည်။

မဟာပုရိသလက္ခဏာတော်များကို ဖွင့်ဆိုနိဿယပြုစုကြရာတွင် ကွဲလွဲမှုများ၊ တစ်ကျမ်းနှင့်တစ်ကျမ်း အဆိုအမိန့်မညီမှုများ ကွဲပြားလျက်ရှိသည်။ ဒီဃနိကာယ်ပါထိကဝဂ်လက္ခဏာသုတ်ကို ပါဠိအဋ္ဌကထာဋီကာ နိဿယ ကျမ်းပြုရန် အခြေခံကြခြင်းဖြစ်သည်။ ဤလက္ခဏာတော်များကို ကျမ်းအဆူဆူနှင့် ညှိနှိုင်း၍ ပြုစုထားသည့် သမန္တစက္ခုဒီပနီကျမ်းကို မူထား၍ ဖော်ပြကြောင်း ပထမကျော် ဦးကြီးဖေက မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားဖော်ပြသည်ကို ရည်ညွှန်း တင်ပြပါသည်။

မဟာပုရိသလက္ခဏာတော်ကြီးငယ်အပါးတို့တွင် ဆင်၊ မြင်း၊ ခြသေ့်၊ ခရုသင်း ပွတ်သစ်၊ ဟင်္သာမင်း၊ နွားလားဥသဘတို့နှင့် ပုံသဏ္ဌာန် နိုင်းနှိုင်းထားသည်ကို လေ့လာသိရှိနိုင်ပါသည်။

ဿ ဿ ဿ ဿ ဿ ဿ

## ပလ္လင်တော်ရှစ်ခန်းဝယ်

တိုင်းပြည်အလိုက်၊ လူမျိုးအလိုက်၊ အမှတ်သညာပြုမင်္ဂလာမည်သော တိရစ္ဆာန်ကလေးများရှိပါသည်။ မြန်မာမှုနယ်ပယ်တွင်လည်း ကုန်း နေ၊ ရေနေ၊ လေနေ တိရစ္ဆာန်ကလေးများကို သူနေရာနှင့်သူ အထိမ်းအမှတ်၊ အမှတ်တရ၊ လာဘ်လာဘဘုန်းတန်ခိုးတက်ကြွစေရန်အတွက် အဆောင်အဖြစ်ထားရှိခြင်း၊ အလေးအမြတ်ပြုခြင်းများဖြင့် အယူအဆရှိကြသည်။

မြန်မာ့လူ့ဘောင်ထုံးတမ်းတွင် တိရစ္ဆာန်လေးအချို့ကို ရတနာစာရင်းတွင် ထည့်သွင်းထားသည်။ ဆင်ရတနာ၊ မြင်းရတနာ စသည်တို့ဖြစ်၏။ အချို့ကို အပူဇော်ခံမည့်နေရာတွင် အထိမ်းအမှတ်ရုပ်တုအဖြစ်ထားရှိသည်။ ဟင်္သာ၊ ခြသေ့် စသည်တို့ဖြစ်၏။ မြန်မာတို့ဘုန်းမီးနေလတောက်ပ၍ ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနှင့် ရွှေဘုံရွှေနန်းတွင် အဆောင်ဆောင်အခန်းခန်း၌ စံမြန်းစဉ်ကာလက နန်းရဲတော်တွင် ဘုရင်မင်းမြတ်ထိုင်တော်မူရာ ပလ္လင်ရှစ်ခန်းရှိပါသည်။

ပလ္လင်ဆိုသည်မှာ မြင့်မြတ်သော ပုဂ္ဂိုလ်တို့ထိုင်ရန် ပြုလုပ်ထားသည့် ခုံမြင့်ဟုဆိုပါသည်။ ဘုရား အမှူးပြုသည့် အရိယာသံဃာတော်တို့ထိုင်လျှင် တရားပလ္လင်၊ ဘုရင်မင်းမြတ်တို့ထိုင်လျှင် ရာဇပလ္လင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာရှေးနန်းရှင်မင်းရာဇာတို့ အခမ်းအနားအသီးသီးတွင် ထားရှိသည့် ရာဇပလ္လင်သည် ရှစ်ခန်း ရှိပါသည်။ ပလ္လင်ရှစ်ခန်းကို ထုဆစ်အသုံးပြုရာတွင် သစ်သားအမျိုးအစား ခွဲခြားထားသကဲ့သို့ ပလ္လင်တော်ကို ခံထားသည့် တိရစ္ဆာန်အမျိုးအစားလည်း ကွဲပြားသည်။ နန်းသုံးပလ္လင်မင်းခမ်းဝင် အနုပညာမြောက်ရတနာများ ဖြစ်သည်။

ပလ္လင်ရှစ်ခန်းအနက် ပလ္လင်တော်ခုနစ်ခန်းတွင် တိရစ္ဆာန်ကလေးများ၏အရုပ်ကို အောက်ကခံထုဆစ်ထားသည်။ ထိုသို့ ထုဆစ်ထားရှိမှုသည် မင်္ဂလာကျက်သရေနှင့် အောင်မြင်မှုအတိတ်နိမိတ်ပုံဆောင်မှုအဖြစ် အယူရှိကြသည်။

ပလ္လင်ရှစ်ခန်းဆိုသည်ကို အောက်ပါအတိုင်း ဖွင့်ဆိုအပ်ပါသည်။

## (၁) သီဟာသနပလ္လင်

ခြင်္သေ့ရုပ်ခံကို ယမနေသားဖြင့် ပြုလုပ်ထားသည်။ နန်းဦးပြာသာဒ်တွင် ထားရှိပါက အပူဇော်ခံကန်တော့ခံသောပလ္လင်ဖြစ်သည်။ လွှတ်တော် (မြေနန်းတော်) တွင်ထားရှိပါက တရားစီရင် ဆုံးဖြတ်ရာပလ္လင်ဖြစ်သည်။ အမျိုးသားပြတိုက်တွင် ပလ္လင် (၉) ခုအဖြစ် ပြထားသည်မှာ အဆိုပါ သီဟာသနပလ္လင် (၂) မျိုးပြထားသည်။

သီဟာသန၏အဓိပ္ပာယ်မှာ သီဟအာသန (သီဟ-ခြင်္သေ့ (ရုပ်ခံသော အာသန-နေရာ) ဖြစ်ပါသည်။

"စောဒေဝကား၊ ရာဇမင်္ဂလာ၊ သီဟာသန၊

နေရာမထက်၊ စံပယ်လျက်လျှင်......." ဟူ၍ သံဝရပျို့တွင်ဖော်ပြထားသည်။



## (၂) သင်္ခါသနပလ္လင်

ခရုသင်းရုပ်ခံကို သရက်သားနှင့်ပြုလုပ်သည်။ ပေါင်းတော်ဆောင်၌ ထားရှိသည်။ မင်းတို့တရားစကားနာရာနှင့် တရားစီရင်ရာတွင် သုံးသည်။ သင်းဟု အဓိပ္ပာယ်ရပါသည်။

"ခရုသင်းရုပ်၊ ထုလုပ်ခံကာ သင်္ခါသန၊ ပလ္လင်လှနှင့်......" ဟူ၍ မဃဒေဝလင်္ကာတွင်ပြဆိုပါသည်။

## (၃) ဟံသာသနပလ္လင်

ဟင်္သာရုပ်ခံကို သင်္ကန်းသားဖြင့်ပြုလုပ်သည်။ ဇေတဝန်ဆောင်တွင် ရတနာသုံးပါးကို ပူဇော်ကန်တော့ရာပလ္လင်ဖြစ်၏။ ဟံသ ဟူသောပါဠိသည် ဟင်္သာဖြစ်ပါသည်။

## (၄) အမရာသနပလ္လင်

ပိတုန်းရုပ်ခံကို ကရဝေးသားဖြင့်ပြုလုပ်သည်။ မှန်နန်းဆောင်၌ထားရှိ၍ ဘုရင်မင်းမြတ်စက်တော်ခေါ်သည်။

## (၅) ဂဇာသနပလ္လင်

ဆင်ရုပ်ခံကို စကားသားဖြင့်ပြုလုပ်သည်။ ဗြဲတိုက်ဆောင်၌ထားရှိသည်။ မင်းချီးမြှောက်၊ နှိမ့်ချသည့်အမိန့်ထုတ်ပြန်ရာတွင် သုံးသည်။ ဂဇာသန (ဂဇ - အာသန) ဂဇ-ဆင်။ အာသန - နေရာ) ဟူ၍ ပြဆိုထားသည်။

"ချီးမြှင့်နှိမ့်ရာတွင် စကားဝါသား၊ ကြွားကြွားတင့်စံ၊ ဆင်ရုပ်ခံလျက်၊ မည်နံသညာ၊ ဂဇာသန၊ ပလ္လင်လှနှင့်၊ နာမသမိုက်၊ ဗြဲတိုက်ဆောင်တော် ......" ဟူ၍ မဃဒေဝလင်္ကာကြီးတွင် ပြဆိုထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



### (၆) ရှုရာသနပလ္လင်

ဥဒေါင်းရုပ်ခံကို ပေါက်သားဖြင့်ပြုလုပ်သည်။

မြောက်စမုတ်ဆောင်၌ထားရှိသည်။ ဆက်သလာသော ဘဏ္ဍာများနှင့် ကန်တော့ပွဲ သိမ်းပိုက်ခံရာတွင် သုံးသည်။

### (၇) မိဂါသနပလ္လင်

သမင်ရုပ်ခံကို ရေသဖန်းသားဖြင့်ပြုလုပ်သည်။ တောင်စမုတ်ဆောင်၌ထား၍ ဆွေးနွေးတိုင်ပင်ရာတွင် သုံးသည်။

"မြားမြောင်ပြည်ရေး၊ ဆွေးနွေးပြုရာ၊ မင်္ဂလာသစ်ဆန်း၊ ရေသဖန်းဖြင့်၊ တင့်ရှန်းခုံပျံ၊ သားရဲခံလျက်၊ ဝင်းလျှံထိန်ဝါ၊ မိဂါသန၊ ပလ္လင်လှနှင့် မည်ရမှန်ဟုတ်၊ တောင်စမုတ်တည့်ဟူ....." မဃဒေဝ လင်္ကာ ဆရာတော်က ပြဆိုထားပါသည်။

"တောင်စမုတ်မှာ၊ မည်ထုတ်သဖန်း၊ လုပ်ဆန်းပလ္လင်၊ သမင်ရုပ်ရှိ၊ မိဂါသန" ဟူ၍ ရာဇဗလကျော်ထင်၏ မုဒ္ဒါဘိသေက မော်ကွန်းတွင် ပြဆိုထားပါသည်။

### (၈) ပဒုမာသနပလ္လင်

ကြာပွင့်ခံကို ပိန္နဲသားဖြင့်ပြုလုပ်သည်၊

အနောက်ပွဲတက်ဆောင်တွင် မိဖုရား၊ မိန်းမများနှင့်ဆိုင်ရာ အပူဇော်ခံပလ္လင်ဖြစ်သည်။

ပလ္လင်တော်ရှစ်ခန်းတွင် မဃဒေဝလင်္ကာသစ်ကျမ်းပြုစုသည့် မန်လည်ဆရာတော်ဘုရားကြီးက သင်္ခါသနကို တောင်ပိန္နဲသားဖြင့် ပြုလုပ်၍ ပဒုမာသနကို သရက်သားဖြင့် ပြုလုပ်သည်ဟု ဆိုပြပါ



သည်။ ပလ္လင်ရှစ်ခန်း ထုလုပ်ရာတွင် မည်သည့်အသားဖြင့် ထုလုပ်သည်ကို ပညာရှင်များ အဆိုအမိန့်ကွဲပြားကြသည်မှာ ဤစာစုတွင် လိုရင်းမဟုတ်သဖြင့် အကျယ် မရှင်းလင်းတော့ပါ။ စာရေးသူ တင်ပြအပ်သည့်အကြောင်းအရာများ၏ ဆိုလိုရင်းနှင့် တိရစ္ဆာန်ကလေးများ၏ ကိုယ်စားပြု၊ အမှတ်လက္ခဏာများကို စာဖတ်သူတို့ ဗဟုသုတ ရရှိစေရန်နှင့် အတုယူဖွယ်စရိုက်လက္ခဏာများ သင်ခန်းစာရရှိရန်တို့ကို ရည်ရွယ်ပါသည်။

မြဝတီမင်းကြီးဦးစ၏ ပလ္လင်တော်ရှစ်ရပ်ဘွဲ့ကြိုးတို့တွင်

ဥကင်ဘုံမြင့်သီတာဗွေ၊ စိန်ကြောင်ရောင်လင်း၊ သစ်မင်း
တည့် ယမနေ။ မှန်ရဝေယံမှာ ကြိုင်သင်းပျံ့မွှေး၊ ဘမရာ
သန၊ တောက်ပဝင်းသဝဏ်ငယ်မှာ၊ မုနောတင့်လွှန်၊
သစ်မွှန်ကရဝေး ငယ်နှင့်လေး။

ဆက်စဥ်မည်ရေးဗြဲတိုက်မှာ၊ ဂဇာငွေသား၊ စကား
သင့်မြတ်စွာ။ တောင်လေသာမှာလေတောင်ပိန္နဲ၊ သင်္ခါငယ်
သိင်္ဂါလှည့် လက်ယာ၊ မြင့်ကြာတူလွှတ်ကဲပါလို့လေး။

မျက်မြှောပုလဲခြယ်စီကာ၊ ဓေတဝန်နှန်း၊ သက်န်းမြတ်ဟံသာ၊
ရွှေမိဂါငယ်လေ၊ မြသဖန်း၊ စမုတ်ကဲယ်ဘုံမော်၊ လက်ယာ
တော်၊ ရှုမျှော်အံ့မခန်းသည်နှင့်လေး။

နောက်ဝေယန်နန်းဇေတဝန်၊ ပဒုံကြာရွက်၊ သရက်မြတ်မွှန်။

မြောက်လေသွန်မှာလေ၊ စမုတ်ဦး။ ပေါက်သစ်ငယ်ရှုံဝါ၊
မယူရာရှစ်ဖြာထိန်ဝင်းမြူးသည်နှင့်လေး။ စံမြန်းမြူးပါလို့၊
ရာကျူးငယ်သက်တော်၊ ရှည်ကျော်ဖြိုးမူလေ၊ ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်နန်း ငယ်နှင့်လေး ခန်းငယ်ဒီပါချုပ်ချာစိုးရလေး။

ဟူ၍ ဖွဲ့ဆိုသီကုံးထားသည်ကို မှတ်သားရပါသည်။

သီဟာသနပလ္လင်တော်ကို ရာဇပလ္လင်တော်အဖြစ် မင်းခမ်းမင်းနားများတွင် အသုံးပြုမှုများသည်။ ရာဇပလ္လင်တော်တို့သည် မြန်မာမှု အနုပညာ လက်ရာများဖြင့် တင့်တယ်လှပလွန်းလှသည်။ အကိုက်အညှောက်၊ ပန်းပြောက် ပန်းခက်၊ ကနုတ်ပန်း စသည်တို့နှင့်တကွ ခြင်္သေ့၊ ဆင်ပျံ၊ လောကနတ်၊ ဒေါင်းမြီးယပ်၊ ဆင်နှား၊ သိကြား၊ ကိန္နရာ၊ ကိန္နရီသမ္မာဒေဝ၊ ခြူး၊ ကြာနှင့် ဦးဆောက်ပန်းဟူ၍ (၁၂) နေရာဌာနများတွင် ထုလုပ် တပ်ဆင်ထားရှိပါသည်။

ရှေးနန်းရှင်တို့၏ ရာဇပလ္လင်တော်များသည် ကျက်သရေမင်္ဂလာ အဖြာဖြာနှင့်ပြည့်စုံသည်။ မြင်ရသူအပေါင်း၊ ဇာတိသွေးဇာတိမာန်များ တက်ကြွစေသည်၊ အမျိုးချစ်စိတ်ဓာတ်ကို မွေးဖွားပေးနိုင်သည်။ အမျိုးဂုဏ် ဇာတိဂုဏ်ကို စောင့်ရှောက်ထိန်းသိမ်းကာကွယ်လိုသည့် စိတ်ဓာတ်များ ပေါ်ပေါက်စေပါသည်။

ဘိုးတော်မင်းတရားလက်ထက် (ခရစ်နှစ်-၁၇၈၂-၁၈၁၉) မှ သည် ဘကြီးတော်၊ သာယာဝတီ၊ ပုဂံမင်း၊ မင်းတုန်းမင်း၊ သီပေါမင်း (ခရစ်နှစ်-၁၈၈၅) ခုနှစ်တိုင်အောင် အသုံးပြုခဲ့သည့် သီဟာသနပလ္လင်တော်ကြီးကို အမျိုးသားပြတိုက်ကြီးအတွင်းဝယ် တင့်တယ်ခမ်းနားစွာ ပြသထားပါသည်။

သီဟာသနပလ္လင်သည် နှစ်ပေါင်း (၂၂၀) ကျော်ခဲ့ပြီဖြစ်လင့်ကစား ယနေ့အထိ၊ မြန်မာဘုရင်တို့၏ ပလ္လင်တော်လောက် ကြီးကျယ်ခမ်းနားသည့် ပလ္လင်တော်မျိုး ကမ္ဘာ့သမိုင်းတွင် မရှိသေးပေ။

# ငြိမ်းချမ်းရေးစေတမန် လောကနတ်အသံ

အဋ္ဌကထာ၊ ဋီကာကျမ်းဂန်များတွင် လောကနတ်အကြောင်း ပါရှိသည်။ လောကကို စောင့်ရှောက်သဖြင့် လောကဗျူဟာနတ်ဟူ၍လည်းကောင်း ကာမာဝစရနတ်ဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။

လောကနတ်ဆိုလျှင် ဗုဒ္ဓဘာသာဝင်တိုင်း လူကြီးလူငယ်မရွေး သိကြသည်။ လောကနတ်၏ ခြေဖြင့်စည်းစုပ်တီးလျက်နှင့် ကနေဟန်၊ ဆင်ပျံ၏ဦးကင်းအား ခြင်္သေ့မင်းကနင်းလျက် နှာမောင်းကို စုပ်ယာန်အရုပ် ဖြစ်သည်။

လောကနတ်သည် ငြိမ်းချမ်းရေးစေတမန်ဖြစ်သည်။ လောကကို စောင့်ရှောက်သည်။ ကမ္ဘာလောက ပျက်သုဉ်းတော့မည်ဆိုလျှင် အနှစ် တစ်သိန်းက ကြိုတင်၍ ကမ္ဘာသူကမ္ဘာသားတို့အား အသိပေး ကြွေးကြော်လေ့ရှိပါသည်။

လောကနတ်သည် စည်းစုပ်ကိုကိုင်၍ လောကကိုစောင့်ရှောက်ရန် လှည့်လည်နေတတ်သည်။ တစ်ရံရောအခါ လောကနတ်သည် စည်း စုပ်ကိုင်၍ လှည့်လည်လာစဉ်၊ ခြင်္သေ့မင်းနှင့် ဆင်ပျံမင်းတို့သည် အစာ ဖြစ်သောတိမ်ညွန့်ကြောင့် ခိုက်ရန်ဖြစ်ပွားနေသည်နှင့်ကြုံသည်။

ခြင်္သေ့မင်းက ဆင်မင်း၏ဦးကင်းကိုနင်းကာ နှာမောင်းကိုစုပ်သည်။ ဆင်မင်းကလည်း အစွယ်ဖြင့်ပြန်ထိုးရန် အားထုတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးစလုံးသည် မည်သူ၏အဆုံးအမကိုမှ မနာယူဘဲ၊ ပြင်းပြင်းထန်ထန်တိုက်ခိုက်နေကြသည်။ မာန်စောင်တိုက်ခိုက်နေသည်ကို လောကနတ်နှင့် ပက်ပင်းဆုံသည်။

ရန်ဘက်နှစ်ဦးတို့၏ရန်ပွဲ ကြီးကျယ်လာပါက ကမ္ဘာမြေပြင်သည် မီးလောင်ပြင်ဖြစ်၍ ကျန်ရစ်မည်ကို လောကနတ်သိသည်။ ရန်ဘက်နှစ်ဦး၏ ရန်မီးကို ငြိမ်းသတ်ရန်အတွက် လောကနတ်သည် စည်းစုပ်ကို ခြေဖြင့် တီးလျက် ငြိမ်းချမ်းရေးသီချင်းကို သာယာရှင်မြူးသောအသံနှင့် သီဆိုပြီး ကခုန်ပြသလေသည်။

ထိုအခါ ရန်ဘက်နှစ်ဦးစလုံးသည် လောကနတ်၏သာယာသော ဂီတနှင့်နှစ်လိုဖွယ်ကောင်းသောအကကို ကြားသိမြင်တွေ့ကြရ၍ စိတ်နှလုံး ပျော့ပျောင်းလာကာ ဒေါသအရှိန်ပြေ၍ ရန်မီးငြိမ်းလေသည်။

လောကနတ်၏စွမ်းဆောင်ချက်ဖြင့် ရန်မီးငြိမ်းအေးရသော အတိတ်နိမိတ်တို့ကို ထောက်ပြီး ရေမြေ့သနင်းပြည့်ရှင်မင်းတို့သည် ပလ္လင်တော် ရှစ်ခန်းတွင် သီဟာသနပလ္လင်ဥကင်ဝဲယာ၌ လောကနတ်၏ ခြေတွင်စည်း စုပ်တီး၍ ကနေဟန်နှင့် ဆင်ပျံ၏ ဦးကင်းအား ခြင်္သေ့မင်းက နှာမောင်းကို စုပ်ယူဟန်၊ ခြင်္သေ့မင်းအား ဆင်ပျံက အစွယ်ဖြင့်ထိုးရန်ကြိုးပမ်းနေဟန် ရုပ်တုများကို ထည့်သွင်းထုလုပ်ထားသည်။

ရွှေနန်းရင်ပြင်ထက်က ရာဇပလ္လင်တွင် ထုဆစ်ခြင်းမှ လောကနတ်သည် ပြည်သူတို့အကြား ဆင်းသက်လာရသည်။ ပြည်သူပြည်သားတို့ သည် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လိုကြသည်။ တစ်ဦးနှင့် တစ်ဦး အမျက်မပွားဘဲ ချစ်ချစ်ခင်ခင်နေလိုကြသည်။ ငြိမ်းချမ်းရေး၏ ဝိမုတ္တိ ရသကို ခံစားလိုကြသည်။ ထို့ကြောင့် လောကကို အလှဆင်သူ၊ လောကကို ငြိမ်းအေးစေလိုသူ၊ လောကပါလတရားများကို စောင့်ရှောက်ရန်၊ သာသနာတော်ကို ကိုးကွယ်ဆည်းကပ်ရန် ကမ္ဘာပထဝီမြေပြင်အလုံး လှည့်လည် ဆော်ဩနေသည့် လောကနတ်ရုပ်ကိုလည်း ပြည်သူတို့ထုလုပ်ပြီး အိမ်ဦးခန်းတွင် နေရာပေးလာကြခြင်း ဖြစ်သည်။



လောကနတ်၏သီဆိုဟန်၊ ကပြဟန်တို့ကို ဇာတ်သဘင်ပညာသည်တို့က ဇာတ်ခုံပေါ်မှကပြသည့်အခါ ရှေ့ပွဲလာတို့က နှစ်ခြိုက်ကြသည်။ ဇာတ်သမား၏မှတ်သားစရာကို မိမိအိမ်အထိ သယ်ဆောင်လာကြသည်။ လောကကို ငြိမ်းအေးစေသူ၊ လူအချင်းချင်း ခိုက်ရန်ဖြစ်ပွားနေခြင်းကို ပြေငြိမ်းရန် လုပ်ဆောင်ပေးလိုသည့် ကောင်းမြတ်သည့် စိတ်ထားများ ပေါ်ပေါက်လာစေသည်။

×× ×× ×× ×× ××

www.burmeseclassic.com

www.burmeseclassic.com

# တံခွန်တိုင်ထိပ်များက ရွှေဟင်္သာ

ကျောင်းနေစအရွယ်သားသမီးတို့သည် အရာရာကို စူးစမ်းတတ်ကြသည်။ မေးမြန်းတတ်ကြသည်။ ပထမတန်း၊ ဒုတိယတန်းအရွယ် အသက်ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်တို့တွင် မိဘက မေးသမျှဖြေကြားရန်သာ ဖြစ်သည်။ ကိုးနှစ်၊ ဆယ်နှစ်အရွယ် မူလတန်းနှင့်ဆယ်ကျော်သက်ရွယ် အလယ်တန်းကလေးများသည် မိဘနည်းတူဆရာများက ပြောပြသည်ကို မှတ်သားရန်ဖြစ်၏။ အထက်တန်းပညာသင်ယူကြသည့် လူငယ်မောင်မယ်များကမူ ဗဟုသုတစာပေကို ရှာဖွေဖတ်ရှုကြရန်ဖြစ်သည်။

အဘိုးအဘွား၊ မိဘမောင်ဖွားများလက်ကိုဆွဲလျက်၊ ကလေးတို့ ဘုရားကျောင်းကန်များကို ရောက်ဖူးကြလိမ့်မည်။ ဘုရား ရင်ပြင်တော်၊ ဘုရားပရိဝုဏ်အတွင်း စေတီတော်၏ထောင့်လေးထောင့်၌ တံခွန်တိုင်လေးဆူကို ဖူးတွေ့ကြရသည်။ အချို့ဘုရားစေတီတွင် တံခွန်တိုင်တစ်ဆူသာရှိသည်။ တံခွန်များတွဲလျားကျနေသည့် တံခွန်တိုင်လေးဆူ၏ တိုင်လုံးကား ထူးခြားမှု မရှိပါ။ တိုင်အဖျားတွင် ထူးခြားသည့် အရုပ်များ၊ တံခွန်တိုင်ထိပ်မှ စေတီငယ်နှင့် သိကြားရုပ်များအကြောင်းကို မပြောဘဲ ဟင်္သာရုပ် ဘာကြောင့်ထားရသနည်း ဆိုသည့်မေးခွန်းကို ဖြေကြားလိုပါသည်။



## မြန်မာ့ခလေ့ထုံးတမ်းစဉ်လာနှင့် ဟင်္သာအသုံး

မြန်မာမှုနယ်ပယ်တွင် ရှေးနှစ်ပေါင်းများစွာကပင် တည်ရှိခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူမျိုးတိုင်း၌ အမြတ်တနိုးထားကြသည့် သတ္တဝါ၊ ငှက်များရှိကြသည်။ လင်းယုန်၊ ခို၊ မြွေ၊ နွား၊ ခြင်္သေ့၊ ဥဒေါင်း၊ ကြိုးကြာ၊ နဂါး စသည်တို့ဖြစ်သည်။ မြန်မာမင်းအဆက်ဆက်၏တံခွန်အလံကို တိတိ ပပ မသိရသော်လည်း ကုန်းဘောင်ခေတ်တွင်ဒေါင်းအလံကို အသုံးပြုခဲ့သည်။ သို့သော်လည်း မြန်မာမှုနယ်ပယ်တွင် ခြင်္သေ့၊ ဟင်္သာတို့ကို တန်ဖိုးထား နေရာပေးခဲ့သည်။ ဟင်္သာသည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ရှိနေခဲ့သည်။ ရှည်လျားသည့် မြန်မာ့သမိုင်းစဉ်တွင် မြန်မာနှင့် ဟင်္သာသည် ခွဲခြားမရစကောင်းပေ။ သက်ရှိဟင်္သာကိုလည်းကောင်း၊ သက်မဲ့ဟင်္သာရုပ်တုကိုလည်းကောင်း မြန်မာတို့ ချစ်မြတ်နိုးကြသည်။ မြန်မာ့လူနေမှုဘဝတွင် ဟင်္သာသည် စိမ့်ဝင်နေပြီဖြစ်သည်။

မြန်မာ့မြေတွင် ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ချင်းတွင်း စသည့် မြစ်ကြီးများအပြင် ချောင်းမြောင်းကန်တို့တွင်လည်း ဟင်္သာငှက်တို့ရှိကြသည်။ မြန်မာမှုအနုလက်ရာ ရွှေဟင်္သာတို့သည်လည်း နေရာအနှံ့ရှိကြသည်။ ဘုရားခန်း၊ အိမ်ဦးခန်းမှ မီးဖိုခန်းအထိ တင့်တယ်စွာရှိနေသည်။

မြန်မာမှုတွင် ဟင်္သာရုပ်တုကို

(၁) စေတီတော်ထိပ်ဖျား ငှက်မြတ်နား

(၂) တံခွန်တိုင်ထိပ်ဖျား ငှက်မြတ်နား

(၃) မင်းခမ်းမင်းနား၌ပါဝင်သည့် သီဟာသနပလ္လင်

(၄) ဟင်္သာဖောင်တော်

(၅) ဦးခေါင်းတန်ဆာစည်းပုံ

www.burmeseclassic.com

www.burmeseclassic.com



(၆) ဟင်္သာအုပ် (ရွှေငွေကွမ်းအစ် စသည့်)

(၇) ဟင်္သာအလေး (ရွှေ၊ ငွေ စသည့်)

(၈) သူရဿတီဟင်္သာရုပ်

(၉) တံဆိပ်ခေါင်းဟင်္သာရုပ်

(၁၀) အုပ်၊ အစ်၊ ကလပ်ဟင်္သာပုံ

(၁၁) ဟင်္သာခြေနင်း

စသည်ဖြင့် အဆောက်အအုံများ၊ အသုံးအဆောင်များတွင် အလှ ဖော်ထားသည့် ဟင်္သာရုပ်များမှာ မရေတွက်နိုင်အောင် များလှသည်။

မြန်မာ့ယဉ်ကျေးမှုနယ်တွင် ဟင်္သာရုပ်ကို မြန်မာ့အနုလက်ရာ ပန်းဆယ်မျိုးဖြင့် ပြုလုပ်ထားနိုင်သည်ကို တွေ့ရသည်။

(က) ပန်းပဲအတတ်ဖြင့် ပြုအပ်သော သံထည်ဟင်္သာရုပ်

(ခ) ပန်းထိမ်အတတ်ဖြင့် ပြုအပ်သော ရွှေထည်၊ ငွေထည် ဟင်္သာရုပ်

(ဂ) ပန်းတဉ်းအတတ်ဖြင့် သွန်းခတ်သောကြေးထည်စသည့် သတ္တုပြဟင်္သာရုပ်

(ဃ) ပန်းတမော့အတတ်ဖြင့် ထုဆစ်သော ကျောက်သား ဟင်္သာရုပ်

(င) ပန်းပုအတတ်ဖြင့် ထုဆစ်သော သစ်သားဟင်္သာရုပ်

(စ) ပန်းရန်အတတ်ဖြင့် ထုဆစ်အပ်သော ဟင်္သာရုပ်

(ဆ) ပန်းတော့အတတ်ဖြင့် အင်္ဂတေကို ပုံဖော်သော ဟင်္သာရုပ်

(ဇ) ပန်းချီအတတ်ဖြင့် ရေးခြယ်သော ဟင်္သာရုပ်



(ဈ) ပန်းရွဲအတတ်ဖြင့် သွေးအပ်သော ဟင်္သာရုပ်

(ည) ပန်းယွန်းအတတ်ဖြင့် ပြုလုပ်သောယွန်းထည်ဟင်္သာရုပ်

မြန်မာ့ရိုးရာ ပန်းဆယ်မျိုးမှာ အင်းဝကုန်းဘောင်ခေတ်တွင် လုပ်ငန်းသစ်များ တိုးလာသည်။ ဦးကုလားမဟာရာဇဝင်ကြီး၌ ပန်းရွဲ (ပန်းသေး) နှင့် ပန်းတယား ဟူ၍ ထပ်ဆင့်ဖော်ပြထားသည်။

## ရွှေတံခွန်

တံခွန်တိုင်ကို ဘုရားကျောင်းကန်ပရဝဏ်အတွင်း၌ စိုက်ထူကြကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ တံခွန်တိုင်သည် ရာဇဂြိုဟ်သူဌေး၏ စန္ဒကူးသပိတ်ကို အရှင်ပိဏ္ဍောလမထေရ် ကောင်းကင်ခရီးဖြင့် ကြွယူခြင်းကို အစွဲပြုဖြစ်ပေါ်လာသည်ဟု အဆိုအမိန့်ရှိပါသည်။

ထို့ကြောင့် တံခွန်တိုင်ထိပ်များတွင် ထီးအုပ်လျက် ရဟန္တာ တစ်ပါး၊ သပိတ်ယူဟန်ကို တွေ့နိုင်သည်။ ထို့ပြင် သိကြား၊ ကိန္နရာ၊ ဥဒေါင်း၊ ပြာသာဒ်၊ စေတီ၊ ဟင်္သာရုပ်ပုံများ တွေ့ရပါသည်။ ဟင်္သာများကို အများဆုံးတွေ့ရသည့်တိုင်ထိပ်ထက်တွင် ဟင်္သာ သက်သက်ကိုလည်းကောင်း၊ ဟင်္သာထက်မှာ ထီးမိုး၍လည်းကောင်း တွေ့ရသည်။ တံခွန်တိုင်လုံးကို နဂါးပတ်ရုပ်တု ထည့်သွင်းထားခြင်းမှာ အချို့နေရာများတွင် တွေ့နိုင်သည်။ အနည်းငယ်မျှသာဖြစ်သည်။

## ရွှေဟင်္သာ

တံခွန်တိုင်ထိပ်များတွင် ထားရှိသည့် ရွှေဟင်္သာရုပ်မှာ အတောင်ဖြန့်၍ ပျံနေဟန်များပါသည်။ အနောက်ဘက်သို့ မျက်နှာမူနေသည့်ပုံက များသည်။ အဘယ့်ကြောင့် တံခွန်တိုင်ထိပ်တွင် ဟင်္သာကို ထားပါသနည်း။ အတောင်ဖြန့်လျက် ပျံဝဲနေသည့်ပုံ၊ အနောက်ရပ်သို့ မျက်နှာမူနေရခြင်း စသည့်အကြောင်းအရာများကို လူငယ်မောင်မယ်တို့ သိရှိရန် လိုအပ်မည် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားအလောင်းသည် ဇဝနဟင်္သာမျိုးဖြစ်ခဲ့သည်။ ဟင်္သာကိုးသောင်းခြံရံ၍ စိတ္တကူဋ်တောင်၌ နေသည်။ ဗာရာဏသီမင်းကြီးနှင့် ဇဝနရွှေဟင်္သာမင်းမှာ အဆွေခင်ပွန်းဖြစ်၏။

ဘုရားလောင်းဟင်္သာမင်းတွင် ညီငယ်ဟင်္သာ နှစ်ကောင်ရှိသည်။ တစ်နေ့တွင် ညီငယ်များက နေမင်းနှင့်အပြိုင် ပျံသန်းရန်ခွင့်တောင်းလာသည်။ ဟင်္သာမင်းက ခွင့်မပြုချေ။ အခွင့်မရလျှင် နေမထွက်ခင် ယုဂန္ဓိရိ တောင်ထိပ်သို့လာပြီး နေဝန်းကြီး ထွက်ပေါ်လာချိန် အပြိုင်ပျံကြသည်။ ဟင်္သာမင်းသည် နေနှင့်ပြိုင်လျှင် ညီ၏အတောင်တို့ပျက်စီးမည်ကို သိ၍ ကယ်တင်ရန် အသင့်စောင့်နေသည်။ နေမင်းနှင့်အပြိုင်ပျံသန်းစဉ် ညီတော် ဟင်္သာတို့၏ အတောင်ကြားမှ မီးသကဲ့သို့ ရှိသည်။ မွန်းလတ်တွင် ညီငယ်ကိုလည်း၊ မွန်းတည့်တွင် ညီလတ်ကိုလည်းကောင်း၊ အတောင်ချိုင့် ဖြင့်ပိုက်၍ ကယ်တင်ပြီး စိတ္တကူဋ်တောင်သို့ ပြန်ပို့လိုက်သည်။ ထို့နောက် နေမင်းနှင့် ပြိုင်၍ မိမိ၏အားကိုစမ်းရန် ပျံသန်းကြည့်သည်။ နေမင်းကို လွန်တံ့ကျန်တံ့ ဖြစ်၍ ပျံသန်းရင်းမှ အကျိုးမရှိဟု ဆင်ခြင်ပြီး ဗာရာဏသီ နန်းရင်ပြင်သို့ တက်သည်။

ဗာရာဏသီပြည်ကောင်းကင်ထက်ဝယ် မိုးလုံးပြည့် ဟင်္သာဖြင့်ဖုံးသကဲ့သို့ ပျံသန်းရာ ပြည်သူတို့ အုန်းအုန်းကျွက်ကျွက်ရှိကြသည်။ မင်းကြီးက အကြောင်းစုံကို မေးရာ နေမင်းနှင့် အပြိုင်ပျံသန်းခဲ့ခြင်းကို ပြောပြသည်။ မင်းကြီးအား ဟင်္သာမင်းက ပျံသန်းသည့်အရှိန်အဟုန်ကိုသာ ဥပမာပြနိုင် မည်ဟုဆိုလျက် လေးသမားလေးဦးကို ခေါ်၍ ကျောက်တိုင် ခြေရင်းတွင် ရပ်စေသည်။ လေးသမားတို့အား အရပ်လေးမျက်နှာသို့ တစ်ပြိုင်တည်း မြားပစ်လွှတ်စေသည်။ ဟင်္သာ



ခင်းသည့် မြားလေးစင်း မြေမကျမီ အဟုန်ဖြင့်ပျံသန်း၍ မြားကိုခမ်းယူကာ လေးသမားတို့ခြေရင်း၌ ထားလိုက်သည်။ ပျံသန်းသည့်ဟင်္သာကို မမြင်ရ၊ ချည်ကိုသာ ကြားရ၏။ ကျောက်တိုင်ထိပ်၌ ရပ်နားမြဲရပ်နားနေသည်ဟု ထင်ရပါသည်။

မင်းကြီးသည် ဟင်္သာမင်း၏ပျံသန်းသော အရှိန်ကို ချီးမွမ်း၍ အဆွေ-ဟင်္သာမင်း၊ သင်၏ လျင်မြန်ခြင်းအဟုန်ထက်သာလွန်၍ မြန်သော အဟုန်ရှိပါဦးမည်လောဟုမေးရာ ဟင်္သာမင်းက ရှိပါသည်။ သတ္တဝါတို့အတွက် သေခြင်းတရားသည် ကျွန်ုပ်အဟုန်ထက် အဆရာဆောင်မက မြန်ပါသည်ဟု ဖြေကြားသည်။ မင်းကြီးသည် ထိတ်လန့်၍ မိန်းမောသွားခဲ့သည်။ ဟင်္သာမင်းက ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်မှု၊ မင်းကျင့်တရားများကျင့်ရန်၊ ကုသိုလ်ကောင်းမှု ဒါနပြုရန်တို့ကို ဟောကြားပြီး စိတ်သက်သာရာရစေ၏။

နှောင်းလူတို့သည် ဘုရားအလောင်းဇဝနဟင်္သာမင်း၏ သေခြင်းတရား၏ လျင်မြန်မှုကို ပုံခိုင်းဆုံးမဟောကြားသည်ကို သတိမူ ခံမှုသောငှာ၊ ဘုရားခြေတော်ရင်းဝယ် တံခွန်တိုင်ကို စိုက်ထူ၍ ဟင်္သာရုပ်ကို တင်ထားသည်ဟု အဆိုရှိပါသည်။

ဟင်္သာမင်း၊ နေမင်းနှင့်အပြိုင်ပျံသန်းသည်ကို အစွဲပြု၍ အတောင်ဖြန့်ပျံသန်းနေသည့်ဟန်၊ နေထွက်ရာအရှေ့မှ အနောက်နေဝင်ရာသို့ ပျံသန်းရခြင်းကြောင့် အနောက်ဘက်ကို မျက်နှာမူနေဟန်များ ထုဆစ်ထားခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဝပ်တွားကော်ရော် ဆင်ဖြူတော်

ကမ္ဘာပေါ်တွင် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်ကား တစ်မူထူးခြားသည့် ကိုယ်ပိုင်ဟန်များရှိသည်။ မြန်မာ့ရေမြေတောတောင်တွင် သဘာဝပေါက်ပင်များအနက် အချို့သည် မြန်မာမှုနယ်ပယ်တွင် ကျက်သရေမင်္ဂလာရှိအပ်သော သစ်ပင်အဖြစ်နေရာယူထားသည်။ ထိုနည်းအတူ တိရစ္ဆာန်ပင်ဖြစ်လင့်ကစား ကိုယ်ပိုင်အရည်အသွေးရှိလျက် မြန်မာဗုဒ္ဓ ပုံရိပ်အနွယ်ကြောင့် တလေးတစား အမြတ်တနိုးထားကာ အဆုံးအမ သာဓကယူဖွယ်ရာ စံထားသည်လည်း ရှိပါသည်။

ဥပမာအားဖြင့် ဇဝနဟင်္သာမင်း၊ ကေဒါရကျေးမင်း၊ မုစလိန္ဒာနဂါးမင်း၊ သီဟဗာဟုမင်းသား၏ ခမည်းတော်ခြင်္သေ့မင်း၊ ယုန်မင်းစသည်တို့သည် စံပြမှတ်သားရမည့်တိရစ္ဆာန် အထိမ်းအမှတ်ဖြစ်ပါ၏။ ထိုနည်းတူစွာ ဆင် (ဝါ) ဆင်ဖြူတော်သည်လည်း မြန်မာတို့၏ အလေးအမြတ်ပြု မင်္ဂလာကောင်းချီးပေးနိုင်သည့် ရတနာအစုတွင် ပါဝင်သည်ဟု ဆိုထုံး ပြုထားပါသည်။ ဆင် (ဆင်ဖြူတော်) ကြောင့် မြန်မာတို့၏ယဉ်ကျေးမှု၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ သမိုင်းကြောင်းပြောင်းလဲမှုကို မည်သည့် အတိုင်းအတာတစ်ခုအထိ ရှိခဲ့သည်ဟု တပ်အပ်သေချာစွာ မပြောနိုင်သော်လည်း လူမှုအဖွဲ့အစည်းတွင်



ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယုံကြည်မှုများစွာတွင် ဆင်သည် ပတ်သက်ခဲ့ရကြောင်း မြန်မာ့သမိုင်းပေါ်တွန်းခဲ့ရသည့် ပုဂံ၊ အင်းဝ၊ ဟံသာဝတီ၊ ညောင်ရမ်း၊ ကုန်းဘောင်၊ မင်းနေပြည်တော်ရွှေနန်းရှင်တို့ ကာလမှသည် ယနေ့ခေတ်အခါကာလအထိ ဆင်ဖြူတော်ပိုင်ဆိုင်မှု၊ ကိုးကွယ်မှုပုံရိပ်က ဘုန်းတန်ခိုးအာဏာများနှင့် ဆက်စပ်နေဆဲဖြစ်ပါသည်။

ဆင်ဖြူတော်ဆိုင်ရာယုံကြည်မှုသည် ဗုဒ္ဓပုံရိပ်နှင့်အတူ မြန်မာတို့၏ မိရိုးဖလာယဉ်ကျေးမှု ဖြစ်လာခဲ့ပါသည်။ ဗုဒ္ဓမြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မယ်တော်မာယာဝမ်းကြာတိုက်၌ ဆင်ဖြူတော်ဝင်သည်ဟူသော အိပ်မက်ဖြင့် ပဋိသန္ဓေယူခဲ့သည်ကို အကြောင်းပြု၍ ဆင်ဖြူတော်ကို ဗောဓိသတ္တ (ဘုရားအလောင်း) အဖြစ် လက်ခံယုံကြည်ခဲ့ကြသည်။ ဗုဒ္ဓ၏ဘဝဖြစ်စဉ် ဇာတ်တော်လာ ပါရမီဖြည့်ဖက်ဘဝများတွင် ဆင်ဖြူတော်ဘဝကို တွေ့ရှိခဲ့ရ၍ ဆင်ဖြူတော်ကို အလေးအနက် ပြုကြခြင်းဖြစ်သည်။

ဗုဒ္ဓသာသနာ သုဝဏ္ဏဘုံမိ၊ သရေခေတ္တရာနှင့် ပုဂံသို့ရောက်စဉ်အခါက မြန်မာတို့သည် သာသနာတော်အား ယုံကြည်ကိုးကွယ်မှုနှင့်အတူ ဆင်ဖြူတော်ယုံကြည်ကိုးကွယ်မှုကို လက်ခံခဲ့ကြပါသည်။ ဆင်ဖြူတော်ကို ကိုးစားယုံကြည်မှုသည် ရှေးမွန်မဆွ၊ မြန်မာတို့၏ အစွဲအလမ်းဖြစ်သည်။ ဆင်ဖြူတော်ကို ပိုင်သသောမင်းသည် ဘုန်းသမ္ဘာကြောင့်လည်းကောင်း၊ နတ်သိကြားတို့ ဆက်သလေ့ဟန်ဖြင့်သည်းကောင်း၊ မင်း၏တန်ခိုးကြီးမားပုံကို ချဲ့ထွင်ကြသည်။ စကြဝတေးခင်းသည် ဆင်ဖြူတော်ကို ပိုင်ဆိုင်ခြင်းဖြစ်ရကား မြန်မာမင်းများသည် ဆင်ဖြူတော် ပိုင်ဆိုင်ရခြင်းကို စကြဝတေးမင်းနှင့် နှိုင်းကာ

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ယူကြသည်။ သာမန်ပြည်သူများပင် ဆင်ဖြူတော်အကြောင်း အိပ်မက်မက်ပါက လာဘ်ရွှင်လန်း၍ ကောင်းမြတ် သည့်အကျိုးထူး ရလိမ့်မည်ဟု ယနေ့တိုင် ယုံကြည်လက်ခံနေဆဲ ဖြစ်ပါသည်။

မြန်မာ့စာပေတွင် ဆင်နှင့်ပတ်သက်၍ ရေးသားဖွဲ့ဆိုမှုများကို မြန်မာတို့သည် နှစ်နှစ်ခြိုက်ခြိုက်ဖတ်ရှုကြပြီး မင်းနှင့်တကွ ပြည်သူတို့ သည် ဆင်တော်မော်ကွန်းဘွဲ့များ၊ ပို့များ၊ တျာချင်းများ၊ ကြိုးသီချင်း နှင့် ဝတ္ထုဇာတ်လမ်းများကို နှစ်ခြိုက်ကြသည်။

ငါးရာ့ငါးဆယ်ဇာတ်တော်လာ ဘုရားအလောင်း၏ ဆင်ဘဝ ဖြစ်တွေ (၇) ဘဝရှိသည်ဟု ပြဆိုသည်။

| | | |
|---|---|---|
| (၁) | ဧကနိပါတ် | သီလဝါနာဂရာဇဇာတ် |
| (၂) | ဒုကနိပါတ် | ဒုမ္မေဓဇာတ် |
| (၃) | ဒုကနိပါတ် | ကသာဝဇာတ် |
| (၄) | တိကနိပါတ်ဇာတ် | ကုဋိဒူသကဇာတ် |
| (၅) | တိကနိပါတ်ဇာတ် | လဋုကိကဇာတ် |
| (၆) | ပဥ္စကနိပါတ် | မာတုပေါသကဇာတ် |
| (၇) | ဧကာဒသနိပါတ် | မာတုပေါသကဇာတ် |
| (၈) | တိံသနိပါတ် | ဆဒ္ဒန္တဇာတ် |

ဖြစ်တော်စဉ်ဘုရားရှင်ဖြစ်သည့် အစကြိုးကြာ ဆယ့်ခြောက်ခါ ချီ လက်ဘွင် ဆင်ဝယ် ဆယ့်တစ်ဟုပြဆိုသည်။ အခြားဇာတကများ ဖြစ်နိုင်ပါသည်။



ဆင်ဘဝများစွာတွင် ဆဒ္ဒန်ဆင်မင်း အလောင်းတော်ဝတ္ထုသည် ထင်ရှားပါသည်။

ဘုရားအလောင်းတော် ဝေဿန္တရာဇာတ်တော်လာ ပစ္စယဆင်ဖြူ တော်၏ အာနုဘော်ကြောင့် မိုးလေဝသမှန်ကန်၍ ဆန်ရေစပါးပေါများ ခြင်း၊ သီဝိတိုင်း စေတုတ္တရာပြည်ကြီး သခင်သီဝိမင်းကြီးသည် ဆင် ဖြူတော်ကြောင့် ဘုန်းလက်ရုံးတောက်ပခြင်းတို့ကို မြန်မာတို့က လက်ခံ ယုံကြည်ကြသည်။ ထို့ကြောင့် ဆင်ဖြူတော်ကို ပိုင်ဆိုင်ရခြင်းသည်ပင် မင်းဧကရာဇ်တို့၏ ဘုန်းတန်ခိုးဝေဖြာတိုးတက်စေသည်။ ဆင်ဖြူတော် ကို အလေးအမြတ် ပြုရမည်။ ဆင်ဖြူတော်ကို မြင့်မြတ်သည့်ဘုရား၊ ကျောင်းကန် စေတီပုထိုးများတွင် ထားရှိခြင်းဖြင့် ကောင်းကျိုး လာဘ်လာဘများ ရရှိနိုင်သည်။ စေတီပုထိုးများတွင် စေတီပုထိုး ရုပ်ပွားတော်မြတ်ဘက်သို့ လှည့်၍ ဝပ်တွားကော်ရော် ပူဇော်နေသည့် ဟန်အသွင် ဆင်ဖြူတော်ရုပ်များ ထုဆစ်ထားရှိကြခြင်း ဖြစ်သည်။ ဆင်ဖြူတော်ရုပ်တုအား မြန်မာတို့က ရှိခိုးကော်ရော်ပူဇော်ခြင်း မပြုသော် လည်း ရိုသေသမှုဖြင့် ပန်းရေချမ်း၊ ဆီမီးထွန်း၍ အလေးအမြတ် ပြုသည်။ ရိုသေလေးစားသည်။

## ဆင်ခံဘုရားများကိုးကွယ်ကြခြင်း

ဆင်ခံဘုရားထုဆစ်ကိုးကွယ်မှုသည် ရှေးဟောင်းယဉ်ကျေးမှု မလေ့ထုံးဟု တစ်နည်းအားဖြင့် ဆိုနိုင်သည်။ ရှေးနန်းရှင် မြန်မာဘုရင် မင်းမြတ်တို့သည် ဆင်ဖြူရှင်ဘွဲ့ခံယူနိုင်ရန် ကြိုးစားကြခြင်းနှင့် ဆင်ဖြူ ရတနာ၏ကောင်းကျိုး ပေးနိုင်မှုကို ယုံကြည်ကြသည်။ ဆင်ကို ရတနာ တစ်ပါးအဖြစ်လည်း သတ်မှတ်ကြသည်။ ဗေဒင်ပညာအရ ဂြိုဟ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အားလုံးတို့တွင် ဗုဒ္ဓဟူးဂြိုဟ်မှစသည့် ဂြိုဟ်အားလုံးတို့၏ ဦးခိုက်ရာသည် ဗုဒ္ဓဟူးဂြိုဟ်ဖြစ်သည်။ ဗုဒ္ဓဟူးဂြိုဟ်အား ကိုးစားခြင်းဖြင့် ဂြိုဟ်ပြေရန်ပြေ အားလုံး အဆင်ပြေနိုင်ရန်ဖြစ်ခြင်း စသည့်အချက်များကြောင့် ဆင်ရုပ်ထုပြီး ဆင်ခံဘုရားများကို ကိုးကွယ်ကြခြင်းသည် အကြောင်းတစ်ရပ်ပါဝင်သည်။

ဆင်ခံဘုရားကိုးကွယ်မှုသည် ပုဂံခေတ်ဗုဒ္ဓသာသနာမြန်မာရှေးနှမ်းပြင်သို့ရောက်သည်နှင့် မရှေးမနှောင်းပင်ဖြစ်သည်။ အနော်ရထာမင်းမြတ်သည် ပိဋကတ်တော်များကို ဆင်နှင့်တင်ဆောင်ခဲ့ခြင်း၊ ဗုဒ္ဓ၏ ဓာတ်တော်မွေတော်များကို ဌာပနာ၍ စေတီတည်ထားရန် ဆင်ဖြူတော်ထက်၌ တင်၍ အဓိဋ္ဌာန်ပြုစေလွှတ်ခြင်းတို့ရှိခဲ့သည်။

ဆင်ခံဘုရားသည် ဂဓာသနပလ္လင်တော်နှင့်ဆက်စပ်ခြင်းမရှိပါ။ ဆင်ခံဘုရားတွင် အခံဆင်ရုပ်တို့မှာ ပလ္လင်အောက်ရှိပြီး ပလ္လင်ပေါ်တွင် ဗုဒ္ဓရုပ်ပွားတော်ဆင်းတုတော်များ ကိန်းဝပ်စံပယ်ပါသည်။ ပလ္လင်နှင့် ဆင် တစ်ကန့်စီဖြစ်သည်။ ဆင်ခံရုပ်နည်းလေ ဆင်ရုပ်ကြီးလေ ဖြစ်သည်။

ဆင်ခံဘုရားဖြစ်ပေါ်လာခြင်းကို ပုဂံခေတ်၊ အလောင်းစည်သူမင်းကြီး (သက္ကရာဇ် - ၄၇၄) လက်ထက်တော်မှစတင်သည်ဟု အဆိုရှိသည်။ သရက္ခန်ငါးပိုင်းရုပ်ပွားတော်များသမိုင်းနှင့် ဆက်နွယ်လျက်ရှိသည်။ အလောင်းစည်သူမင်းကြီးသည် သင်္ဘောနက်ဖောင်တော်ဖြင့် ပင်လယ်ခရီးဖြန့်ချိခဲ့သည်။ ကျွန်းဦးသပြေပင်သို့ ရောက်သောအခါ သိကြားနှင့် ဝိသကြုံနတ်သားတို့က မြင်းမိုရ်တောင် သို့ ဆက်လက်မသွားရန် တောင်းပန်ကြပြီး ဇမ္ဗူသပြေပင်ရင်းမှ မင်းကြီး ပြန်ထွက်လာသည့်အခါ သိကြားမင်းက သရက္ခန်သားနှင့် ဓာတ်တော်



များ လှူဒါန်းလိုက်သည်။ မင်းကြီးသည် သရက္ခန်သားဖြင့် ရုပ်ပွားတော်ငါးဆူ၊ ဇမ္ဗူသပြေသားဖြင့် ဓာတ်တော်များ ထည့်သွင်း ဌာပနာရန် ဆင်းတုတော်ငါးဆူ ထုလုပ်တော်မူသည်။ သိကြားမင်း ညွှန်ပြသည့်အတိုင်း ရှင်မတောင်အရှေ့ပုခန်းကြီးနယ်သို့ ဖောင်တော်ဖြင့် ကြွ၍ သာသနာငါးထောင်ကိန်းဝပ်စေရန် စေတီတည်ထားကိုးကွယ်ရန် ပင့်ဆောင်ပါသည်။

ဆင်းတုတော်များကြည်ညိုရင်း ပလ္လင်တော်နိမ့်သဖြင့် ဟိမဝန္တာမှ ရရှိသော ဆင်ရေသဏ္ဌာန်သစ်သားကို ဆင်ခံအရုပ်များ ထုစေပြီး ပလ္လင်တော် အောက်မှခံစေသည်။ ဆင်ရုပ် (၁၅) စီး၊ (၁၄) စီး၊ (၁၂) စီး၊ (၁၁) စီး၊ (၁၀) စီး စသည်ဖြင့် ထုဆစ်သည်။

မင်းကြီးသည် ဆင်မယဉ်သာများပေါ်တွင် ဆင်ခံပလ္လင် ထက်ဝယ် စံပယ်တော်မူသည့် ဘုရားဆင်းတုတော်များကို အဓိဋ္ဌာန်ဖြင့်တင်၍ လွှတ်သည်မှာ ဆင်မယဉ်သာ (၆) စီးဖြစ်သည်။ ဆင်မယဉ်သာများ ရပ်တန့်သောနေရာတွင် စေတီတော်များတည်ထားသည်။

(၁) ပုခန်းကြီးတစ်ဆူ ၁၅ စီး ဆင်ခံဘုရား

(၂) ဆင်ကျုံးရွာတွင်တစ်ဆူ ၁၂ စီး ဆင်ခံဘုရား

(၃) ရွှေတန့်တစ်ရွာတွင်တစ်ဆူ ၁၄ စီး ဆင်ခံဘုရား

(၄) ရှင်မတောင်ပေါ်တွင်တစ်ဆူ ၁၃ စီး ဆင်ခံဘုရား

(၅) အညာသီဟတောတွင်တစ်ဆူ ၁၀ စီး ဆင်ခံဘုရား

တို့မှာ ယနေ့အထင်အရှားရှိသည့် တန်ခိုးကြီးမားသော ဘုရားရုပ်ပွားတော်များဖြစ်၍ အရပ်ရပ်မှ လာရောက်ဖူးမြော် ကြည်ညိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဂံပြည့်ရှင်အလောင်းစည်သူလက်ထက်တော်မှစ၍ ရိုးရာအစဉ်မပျက် ဆင်ခံဘုရားများကို ထုလုပ်ကိုးကွယ်လာကြသည်။ ရှေးဟောင်းစေတီပုထိုးကျောင်းကန်များတွင် ဆင်ခံဘုရားများကို ဖူးတွေ့ရသည်။ ဆင်ခံဘုရားများမှာ ဉာဏ်တော်တစ်မိုက်တစ်ထွာမှ သုံးတောင်လေးတောင်အထိ အရွယ်အစား အမျိုးမျိုးရှိသည်။ ဆင်တစ်စီးမှ ဆင်တစ်ဆယ့်ငါးစီးအထိ တွေ့ရသည်။ ယနေ့အခါ ဆင်သုံးစီးခန့်သာ အများဆုံး တွေ့ရသည်။ ဆင် (၄) စီးမှာ အရှားဆုံးဖြစ်သည်။

လောကီဂမ္ဘီရပညာများအရ ဆေးဘုရား လောကီအစီအရင်ဘုရားများ ထုလုပ်ကိုးကွယ်ကြသည့်နည်းတူ ဆင်ခံဘုရားများတွင်လည်း ထုလုပ်ကိုးကွယ်ကြခြင်းဖြစ်သည်။ ဆင်ခံဘုရားကို ကိုးကွယ်လျှင် ဆားအန္တရာယ် ကင်းရှင်းခြင်း၊ စီးပွားတက်ခြင်း၊ ရာထူးတိုးတက်ခြင်း၊ အရာရာအောင်နိုင် ခြင်း စသည့် အကျိုးကျေးဇူးများ ရနိုင်သည်ဟု မှတ်သားရပါသည်။ ဟုတ်မှန်သည်၊ မဟုတ်မှန်သည်ဟူ၍ စာရေးသူအနေဖြင့် ဝေဖန်စောကြောရန် ဉာဏ်မမီပါ။

လောကီပညာအရလည်း လူသားဖြစ်စေ၊ လင်းလွန်းသားဖြစ်စေ၊ ဆင်ခံပလ္လင်ဘုရား ထုလုပ်ကိုးကွယ်ရာတွင် ဆင် (၄) စီးခံပါက ပိုမို အစွမ်းထက်သည်ဟု ယုံကြည်ကြသည်။ သို့သော် ဗုဒ္ဓဟူးသားသည် ဆင်ခံဘုရားနှင့် အခြားနေ့နံ မွေးဖွားသူများထက် ထိရောက်စွာ အကျိုးပေးစွမ်းနိုင်မည်ဟုလည်း ဝေဒပညာရှင်အချို့က ယူဆလာကြသည်။

# ရွှေလမှာ ယုန်ဝပ်လို့

မြန်မာ့ကျေးလက်ရိုးရာသံချပ်ထိုးကြရာတွင် နေနဲ့လနဲ့ နှစ်ပါးဆိုင်၊ သကြားကိုယ်တိုင်မတဲ့ကိန်းပဲ···· ဆိုပြီး ကကြခုန်ကြသည်။ လစန္ဒာတွင် ယုန်ရုပ်၊ အသူရိန်နေမင်းတွင် ဥဒေါင်းရုပ်ရေးထိုးထားသည်ဟူ၍ မြန်မာတို့ ယုံကြည်ကြသည်။ ရည်ညွှန်းသည့်ယုန်နှင့် ဥဒေါင်းရုပ်ရေးထိုးထားသည့် အကြောင်းပုံပြင်၊ ဒဏ္ဍာရီများလည်းရှိသည်။ ဘုရားဟောဇာတ်တော် ဇာတကများနှင့် ဆက်စပ်တွေးခေါ်မြော်မြင်ရေးသားထားသည့်အကြောင်းများလည်းရှိသည်။ မည်ကဲ့သို့ပင်ဆိုစေကာမူ ဆွတ်ပျံ့ဖွယ်၊ အတုယူဖွယ်၊ ကောင်းသည့်ပုံပြင်များမြန်မာ့ရိုးရာဓလေ့ထုံးတမ်းများနှင့် ဆက်နွယ်နေရသည့် အကြောင်းများကို သိထားသင့်ပါသည်။

** ရွှေလမှာယုန်ဝပ်လို့၊
ဆန်ဖွပ်သည့်အဖိုးအို
ဟောကြည့်ပါဆို····။
ဆိုသာဆို၊ ပိုမိုသည့်စကား။
ကလေးအငိုတိတ်အောင်၊

www.burmeseclassic.com

www.burmeseclassic.com



အရိပ်အယောင်ပြတယ်၊

ဖိုးလနတ်သား . . . .။

မြန်မာကျေးလက် သားချော့တေးကဗျာဖြစ်သည်။ မြန်မာမလေ့ဖြစ်ရပ်မှန် အယူအဆကို ရှေ့တန်းတင်လျက် ဒဏ္ဍာရီပုံပြင်ဟူ၍ လက်ခံကြပါသည်။ ရှေးလမှာယုန်ရုပ်ရေးသည့် ဇာတ်ကြောင်းကို ဗုဒ္ဓမြတ်စွာဘုရားလောင်း၏ နိပါတ်တော်၊ ငါးရာငါးဆယ်ဇာတ်တော်၊ စတုက္ကနိပါတ်၊ သသကဏ္ဍိတဇာတ်တွင် ပါရှိသည်။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုက်ထူသည့်အခါဘုရားအလောင်းသည် ယုန်သတ္တဝါမျိုးဖြစ်ခဲ့သည်။ ယုန်မင်းတွင်ဖျံ၊ မြေခွေး၊ မျောက်ဟူသော မိတ်ဆွေသုံးဦးရှိပါသည်။ သူတို့လေးဦးသည် ညချမ်းအခါတိုင်း တွေ့ဆုံကြပြီး ယုန်မင်း၏ ဩဝါဒဆုံးမစကားကို နာယူလေ့ရှိသည်။ တစ်နေ့သောအခါ ယုန်မင်းက မနက်ဖြန်သည်လပြည့်ဥပုသ်နေ့ဖြစ်သောကြောင့် သီတင်းသီလ ဆောက်တည်ကြရန်နှင့် အလှူခံပုဂ္ဂိုလ် ရောက်လာခဲ့လျှင် မိမိတို့ စားသောက်သည့် အစာအာဟာရထဲမှ ပေးလှူကြရန် ဆုံးမပြောကြားလိုက်သည်။

** ရှေးယုန်သူမှန်၊ တမလွန်ရေး၊ ဩဝါဒပေးသည်ကို သွေးသောက်တစ်စုတို့လည်း ဂရုဂါရဝ၊ အာမဝန္တ ခံယူကြပြီးလျှင် ဖျံမှာကားငါးကြင်း၊ မြေခွေးမှာကား အမဲကင်၊ ဖွတ်ကင်နှင့် နို့ခမ်းအိုး၊ မျောက်မှာကား သရက်သီးမှည့်တို့ကိုရ၍ စားရန်လှူရန်အလို့ငှာ၊ သင့်ရာ၌ထားပြီးသော် မိမိတို့စောင့်သုံးသော သီလကို ဆင်ခြင် အောက်မေ့လျက် ကိုယ်စီကိုယ်ငနေကြကုန်၏ . . . . ဟူ၍ ဦးပုည၏ ယုန်မင်းဝတ္ထုတွင် ဖွဲ့နွဲ့ထားသည့် လင်္ကာအတိုင်းပင် ကုသိုလ်ကောင်းမှုပြုရန် အသင့်ရှိနေကြသည်။



ယုန်မင်းကမူ သူစားသုံးသည့် မြက်မြေစာ မုန်ညင်းပင်တို့ကိုအလှူခံပုဂ္ဂိုလ်က နှစ်သက်မည်မထင်၊ အလှူခံတောင်းသူ မနှစ်သက်ကအကျိုးဆက်မများနိုင်ပေ။ ထို့ကြောင့် ငါ့အသားကို ပေးလှူမည်ဟူ၍ကြံစည်ဆုံးဖြတ်ထားသည်။

ထိုခဏတွင်ပင် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာသည် ပူပြင်းလာသည်။ အကြောင်းရင်းကို ဆင်ခြင်ကြည့်သည့်အခါ ယုန်မင်း၏ သီလတန်ခိုးကြောင့်ဖြစ်ကြောင်း သိသဖြင့် ထိုလေးဦး၏ သီလကို စမ်းသပ်ရန်ပုဏ္ဏားအသွင်ဖြင့် လာခဲ့သည်။

ဖျံ၊ မြေခွေး၊ မျောက်တို့၏ လှူဖွယ်ပစ္စည်းများကို အလှူခံပြီးယုန်မင်းထံ ရောက်လာသည်။ ဘုရားအလောင်းယုန်မင်းက အသွေးအသားကို လှူမည်ဖြစ်ကြောင်း၊ အကယ်၍ သင်သီလစောင့်သူ ဖြစ်ပါက ပါဏာတိပါတကံ ပြုမည်ဟု မထင်ပါ၍ မီးဖို ဖိုပေးပါ၊ ငါ့အသက်ကို စွန့်လွှတ်ရန် မီးဖိုထဲဝင်ပါအံ့၊ အသားကျက်ပါက သင်စားသုံးပါဟု အလှူစကားဆိုသည်။

ပုဏ္ဏားသည် မီးဖိုမီးကျီးပြုလုပ်ပြီး ယုန်မင်းအား အကြောင်းကြားသည်။ ယုန်မင်းသည် ကိုယ်ပေါ်ရှိ ပိုးမွှားများကင်းစင်စေရန်သုံးကြိမ် လှုပ်ခါပြီး မီးဖိုအတွင်း သက်ဆင်းလိုက်သည်။

သိကြားမင်းဖျိုးသော မီးသည် ရေခဲတမျှပူပြင်းသော်လည်းယုန်မင်း၏ အမွေးတစ်ပင်ကိုမျှမလောင်ကျွမ်း ဖြစ်ရသည်။ ယုန်မင်းကထိုသို့ဖြစ်ရခြင်းအကြောင်းအရင်းကိုမေးရာ ပုဏ္ဏားက သူသည်သိကြားမင်း ဖြစ်ကြောင်း ယုန်မင်း၏ သီလကို စမ်းသပ်လို၍ လာရခြင်းဖြစ်သည်ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



သိကြားမင်းသည် ယုန်မင်း၏ဒါနပါရမီအထူးချီးမွမ်းပြီးနောက်

"ဤရွှေယုန်၏ ဂုဏ်ကြီးယာ၊ လက္ခဏာသနစ်၊ မဖြစ်ဖူးမြဲ၊ အံ့သြဘွယ်များ၊ ယခုဖြစ်ပုံ၊ မကြုံစတောင်း၊ ဤပွဲကောင်းကို အပေါင်းသတ္တဝါ မြင်စိမ့်ငှာဟု ပြည်ရွာနှံ့ပြားအောင် သွား၍ မပြောနိုင်ရာ၊ လာ၍ ကြည့်ခြင်းငှာလည်း မအပ်၊ ဘဒ္ဒကပ်ဤကမ္ဘာတွင်၊ မင်္ဂလာ သမိုက်၊ တစ်တိုက်လုံး ကျက်သရေ၊ မကျေမတိမ်၊ တသိန်တဂုဏ်၊ မကုန်မဆုံး ကပ်လုံးမပျောက်၊ တည်စေလောက်သော အံ့ထောက်အကြောင်း၊ ထုံးဟောင်းစံမြတ်ဖြစ်ပေသည်။ သပြေတည်ထွန်းတစ်ကျွန်းသူ့က၊ လေးဒီပ မျက်နှာ၊ စကြဝါဠ္ဍ်စွန်းကျင်၊ လူခပ်သိမ်းမြင်သဖြင့်၊ ဤသခင် ယုန်မင်း၏ အကြောင်းရင်းထုံးစံကို နည်းခံ၍ ကျင့်ကြစေဟု ရွှေယုန်မင်းဇာတ် အထွတ်ပွတ္တိကို လောကဓာတ် လူ့ဘောင်တွင် မှု တစ်ဆောင်မဟာဝင်၊ ကမ္ဘာလုံးတင်ရစ်အောင် တောင်ဆီမင် ဆေးစုံဖြင့်၊ ငွေစက်ဝန်းလဗိမာန်၌၊ ယုန်ရုပ်ဟန်ရေးခြယ်၍၊ တင့်တယ်စွာ ထားသောကြောင့်၊ ထင်ရှားခုတိုင် ဖြစ်ချေသည်။" ဟူ၍ စလေဦးပုည၏ လင်္ကာသွားတွင်ပါဝင်သည်ကို ထုတ်နုတ်၍ တင်ပြပါသည်။

သူတော်ကောင်း၏ သတင်းသည် ကမ္ဘာအဝန်းမွှေးပျံ့သည့် အကြောင်းထုံးသက်သေအဖြစ် မှတ်သားကြရန်ဖြစ်သည်။ ရွှေလမှာ ယုန်ဝပ်သည့်ဟန်သည် ပုံပြင်ဒဏ္ဍာရီဖြစ်ကောင်းဖြစ်ပါမည်။ သို့သော်လည်း ဘဝတွင် လူတို့သည် သဒ္ဓါ၊ သီလ၊ ဒါနအလှူပြုရာ၌ ဘုရားလောင်းယုန်မင်း၏ ပါရမီတော်ကို ကြည်ညိုရင်း ဘဝအားမာန်တည်ဆောက်ရာတွင် အတုယူဖွယ်ဖြစ်ပါသည်။

* * * * * *

## နေမင်းဖလ်ဝါ ခေါင်းရှပ်ရှိသည်သာ

ငွေစန္ဒာလရထားတွင် ယုန်ရုပ်ထင်လာသည်ဟု မြန်မာတို့ယူဆကြသလို၊ နေမင်းဖလ်ဝါတွင်လည်း ရွှေဥခေါင်းတံဆိပ်ခပ်နှိပ်ထားသည်ဟူ၍ မြန်မာတို့ယုံကြည်ကြသည်။ ရဝိန်ဥခေါင်းယာဉ်ပျံဟူ၍လည်း ရေးဖွဲ့ကြသည်။

မြန်မာ့ရေးရိုးအစဉ်အလာယုံကြည်မှုတွင် ကပ္ပဋ္ဌိတိလေးပါးရှိသည်ဟု ပြဆိုသည်။

ဇကနိပါတ်၊ နဋ္ဌကပါန ဇာတ်တော်တွင် ကောသလတိုင်းမျောက်မင်းနေရာ၊ ရေအိုင်သာဋ္ဌပေါက်သည့် ကျူပင်တို့သည် မျောက်မင်းအာနုဘော်ကြောင့် အဆစ်မပိတ်၊ ရေအိုင်သို့မသက်ဘဲ ရေသောက်ရနိုင်သည်။

ဧကနိပါတ်၊ ဝဋ္ဋဇာတ်တော်တွင် ဘုရားအလောင်းငုံးမင်းနေရာ၊ မဂဓတိုင်း တောအုပ်တစ်ခုတွင် တစ်ဆယ့်ခြောက်ပါယ်တာခန့်၊ ငုံးမင်းက သစ္စာပြုသဖြင့် မီးလောင်ခြင်းမှ လွတ်ကင်းသည်။

စတုက္ကနိပါတ်၊ သသပဏ္ဍိတဇာတ်တော်တွင် ဘုရားအလောင်းယုန်မင်း၏ ဒါနအလှူ ပါရမီ၊ မီးပုံသို့ခုန်ဆင်းသည်ကို အကြောင်းပြု၍ လတွင်ယုန်ရုပ်ရေးဖွဲ့ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်္ဂီကာရသုတ်အဋ္ဌကထာတွင် မိဘမျက်မမြင်ကို ကျွေးမွေးသည့် အိုးထိန်း၏နေအိမ်ကို ကမ္ဘာပတ်လုံးမိုးမစွတ်နိုင် တည်ရှိသည်။

ယင်းလေးပါးကို ကမ္ဘာတည်သရွေ့တည်ရှိသည်၊ ကပ္ပဋ္ဌိတိဟူ၍ ခေါ်ဆိုခြင်းဖြစ်သည်။

လတွင်ယုန်ရုပ်ရှိကြောင်း၊ နေတွင်ဒေါင်းရုပ် ရှိ/မရှိ ကျမ်းဂန်အထောက်အထားနှင့် ရှာဖွေဖြေကြားကြသည့်အခါ မန်လည်ဆရာတော်ကြီးအမေးကို မင်းကွန်းဆရာတော်ဘုရားကြီးက နေဗိမာန်ဝယ် ဒေါင်းရုပ်ရှိသည်ဆိုသည့်ကျမ်းဂန် မတွေ့ဖူးကြောင်း ဖြေကြားထားပါသည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာတို့သည် ရှေးရိုးအစဉ်အလာအတိုင်း နေမင်းတွင် ဥဒေါင်းရုပ်ရေးခြယ်ထားသည်ဟု ယုံကြည်ကြသည်။ ကိုးကွယ်တော်မူရာ ဗုဒ္ဓမြတ်စွာ၏ အလောင်းတော် ဥဒေါင်းမင်းဖြစ်စဉ်အခါ ဟိမဝန္တာတောဒဏ္ဍကဟိရညတောင်၌နေသည်။ ဥဒေါင်းမင်းသည် နံနက်ချိန်အခါတက်နေကို ပူဇော်ရင်း၊ ဥဒေတယံ စက္ခုမာ ဧကရာဇာ ဟရိ- ဿ- ဝဏ္ဏော ပထိပ္ပဘာသော ----- ချိုဂါထာကိုရွတ်၍ ပူဇော်သည်။ ညချမ်းအချိန် အိပ်တန်းတက်ခါနီး၊ ဝင်လုဆဲနေမင်းကိုကြည့်၍ ----- အပေတံ့ စက္ခုမာ ဧကရာဇာ အစချိုဂါထာကိုရွတ်ပြန်သည်။

နေမင်းကိုရှိခိုး၍ ဂါထာရွတ်ဆိုသော အကျိုးအာနိသင်ကြောင့် ဥဒေါင်းမင်းသည် နှစ်ပေါင်းခုနစ်ရာတိုင်တိုင် ဘေးမရှိဖြစ်ရသည်။

ဗာရာဏသီပြည်ရှိ မုဆိုးတစ်ယောက်သည် ဟိမဝန္တာတောတွင် ဥဒေါင်းမင်းအား မြင်တွေ့ခဲ့ရသည့်အကြောင်းကို သားဖြစ်သူအား ပြောကြားခဲ့သည်။ တစ်နေ့သောအခါ ဗာရာဏသီမင်း၏ ခေမာ



မိဖုရားသည် အိပ်မက်၌ ဥဒေါင်းမင်း၏တရားကို နာကြားရသည်ဟု မြင်မက်သည်။ မိဖုရားသည် အိပ်မက်အကြောင်းကို မင်းကြီးအား လျှောက်တင်သည်။ မင်းကြီးက ဟိမဝန္တာတောသို့ ဥဒေါင်းမင်းအကြောင်းကိုသိသည့် မုဆိုးကိုလွှတ်သည်။ မုဆိုးသည် ဥဒေါင်းမင်းအား ကျော့ကွင်းဖြင့်အကြိမ်ကြိမ် ထောင်ဖမ်းသော်လည်း မမိချေ။ ကာလရှည်ကြာသော် တော၌ပင် ကွယ်လွန်သည်။ မိဖုရားကြီးလည်း ကံကုန်ခဲ့ပြန်သည်။ ဘုရင်မင်းမြတ်သည် စိတ်နာ၍ရွှေပေထက်တွင် ဤအရပ်၌ရှိသော ရွှေဥဒေါင်းမင်း၏ အသားကိုစားရသည်ရှိသော် မအိုမနာမသေရှိလေ၏။ ဘုန်းတန်ခိုးကြီးရာ၏ဟူ၍ ကမ္ပည်းရေးထိုးခဲ့၏။ မင်းအဆက်ဆက်ဖမ်းခဲ့သည်တွင် မင်းခုနစ်ဆက်တိုင်ရှိခဲ့သည်။

ခုနစ်ဆက်မြောက်မင်းလက်ထက်တွင် စေလွှတ်သည့် မုဆိုးသည် ဥဒေါင်းမင်းအား ကတတ်သီတတ်သည့် ဥဒေါင်းမနှင့်မြှူ၍ ညွတ်ကွင်းထောင်သည်။ မသံကြားသော ဥဒေါင်းမင်းသည် ပရိတ်ဆော်မှုမရွတ်နိုင်ဘဲ ဥဒေါင်းမအနီးသို့သွားသော် ညွတ်ကွင်းမိရသည်။

မုဆိုးက မင်းကြီးထံဆက်သသည်။ မင်းကြီးထံရောက်၍ ဖမ်းဆီးကြရခြင်းအကျိုးအကြောင်းကိုမေးရာ မအိုမနာမသေနိုင်၍ ဖမ်းရခြင်းအကြောင်း ပြောသည်။ အရှင်မင်းကြီး၊ ''ငါ့အသားကိုစား၍ မအိုမသေမဖြစ် တန်ရာ၊ ကျွန်ုပ်သည်ပင် အိုရ သေရမည်ဖြစ်ပါသည်။ ကျွန်ုပ်သေရဦးမည်ဖြစ်ရာ ကျွန်ုပ်အသားကိုစားသူသည် အဘယ်ကြောင့်မသေရမည်နည်း''ဟု ဖြေကြားသည်။

မင်းကြီးက ရွှေအဆင်းအတိရှိသောကြောင့် ဖြစ်တန်ရာ၏ဟု ပြောသောအခါ ဥဒေါင်းမင်းက ရွှေအဆင်းအတိရှိရခြင်းမှာ ရှေးအခါက စကြဝတေးမင်းဖြစ်စဉ် ငါးပါးသီလကိုကျင့်သုံးခဲ့သည်။ လူအများ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း လိုက်နာစေခဲ့သည်။ ငါစီးခဲ့သည့် ရွှေရထားယာဉ်သည် မင်္ဂလာကန်တော်တွင်ရှိသည်ဟုပြော၍ သက်သေအဖြစ် ဖော်ထုတ်စေသည်။ ထိုအခါမင်းကြီးသည် ယုံကြည်တော်မူ၍ ဥဒေါင်းမင်းအား အသက်လွှတ်ခဲ့သည်။ ဘုရားအလောင်းဥဒေါင်းမင်းသည် မင်းနှင့်တကွ ပြည်သူတို့အား ပဉ္စသီလတည်စေ၍ တရားဓမ္မများ ဟောကြားခဲ့သည့် ဇာတ်တော် ဖြစ်သည်။

နေမင်းကိုပူဇော်၍ အကျိုးဖြစ်ထွန်းခြင်း၊ ဥဒေါင်းမင်း၏ အဆင်း ရုပ်သဏ္ဌာန်နေမင်း၌ ရေးခြယ်ထားခြင်း စသည့်အချက်များကို လူငယ်မောင်မယ်တို့ လက်ခံရန် လက်မခံရန် အငြင်းပွားဖွယ်ရာ မဟုတ်။ ဤဇာတ်တော်ကိုဖတ်ရှုခြင်းအားဖြင့် ကိလေသာတဏှာ ညွှတ်ကွင်းသို့ သက်ဆင်းမိသူသည် ပျက်စီးရာပျက်စီးကြောင်း လောကပါလတရား ဖြစ်သည်။ လောကဘဝတွင် မြဲသောအရာမရှိ၊ အားလုံး အိုနာသေသော ဒုက္ခတွေ့ရှိအလုံးစုံပျက်စီးကြရမည်။ သခ်ါရ တရားကို ဆင်ခြင်ကြရန် ဖြစ်ပါသည်။

* * * * *

# ကြည်ညိုဖွယ်ရာ နဂါးမင်းပလ္လင်ထက်မှာ

မြန်မာစာပေနှင့်စကားတွင် ပလ္လင်ဆိုသည့်ဝေါဟာရကို ရှေ့အခန်းတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ မြန်မာအဘိဓာန်တွင် မြင့်မြတ်သော ပုဂ္ဂိုလ်တို့ ထိုင်ရန်ပြုလုပ်ထားသော ခုံမြင့်ဟု အဘိဓာန်ဖွင့်ဆိုသည်။ မြတ်စွာဘုရားသခင် ဘုရားအဖြစ်သို့ရောက်တော်မူပြီး ဗောဓိပင်နှင့် လေးတောင်အကွာ အရှေ့ဘက်မျက်နှာ၌တည်ရှိသော ရွှေပလ္လင်ထက်ဝယ် ခုနစ်ရက်ပတ်လုံး စံပယ်တော်မူသည်။ ထိုအရပ်ကို ပလ္လင်္ကသတ္တာဟ ဟူ၍မည်ပါသည်။

** ဗောဓိညောင်ရွှေ၊ ဗုဒ္ဓဟောအောက်၊ ဆန်းကြယ်ပေါက်သား ရောင်တောက်ပလ္လင်၊ သမိုက်ပြင်ထက် ----- ဟူ၍ ရှင်မဟာသီလဝံသက ဆုတောင်းခန်းပျို့တွင် ဖွဲ့ဆိုပါသည်။

ဘုရားလောင်းသည် နေရဉ္စရာမြစ်အနီး၌ဖြစ်သော အင်ကြင်းတောဝယ် နေသင့်တော်မူပြီးမှ ညချမ်းသောအခါ ဗောဓိပင်သို့ ကြွတော်မူသည်။ သောတ္ထိယအမည်ရှိသော မြက်ထမ်းယောကျ်ားကပ်လှူသော မြက်ရှစ်ဆုပ်ကို အလှူခံပြီး ဗောဓိပင်၏အရှေ့အရပ်တွင် မြက်ရှစ်ဆုပ်ကို အဖျားကိုင်၍ ကြဲဖြန့်တော်မူရာတွင် တစ်ဆယ့်လေးတောင်အပြန့်ကျယ်သော အပရာဇိတပလ္လင်ဖြစ်၍ ထိုပလ္လင်ထက်ဝယ် ထက်ဝက်ဖွဲ့ခွေတော်မူသည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့အကုန် နေအရုဏ်တက်ချိန်၌ လောကသုံးပါး၏ အထွတ်

www.burmeseclassic.com

www.burmeseclassic.com



အထိပ်ဘာဝိဿရ၊ သဗ္ဗညုတဉာဏ်ကိုရရှိပြီး ဘုရားဖြစ်တော်မူပါသည်။

ဘုရင်မင်းမြတ်တို့ ထိုင်ရာကိုလည်း ပလ္လင်ဟူ၍သုံးသည်။ ရွှေနန်းရင်ပြင်တွင် ပလ္လင်ရှစ်ခန်းရှိသည်။

.... ထီးဖြူအောက်၊ ရွှေပလ္လင်၌နေလျက် ... ဟူ၍ ဝရာဘိသံဃနာထ၏ မဃဒေဝလင်္ကာသစ်ပျို့တွင်လည်းကောင်း၊

.... ပလ္လင်ရှစ်ခန်း၊ ရွှေနန်းကိုးရပ် ... ဟူ၍၊ မန်လည်ဆရာတော်၏၊ မဃဒေဝလင်္ကာကြီးတွင်လည်းကောင်း၊

.... ပလ္လင်ညာရံ၊ ရွှေဘုံပုံမှာ၊ စံပေသည့်နတ်၊ မယ်သူဘဒ်ကို ဟူ၍ စာဆိုစလေဦးပုညကလည်းကောင်း ဖွဲ့ဆိုထားကြသည်။

ပလ္လင်ဝေါဟာရအကြောင်း အကျယ်တဝင့်ဖြေရန်မဟုတ်ပါ။ စေတီမြတ်ဘုရားပုထိုးတို့တွင် တစ်မူထူးခြားလှသည့် နဂါးပလ္လင်ပါသည့် နဂါးရံဘုရားအကြောင်းဖြစ်ပါသည်။

မြတ်စွာဘုရားသခင်သည် နဂါးမင်း၏ ပလ္လင်ပေါ်ထက်ဝယ် ဖွဲ့ခွေထိုင်နေတော်မူသည်။ နဂါးမင်းကပါးပျဉ်းဖြန့်မိုး၍ ဦးခေါင်းတော်ထက်မှ နေ၊ မိုး၊ လေဒဏ်များကို ကာကွယ်ပေးထားဟန်ရှိသည့် ရုပ်တုတော်များ ဖြစ်သည်။ အချို့စေတီပုထိုးစောင်းတန်းများတွင် နဂါးရစ်ခွေနေခြင်း၊ ဆန့်လျက်နဂါးခေါင်းထောင်တည်ခြင်း၊ တံခွန်တိုင်ပါသဏ္ဌာန်များ ရှိသည်။

အဟိတ်တိရစ္ဆာန်ဖြစ်သည့် နဂါး၏ပုံသွင်၊ နဂါးအားကိုးကွယ်မှုသည် ဘာသာပုံရိပ်နှင့် မည်သို့ဆက်စပ်နေသနည်း။ အချို့လူမျိုးများကဲ့သို့ မြန်မာမှုနယ်ပယ်တွင် နဂါးကို ကိုးကွယ်မှုရှိသလား ဆိုသည့် အချက်ကို ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းမဟုတ်ပါ။ နဂါးများနှင့် ပတ်သက်သော ဇာတကများကို သိထားမှသာ နဂါးရံဘုရားအကြောင်း



တစ်ဆင့်တက်လေ့လာရာတွင် သုတအနည်းငယ်ရရှိ အထောက်အကူဖြစ်ပါလိမ့်မည်။

ဗုဒ္ဓ၏ဖြစ်တော်စဉ်ဘဝတွင် နဂါးတိရစ္ဆာန်ဖြစ်ခဲ့ရသည့် ဇာတ်တော်ပေါင်း (၄) ဘဝဖြစ်ခဲ့သည်။

စတုက္ကနိပါတ်၊ ဒဒ္ဒရဇာတ်တော်တွင် ဘုရားအလောင်းသည် ဒဒ္ဒရနဂါးပြည်၌ မဟာဒဒ္ဒရအမည်ဖြင့် နဂါးမင်းကြီး၏သားတော်ဖြစ်သည့် အမျက်စောင် ဓာန်ကြီးသော ညီတော်နဂါးမင်းသား စူဠဒဒ္ဒကို ဆိုဆုံးမနိုင်သည့် ဇာတ်တော်ဖြစ်သည်။

ဝီသတိနိပါတ်၊ စမ္မေယျဇာတ်တော်တွင် အင်္ဂတိုင်းနှင့် မဂဓတိုင်းကြား၊ စမ္ပါမြစ်အတွင်း စမ္မေယျအမည်ရှိ နဂါးတိုင်းပြည်မှ နဂါးမင်း လူ့ပြည်သို့ ဥပုသ်ဆောက်တည်ရာတွင် မှဆိုးကဖမ်း၍ နှိပ်စက်သော်လည်း သီလမဖျက် ခန္တီပါရမီဖြည့်နိုင်သည့် ဇာတ်တော်ဖြစ်သည်။

စတ္တာလီသနိပါတ်တော်၊ သင်္ခပါလဇာတ်တော်တွင် ရာဇဂြိုဟ်ပြည်၊ အဏ္ဏာဝေဏ္ဏာမြစ်အတွင်း သင်္ခပါလနဂါးမင်းသည် လူ့ဘဝကိုရလို၍ ဥပုသ်စောင့်နေရာ မုဆိုးတို့မှဖမ်းဆီး၍ အသက်သေသည်အထိ နှိပ်စက်ကြသည်ကို အသက်ဆားကြောင့် သီလပျက်ရမည်ကိုကြောက်၍ စောင့်ထိန်းခဲ့သည့် ဇာတ်တော်ဖြစ်သည်။

မဟာနိပါတ်တော်လာ ဘူရိဒတ္တဇာတ်တော်သည်လည်း ဘုရားလောင်း၏ သီလပါရမီတည်ဆောက်သည့် ဘူရိဒတ်နဂါးမင်းအကြောင်းဇာတ်တော်ဖြစ်သည်။

ကိုးကွယ်တော်မူသည့် ဓာတုစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီ စသည်တို့ကို သဏ္ဌာန်အမျိုးမျိုးနှင့် ကြည်ညိုကြသည်။ နဂါးရံထက်ဝယ် စံပယ်နေသည့်ဆင်းတုတော် ထုလုပ်ကိုးကွယ်ရခြင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားသခင် ဗောဓိပင်နှင့် ရွှေပလ္လင်တော်ကို အောင်မြင်၍ သဗ္ဗညုတ ရွှေဉာဏ်တော်ရရှိပြီး သုံးလူ့ထွတ်ထားဘုရားအဖြစ်သို့ ရောက်သည်တွင် သတ္တာဟစံနေတော်မူသည့်အခါ၌ ပါဝင်သည့် ဆဋ္ဌ သတ္တာဟ၊ မုစလိန္ဒနဂါးမင်းက ကိုးကွယ်မှု ပြုသည့်အကြောင်းကို ဖော်ပြသွန်းထုဆစ်ကိုးကွယ်ခြင်းဖြစ်သည်။

မြတ်စွာဘုရားသခင်သည် ဆဋ္ဌသတ္တာဟနေရာတော်အဖြစ် မဟာဗောဓိပင်၏ အရှေ့တောင်မျက်နှာ ငါးဆယ့်တစ်လံကွာ၊ မုစလိန္ဒ မည်သော အိုင်၏အနီး ကျည်းပင်ကြီးအရင်း၌ သီတင်းသုံးနေတော်မူရာ စကြဝဠာတိုက်အလုံး အခါမဲ့မိုးကြီးရွာ၍ဖွဲသည်။ ထိုအခါ မုစလိန္ဒနဂါးမင်းသည် မိမိဗိမာန်မှထွက်၍ မြတ်စွာဘုရားအား မှက်၊ ခြင်၊ ယင် မထိရအောင်နှင့် လေ၊ မိုး၊ အပူ၊ အအေးဒဏ်တို့မှ ကာကွယ်စိမ့်သောငှာ မိမိကိုယ်ကိုကြီးစွာ ဖန်ဆင်းပြီး တစ်ပိုင်တစ်ခွေကို ပလ္လင်တော်ဖန်ဆင်းသည်။ ထို့နောက် ဘုရားရှင်၏ကိုယ်တော်ကို ခုနစ်ပတ်ပတ်လျက် ဦးခေါင်းတော်ထက်က မိုးမစွတ်ရအောင် ပါးပျဉ်းဖြင့် အုပ်မိုးထားသည်။ မြတ်စွာဘုရားသည် နဂါးမင်း၏အခွေထက် ခုနစ်ရက်ပတ်လုံး ဖလသမာပတ်ဝင်စားတော်မူသည်။ ခုနစ်ရက်စေ့၍ မိုးစဲသော် နဂါးမင်းက လူယောင်ဖန်ဆင်း၍ ရှိခိုး ပူဇော်ပြန်သည်။ ဤတွင် နဂါးမင်းအား တရားဟောတော်မူ၏။ ထို ဟောတော်မူရာ အရပ်ကို မုစလိန္ဒသတ္တာဟဟူ၍ မည်ပါသည်။

ထို့ကြောင့် နဂါး၏ တန်ဖိုးကြီးမှု၊ နဂါးအားကိုးကွယ်မှုကို ပြခြင်း မဟုတ်ဘဲ သတ္တာဟအထိမ်းအမှတ် မုစလိန္ဒနဂါးမင်း၏ မြတ်စွာဘုရားကို ရှိခိုးကော်ရော်ပူဇော်သည့် သရုပ်သကန်သာဓကဥပမာတွဲ၍ ဗုဒ္ဓအဆုံးအမတရားတော်ကိုသာ လေးစားလိုက်နာကျင့်သုံးကြရန် ဖြစ်ပါသည်။

* * * * *

# ခြေတော်ရင်းက ကေသရာဇာ

တန့်ခိုးကြီးဘုရားများသို့ ရောက်ဖူးကြပါမည်။ ဘုရားခြေတော်ရင်းဝယ် မုခ်ဝတွင် ဆောင့်ကြောင့်ထိုင်နေသည့် ကေသရာဇာခြင်္သေ့ ညီနောင်ကို တွေ့ရပါမည်။

ခြင်္သေ့ရုပ်တုကို ဘုရားခြေတော်ရင်းမှာ မည်သည့်ခေတ်ကာလကစပြီး စေတီပုထိုးနှင့် အတူကိုးကွယ်ကြသည်ဟု တိတိကျကျမပြောနိုင်ပါ။ သို့သော် ဘာကြောင့်ထားရသည်ဟူသော မြန်မာ့ရိုးရာဓလေ့ထုံးစံအယူအဆတစ်ရပ်ကို ပြောပြလိုပါသည်။

ရှေးသရောအခါ ကာကတိုင်း၊ ဝင်္ကပြည်ကိုအစိုးရသော မင်းကြီးတွင် ကလိင်္ဂမည်သော တောင်ညာစံဒေဝီမိဖုရားနှင့် သုပ္ပတိဒေဝီမည်သည့် သမီးတော်တစ်ပါးဖွားမြင်သည်။

သုပ္ပတိဒေဝီမင်းသမီးကလေး အရွယ်ရောက်လာသည့်အခါ၌ အကျင့်အာစရမကောင်းသဖြင့် တိုင်းပြည်မှနှင်ထုတ်လိုက်သည်။ မင်းသမီးလေးသည် တောတောင်ထဲရောက်ရာပေါက်ရာလျှောက်သွားရင်း တောတွင်းဘုရင် ခြင်္သေ့တစ်ကောင်နှင့် တွေ့ရှိသည်။ ခြင်္သေ့က မင်းသမီးကို ကျောပေါ်တင်ခေါ်၍ သူ၏နေထိုင်ရာဂူသို့ ခေါ်သွားသည်။ မင်းသမီးနှင့် ခြင်္သေ့ အကြောင်းဆက်ပေါင်းဖက်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သီဟဗာဟု အမည်ရသော သားတစ်ယောက်၊ သီဟသီဝလီအမည်တွင်သည့် သမီးတော်တစ်ယောက် ဖွားမြင်သည်။

သီဟဗာဟုမင်းသားသည် မိခင်ဖြစ်သူအား လက်ျာဘက်ပခုံးတွင် လည်းကောင်း၊ နှစ်မဖြစ်သူအား လက်ဝဲဘက်ပခုံးတွင်တင်၍ ဝင်္ဂတိုင်းပြည်သို့ ရှေးရှုပြေးလာကြကာ ခြင်္သေ့မင်းပိုင်နယ်မှ လွတ်မြောက်လာကြသည်။ ကိုယ်တွင်သစ်ခက်သစ်ရွက်များဖုံး၍ ဝင်္ဂပြည်၏ ဆင်ခြေဖုံးဖြစ်သည့် ပစ္စန္တဇာသို့ရောက်သည်။ ပစ္စန္တရွာကို အုပ်ချုပ်သောစစ်သူကြီး အနုရက္ခသည် ဝင်္ဂမင်းကြီး၏ သမီးတော်နှင့် မြေးတော်မှန်းသိ၍ နေပြည်တော်သို့ပို့ဆောင်သည်။

ခြင်္သေ့မင်းသည် အစာရှာရာမှပြန်ရောက်လာသည့်အခါ ကျောက်ဂူအတွင်း မယားနှင့် သားသမီးကိုမမြင်ရ၍ တောသုံးထောင် အနံ့လိုက်ရှာသည်တွင် ဝင်္ဂတိုင်းပြည်အစွန်အဖျားရောက်လာသည်။ သားမယားဇောစိတ် ဒေါသအဟုန်ဖြင့် ကျေးလက်ဇနပုဒ်များကို ဝင်သည်တွင် လူအများ ကြောက်လန့်တွက်ပြေးရသည်။ ထိုခြင်္သေ့ရန်ကို ဝင်္ဂတိုင်းမင်းကြီးက ခြင်္သေ့အားဖမ်းဆီးသတ်ဖြတ်နိုင်သူကို ဆုငွေပေးမည်ဟု ကြေညာသည်။ မည်သူမှ လူစွမ်းကောင်းပေါ်မလာချေ။ သီဟဗာဟုမင်းသားက ခြင်္သေ့နှိမ်နင်းရန် သွားမည်ပြုရာ မိခင်မယ်တော်က သားတော်အား မွေးသဖခင်ကျေးဇူးရှင်အား မပြစ်မှားစကောင်းဆိုကာ တားမြစ်သော်လည်းမရ။ သီဟဗာဟုသည် လေးမြားစွဲ၍ တောသို့ဝင်သည်။

ခြင်္သေ့ကြီးသည် အဝေးကလာနေသည့်သားဖြစ်သူကိုမြင်လျှင် တန့်လျက် ရင်သွေးဟူသောမေတ္တာစိတ်ဖြင့် ပီတိဖုံးကာကြိုလင့်သည်။ သီဟဗာဟုမင်းသားသည် ပစ်ကွင်းကောင်းသည့်နေရာမှ ခြင်္သေ့ကြီးထံ



ချိန်ရွယ်၍ မြားတစ်စင်းလွှတ်လိုက်သည်။ သားဟူသောချစ်ခြင်းမေတ္တာဖြင့် ပီတိဇောဟုန်ကပ်နေသည့် ခြင်္သေ့ကြီးကိုမထိဘဲ ရှေ့မြေပြင်သို့မြားသက်သည်။ သုံးကြိမ်တိုင်တိုင်ထိုနည်းနှင့် ခြင်္သေ့မင်းကို ထိခြင်းငှာမစွမ်းချေ။

ထိုအခါခြင်္သေ့မင်းသည် ငါ့အား ရန်မူပါမည်လောဟု ဒေါသစိတ်ဖြင့် ရန်တုံ့ပြန်ရန် ကိုယ်ကိုလှုပ်ရှားသည်တွင် သီဟဗာဟုမှ နောက်ထပ် ပစ်လိုက်သည့်မြားကြောင့် ရင်ဝယ်စွဲကာ သေပွဲဝင်ရရှာသည်။

သီဟဗာဟုမင်းသား ခြင်္သေ့ဦးခေါင်းဖြတ်၍ နေပြည်တော်သို့ ပြန်ခဲ့သည့်အချိန်တွင် ခမည်းတော်ဝင်္ဂမင်းကြီး နတ်ရွာစံနှင့်နေပြီ။ ထို့နောက် ဦးကြီးတော် အနုရက္ခစစ်သူကြီးက မယ်တော်နှင့်လက်ဆက်ပြီး နန်းတက်သည်ကိုဖူးမြော်ရသည်။

မှူးမတ်တို့က ဝင်္ဂမင်းကြီး၏ မဟာဆီမဟာသွေး၊ သီဟဗာဟုမင်းသားအား ထီးနန်းကိုအပ်လိုသော်လည်း လက်မခံဘဲ ဦးကြီးတော်ကိုသာ အုပ်စိုးစေသည်။

နှမတော်သီဟသီဝလီ၏ ရွှေလက်ကိုဆွဲ၍ မိဖုရားမြှောက်လိုက်သည်။ နောက်လိုက်နောက်ပါများနှင့်တကွ ဖွားတော်မူရာဌာနလည်းဖြစ်၊ ဖခင်ကြီးကျဆုံးရာမြေလည်းဖြစ်သည့် လဠတိုင်း တောအုပ်အလယ်တွင် သီဟပူရမြို့တည်ကာ ထီးနန်းကိုစိုးစံသည်။

သီဟဗာဟုမင်းသားတွင် ခေါင်းခဲသောဝေဒနာသည် ကပ်ငြိသာသည်။ သမားတော်များနှင့်ကုသသော်လည်း မပျောက်ကင်းနိုင်သဖြင့် ဗေဒင်ဟူးရားတော်များကိုမေးသည်။ ဖခင်ခြင်္သေ့မင်းကို သတ်ခဲ့သည့် အကုသိုလ်ကံကြောင့်ဖြစ်ရသည်။ ထို့ကြောင့် ဖခင်ခြင်္သေ့

www.burmeseclassic.com

www.burmeseclassic.com



အထိမ်းအမှတ် ရုပ်တုပြုလုပ်၍ပူဇော်မှသာ ဝေဒနာပျောက်ကင်းမည်ဖြစ်ကြောင်း လျှောက်တင်ကြသည်။

ထိုအခါ သီဟဗာဟုမင်းသားသည် မင်းဧကရာဇ်က တိရစ္ဆာန်ရုပ်တုကို နေ့စဉ်ရှိခိုးပူဇော်နေရသည်မှာ အတိုင်းတိုင်းအပြည်ပြည်ကြား၍ မလျော်ကန်သဖြင့်မလုပ်လိုပေ။ ဥပါယ်တံမျဉ်ဖြင့် စေတီပုထိုးတော်များ အမြန်တည်စေပြီး တည်ပြီးသည့်ဘုရားစေတီရှေ့တွင် ခြင်္သေ့ရုပ်တုကို တင့်တယ်စွာထားရှိသည်။

ထို့နောက် ဘုရားဝတ်ပြုရာတွင် ခြင်္သေ့ရုပ်တုကိုလည်း ဖခင်အမှတ်ဖြင့် ရည်စူးပူဇော်ကန်တော့တောင်းပန်သည်။ ထိုအခါ သီဟဗာဟုမင်း၏ ခေါင်းကိုက်ဝေဒနာပျောက်ကင်းတော့သည်။

ထိုသို့ သီဟဗာဟုမင်း စေတီပုထိုးတို့တွင် ခြင်္သေ့ရုပ်တုကို တည်ထားကိုးကွယ်ရာမှ နောင်းလူတို့ ခေတ်တော်မွေတော်များဌာပနာလျက် စေတီပုထိုးတည်ထားကြရာတွင် ခြင်္သေ့ရုပ်တုများ ထည့်သွင်းလာသည်မှာ ရိုးရာအစဉ်အလာမပျက် ဓလေ့ဖြစ်ခဲ့ပါသည်။

သီဟဗာဟုမင်းသည် ဖခင်အားသတ်မိသဖြင့် ယူကျုံးမရဝမ်းနည်းကြေကွဲရသည်။ သတိသံဝေဂရ၍ စိတ်ပူပန်နှလုံးမငြိမ်ဖြစ်လာသည်။ သောကဝေဒနာစွဲကပ်လာမှုကို ပညာရှိ မှူးမတ်များက ဖခင်ခြင်္သေ့ရုပ်တု ကိုးကွယ်ရန်လျှောက်တင်ကြသည့်အတိုင်း ဘုရားစေတီရှိခိုးကော်ရော် ပူဇော်သည့်အခါ တစ်ပါးတည်း အဖကိုပါ ပူဇော်ရှိခိုးပြီးစိမ့်သောငှာ စေတီပုထိုးရှေ့တွင် ခြင်္သေ့ရုပ်တုတည်ထားသည်ဟူသောအဆိုကို မြန်မာတို့အစဉ်အလာ လက်ခံယုံကြည်ခဲ့သည့်အလျောက် မြန်မာ့ထုံးဓလေ့တွင် ဘုရားကျောင်းကန် စေတီပုထိုးမျက်နှာစာတွင် ခြင်္သေ့ရုပ်တုသည် စွဲမြဲနေပေပြီ။



မိဘဟူသည် သားသမီးအပေါ်မေတ္တာထားသည်။ တောင်းဆိုးပလုံးဆိုးကိုသာ လွှင့်ပစ်မည်။ သားသမီးအပေါ် ပစ်ပစ်ခါခါ ပုပ်ရိုးထုံးစံမရှိချေ။ သားကိုသခင် လင်ကိုဘုရားဟူ၍ မိခင်မေတ္တာကိုဖော်ညွှန်းကြသည်။ မြင်းမိုရ်တောင်ဦး မကကျူးသည့် မိခင်မေတ္တာကိုပုံနိုင်းကြသည်။

လောကတွင် မိဘမေတ္တာစုန်ရေသာရှိသည်။ သားသမီးတို့က မိဘအပေါ် ဆန်ရေမရှိ မဖြစ်ရလေအောင် မိဘကျေးဇူးအထူးသိတတ်ရသည်။

ကိုးကွယ်ရာ ပူဇော်ကန်တော့ရာတွင် ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘဟူ၍ အနန္တော အနန္တငါးပါးတွင် မိဘကိုဘုရားနှင့်တစ်ဂိုဏ်းတည်းထားသည်။ မည်သည့်ဘာသာဝင်မဆို မိဘသည်အထွတ်အမြတ်ဆုံးဟူ၍ နှလုံးမူရမည်။

မိဘကိုစော်ကားသူသည် အသက်မရှည်နိုင်၊ အဆင်းမလှ၊ ဒုက္ခကြုံပြီး အပယ်လေးဘုံအတွင်းကျလျက် ဆင်းရဲကြီးစွာဖြင့် လောကငရဲ ခံစားရပေသည်။

လောကသံသရာ လူ့ဘုံခမ်းဝါ၌ မိဘ၏ကျေးဇူးကိုသိတတ်စွာဖြင့် လုပ်ကျွေးခဲ့သူ ဘုရားအလောင်း သုဝဏ္ဏသာမဇာတ်ကြောင်းနှင့် ဖခင်ဗိမ္ဗိသာရမင်းကြီးကို ခြေဖဝါးဓားခွဲနှိပ်စက်စေပြီး အဖသတ်သောသား ဇာတသတ်တို့၏သမိုင်းကား မိုးနှင့် မြေပမာကွာခြားလှသည်။

◊ ◊ ◊ ◊ ◊

www.burmeseclassic.com

www.burmeseclassic.com

# ကြွေးဟောင်းဆပ်၍ ငြိသစ်ချသူ

မြန်မာတို့၏ ယဉ်ကျေးမှုထုံးဓလေ့သည် ကိုးကွယ်တော်မူရာ ဗုဒ္ဓပုံရိပ်၏ အဆုံးအမဩဝါဒ များစွာတည်သည်။ ရှင်တော်ဘုရား ဟောကြားခဲ့သည့်ဇာတ်တော်လာများနှင့် ဘုရားအလောင်းနှစ်ဦးက ဖြစ်ခဲ့ရသည့် ငါးရာ့ငါးဆယ်ဘဝတွင် အဟိတ်တိရစ္ဆာန်အဖြစ် ဘဝများစွာကျင်လည်ခဲ့ရသည်။ ထိုသို့သော ဇာတ်ကြောင်းများတွင် လူ့ဘောင်ဓလေ့ထုံးတမ်းအတွက် အဆုံးအမရည်ညွှန်းမှုများတွင် ကြီးသူကိုရိုသေ၊ ငယ်သူကိုသနား၊ မတရားမှုကိုစက်ဆုပ်၊ တရားမျှတမှုကိုသာနှစ်သက်၍ ဟိရိသြတ္တပ္ပတရားကို လက်ကိုင်ထားကာ သူတော်ကောင်းလက္ခဏာတို့နှင့်လျော်ညီစွာ ကျင့်သုံးရာတွင် လူဖြစ်စေ၊ အဟိတ်တိရစ္ဆာန်ဖြစ်စေ၄င်းတို့၏ထုံးကို မြန်မာတို့ယုံကြည်ခဲ့ကြသည်။ ယင်းတို့အနက် ဘုရားအလောင်း ကေဒါရကျေးမင်းအကြောင်းကို လူငယ်မောင်မယ်တို့ သိသင့်ဟုယူဆလျက် တင်ပြပါသည်။

မည်သည့်ဇာတ်ကြောင်းနှင့် မည်ကဲ့သို့သော ကောင်းမှုကြောင့်၊ နှောင်းလူတို့ အတုယူကောင်းဖွယ် သာဓကများရရှိခဲ့သည်ကို လေ့လာဖတ်ရှုကြရန်ဖြစ်သည်။

ငါးရာ့ငါးဆယ်နိပါတ်တော်လာ ကဏှာသနိပါတ်၊ ကေဒါရဇာတ်ကြောင်းတွင် ကေဒါရကျေးမင်း၏ အတုယူထိုက်ဖွယ်ကောင်းသည့် စရိုက်လက္ခဏာကျင့်တရားသည် နှစ်ပေါင်းရာထောင်မကခေတ်အဆက်ဆက်လိုက်နာကျင့်သုံးကြရမည့် ဥပဒေသဖြစ်ပါသည်။



ရှေးအခါက ရာဇဂြိုဟ်ပြည်၌ မာဂဓမင်းပြုနေချိန်တွင် သာလိန္ဒိယရွာ၏အနီး လက်ပံတောကြီးဝယ် ကျေးငှက်ပေါင်းထောင်သောင်းမက နေ၏။ ကျေးတို့၏ဘုရင်ဖြစ်သော လှည်းပုံတောင်းပမာဏကြီးမားသည့် ကိုယ်ထည်ရှိသော ကေဒါရကျေးမင်းသည် အစာရှာ၍ မိဘနှစ်ပါးကို လုပ်ကျွေးနေသည်။ ကျေးတို့သည် ကောသိယပုဏ္ဏား၏လယ်မှ မှည့်ဝင်းနေသောစပါးများကို သွားရောက်စားသောက်ကြ၏။

ကျေးတို့သည် အလိုရှိသမျှအဝစား၍ နှုတ်သီးဖြင့် မကိုက်မချီဘဲ ပျံကြကုန်၏။ ကေဒါရကျေးမင်းမှာကား မိမိလည်းအလိုရှိသမျှစားသည့်အပြင် အနှံကြီးအနှံကောင်းကို ကိုက်ဖြတ်၍ တစ်ပေါင်းတည်းနှုတ်သီးဖြင့် ချီလျက်ပျံလေ၏။ လယ်စောင့်သမားသည် အိမ်သို့ပြန်သွားပြီးလျှင် ကြီးမားလှသောကျေးကြီးတစ်ကောင်သည် စပါးနှံတို့ကို ကိုက်ချီ၍သွားကြောင်းနှင့် ချောက်လှန့်၍မရကြောင်း လယ်ရှင်ပုဏ္ဏားအားပြောကြားသည်။ ထိုအခါ လယ်ရှင်ပုဏ္ဏားက ကျေးကြီးအား မြင်းမြီးကျော့ကွင်းဖြင့်ထောင်ပြီးလျှင် အရှင်ရအောင်ဖမ်းယူခဲ့ဟု စေခိုင်းလိုက်သည်။ စာရင်းငှားသည် လယ်ရှင်ပြောသည့်အတိုင်း ထောင်ဖမ်းသည်တွင် ကျေးကိုမိတော့သည်။ ကောသိယ ပုဏ္ဏားကြီးထံယူဆောင်ခဲ့သည်။

ပုဏ္ဏားကြီး ကျေးမင်းကိုမြင်လျှင် ချစ်ခင်သောအမူအရာဖြင့် ရင်ခွင်ပိုက်၍မေး၏။ အလိုရှိတိုင်းစားသောက်ပြီးသော်လည်း ကိုက်ချီ၍သွားသည်မှာ သိုလှောင်ရန်ကျီကျများရှိသလား သို့မဟုတ် ကျွန်ုပ်ကိုရန်မူလို၍ ပြုလုပ်သည်လားဟူ၍မေး၏။

ထိုစကားကိုကြားလျှင် ကျေးမင်းက ကောသိယနွယ်ဖွား အရှင်ပုဏ္ဏား၊ အရှင်ပုဏ္ဏားကိုလည်း ကျွန်ုပ်ရန်မလို၊ စပါးသိုလှောင်ရန်တိုက်တာကျီကျတို့လည်း ကျွန်ုပ်တွင်မရှိပါ။ လက်ပံတောကြီးသို့ရောက်သည်ရှိသော် ကိုယ်ပေါ်ရစ်ဆောင်းကြွေးမြီးဟောင်းကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ဆပ်ရပါသည်။ ကြွေးသစ် မြီသစ်ကိုလည်းပေးချရပါသည်။ လက်ပံတောပျော်ကျေးငှက်တို့အပေါ်၌ ဖော်ထုတ်ခိုးယူခြင်းမပြုနိုင်ရန် ရွှေအိုးလည်းမြှုပ်နှံရပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် စပါးနှံများကို ကိုက်ချီသွားရသည်ဟုပြောပါသည်။

ပုဏ္ဏားသည် ကျေးမင်းပြောသောစကားကို နားမလည်သည်ဖြစ်၍ ကြွေးဆပ်ခြင်းဟူသည် အဘယ်နည်း။ သင်တို့ကျေးသားများမှာပင် ကြွေးမြီတင်သည်ရှိသေးသလော။ ကြွေးသစ်ပေးခြင်းဟူသည်ကား အဘယ်နည်း။ တိရစ္ဆာန်ကျေးငှက်များပင် အတိုးအရင်းအပွား ချေးငှားပေးကမ်းသေးသလော။ ရွှေအိုးမြှုပ်ခြင်းဟူသည် အဘယ်နည်း။ ကျေးမင်းတို့မှာ နောင်သားမယားတို့အတွက် ရွှေငွေဥစ္စာမြှုပ်နှံရသလောဟူ၍မေးသည်။ ကျေးမင်းက အမိအဖလုပ်ကျွေးခြင်းသည် ငယ်စဉ်က ကိုယ့်အပေါ်၌ ပြုစုခဲ့သောကြောင့် ကြွေးဟောင်းဆပ်သည်မည်၏။ သားသမီးတို့ကို လုပ်ကျွေးခြင်းသည် မိမိအရွယ်ကြီးသောအခါ ကျွေးတုံ့ကျွေးလှည့်၊ မွေးတုံ့မွေးလှည့်၊ မွေးကျေးဇူးဆပ်ကြလတ္တံ့ဟု ရည်မှန်းအားထား၍လုပ်ကျွေးသောကြောင့် ကြွေးသစ်ချသည်မည်၏။ မစွမ်းမသန် အားအင်ကုန်ခန်းသောငှက်အိုနှင့် ကျေးအိုများအား လုပ်ကျွေးခြင်းသည် ကောင်းမှုသက်သက်မျှဖြစ်သောကြောင့် ရွှေအိုးမြှုပ်သည်မည်၏ဟူ၍ ပြန်ပြောလေ၏။

ပုဏ္ဏားကြီးသည် ကျေးမင်းပြောဆိုသောစကားကို အလွန်နှစ်သက်၍ မိမိလယ်ထဲ၌ အလိုရှိတိုင်း ကျက်စားစေရန်အခွင့်ပေးပြီးလျှင် မြင်းမြီးအနှောင်အဖွဲ့မှ လွှတ်ပေးလိုက်သည်။

ကေဒါရကျေးမင်းသည် လက်ပံတောသို့ပြန်သွား၍ မိခင်၊ ဖခင်တို့ကို အသက်ထက်ဆုံးလုပ်ကျွေးလေသည်။ မိဘကိုလုပ်ကျွေးသူအား သူခပ်သိမ်းတို့ချစ်မြတ်နိုးကုန်သည်။ ခပ်သိမ်းသောဘေးဒုက္ခဆင်းရဲခြင်းအပေါင်းမှ လွတ်ကင်းကုန်ရာသည်။



ဘုရားကျောင်းကန် စေတီပုထိုးများတွင် ငါးရာ့ငါးဆယ်ဇာတ်တော် အတင့်အတယ်ရေးကြသည့်အခါ ကေဒါရကျေးမင်းဇာတ်နိပါတ်တော် ပန်းချီကားကို မြင်တွေ့နိုင်ပါသည်။ ပုဂံမြို့ လောကထိပ်ပန်ဘုရား၏ ငါးရာ့ငါးဆယ်နိပါတ်တော် ဆေးရေးပန်းချီကားတွင် ထင်ရှားသည်။

- ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊
  မွေခံထိုက်စေ လှူမျှဝေ၍၊
  စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊
  ကျင့်ဖွယ်သားတို့တာ။ ။
- မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊
  အတတ်သင်စေ၊ ပေးဝေနှီးရင်း၊
  ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်၊
  ဖခင်မယ်တို့တာ။ ။
- ပေးကမ်းချီးမြှင့် ကိုယ်နှင့်ယှဉ်ထား၊
  စီးပွားဆောင်ရွက် နှုတ်မြွက်ချိုသာ၊
  သစ္စာမှန်စေ ဝတ်ငါးထွေ၊
  ကျင့်လေမိတ်သဟာ။ ။

ဟူ၍ ပြဆိုထားသည့် သင်္ဂဇာဆရာတော်၏ ဆိုဆုံးမမှုအတိုင်း သားသမီး ဝတ္တရားငါးပါး၊ မိဘဝတ္တရားငါးပါး၊ မိတ်ဆွေဝတ္တရားငါးပါးစသည့် မြန်မာ့ဓလေ့ ထုံးဓလေ့ကို တိုင်းရင်းသားအပေါင်းတို့ လိုက်နာကျင့်သုံးကြသည်။

× × × × ×

www.burmeseclassic.com

www.burmeseclassic.com

# ကြက်သံကို ဗဟိုပြုရာဝယ်

ယနေ့ကမ္ဘာပေါ်တွင် ကြက်၏မျိုးရိုးပေါက်ပွားရာဒေသကို ဆန်းစစ်သည့်အခါ မြန်မာ့မြေပေါ်မှစတင်ခဲ့ကြောင်း အတည်ပြုပြောဆိုကြမည်သည်။ မြန်မာ့တောတောင်ရေမြေတွင် ကျက်စားသည့်ကြက်ရိုင်း (Gallus) ဘဝမှ အိမ်မွေးယဉ်ပါးသည့်တောကြက်မျိုး (Jungle Fowl) ဖြစ်လာပြီး အာရှ တိုက်မှတစ်ဆင့် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့သွားသည်။ ဒေသအလိုက် နိုင်ငံ၏ မွေးမြူရေးနည်းပညာအရ မူလတစ်မျိုးတည်း ဗီဇရှိသည့်ကြက်သည် ဥစား၊ အသားစားဟူ၍ ကွဲပြားခြားနားသွားသည်။ မြန်မာမြေပေါ်ရှိ မြန်မာကြက်သည် မျိုးရိုးဗီဇကိုမပြောင်းလဲဘဲ ဥဥသည်၊ သားဝပ်သည်၊ သားပေါက်သည်၊ သားထိန်းသည်ဟူသော အလေ့ကို ပိုင်ဆိုင်နေဆဲဖြစ်ပါသည်။

မြန်မာတို့သည် ရှေးထုံးစဉ်လာကပင် အိမ်ကြက်များကိုမွေး၍ ယဉ်ပါးကြအောင် ပြုလုပ်နိုင်ခဲ့သည်။ မြန်မာ့ယဉ်ကျေးမှု လူမှုနယ်ပယ်တွင် ကြက်သည်အရေးပါခဲ့သည်။

မြန်မာတို့၏ နတ်ကိုးကွယ်လေ့ထုံးစံတွင် နတ်သမိုင်း၌ ကြက်သမားမှ နတ်ဖြစ်သည့် ရွှေစစ်ပင်နတ် (ပုဂံခေတ်)၊ ကိုကြီးကျော်နတ် (အင်းဝခေတ်)၊ ရွှေနော်ရထာနတ် (သာယာဝတီ သုံးမျိုးရှင်) နတ်တို့ဖြစ်သည်။ မြန်မာရာဇဝင်တွင် ကြက်ခေါင်းစား၍ မင်းဖြစ်ခဲ့ရသည့်အကြောင်း သရေခေတ္တရာသမိုင်း၌ ဝေတစ်ပါးမင်းဟူ၍လာသည်။



ကျေးလက်မြို့ပြများတွင် မြန်မာကြက်ကို မွေးမြူကြသည်။ လွှတ်ကျောင်းစနစ်သက်သက်ဖြစ်သည်။ အသားအတွက်၊ ဥအတွက် ရည်ရွယ်မွေးမြူကြသည်။ လူတို့စရိုက်အရ နွားတိုက်ပွဲ၊ မြင်းပြိုင်ပွဲနည်းတူ ကြက်တိုက်ပွဲများလည်းရှိလာသည်။

ကြက်တိုက်ကြသည့်ဓလေ့သည် ကျေးလက်တွင် ထွန်းကားနေဆဲ ဖြစ်သည်။ ကြက်တိုက်ပွဲသည် ဝိုင်းနှင့် စည်းနှင့် ဥပဒေသများ၊ ကြက်ဒိုင် လူကြီးများပါဝင်သည်။ လောင်းကစားစွက်ဖက်သော ကြက်တိုက်ခြင်းဖြစ်၍ နိုင်ငံတော်ကခွင့်မပြုချေ။ ဥပဒေအရ အရေးယူနိုင်ပေသည်။ ကလေးများကမူ လူကြီးကဲ့သို့ ကြက်ဝိုင်းမဝင်ရသော်လည်း မြန်မာ့ရိုးရာကျေးလက် အားကစားဖြစ်သည့် ကြက်ဖခွပ်တမ်းကို ကစားကြသည်။

ကြက်ဖခွပ်တမ်းကစားနည်းကို မြန်မာတိုင်းရင်းသားလူမျိုးများအားလုံးလိုလို ကစားကြသည်။ ကြက်ဖခွပ်ရာတွင် ကလေးများဆိုသည့်သီချင်းမှာ ဒေသိယဘာသာစကားကွဲသော်လည်း အဓိပ္ပာယ်အတူတူပင်ဖြစ်သည်။ ဗမာ၊ ရှမ်း၊ မွန်၊ ရခိုင်၊ ကရင် ကလေးများ၏ ကြက်ဖခွပ်ကစားနည်းမှာမူ မကွဲလှပေ။ ကြက်ဖခွပ်တမ်းကစားနည်းမှာ ယှဉ်ပြိုင်မည့် လုံမငယ်နှစ်ဦးသည် တစ်လံကွာ မျက်နှာချင်းဆိုင် ဆောင့်ကြောင့်ထိုင်ကြရပါသည်။ အားပေးသူများက စည်းဝိုင်းပြင် ဘက်ပတ်ဝိုင်း၍ နေရာယူထားကြသည်။ ကြက်ဖအတောင်ခတ်သကဲ့သို့ ကြက်ခွပ်ကစားမည့် ကလေးက လက်ကိုအပေါ်အောက် နိမ့်ချည်၊ မြင့်ချည်၊ မှောက်ချည်လုပ်၍ တင်ပါးပေါ်သို့ အချက်ကျကျ ပုတ်ကစားရသည်။ ထိုင်လျက် ဘယ်ခြေ ညာခြေတို့က ရှေ့တိုး နောက်ဆုတ်ပြုခြင်းဖြင့် လဲမကျတမ်း ယှဉ်ပြိုင်အနိုင်ယူ ရသည့်ပွဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကစားဖော်များက သူ့ဘက်ကိုယ့်ဘက် ဝိုင်းဝန်းအားပေးသည်။ ကစားမည့်နှစ်ဦးအနက် အရင်ဖင်ထိုင်လဲကျသွားသူသည် အရှုံးဖြစ်သည်။ အချို့ဒေသများတွင် အဖွဲ့လိုက်ယှဉ်ပြိုင်ကြပြီး အတွဲလိုက်အများဆုံးအနိုင်ရသည့်ဘက်ကို ဗိုလ်စွဲသည်ဟုသတ်မှတ်သည်။ ယှဉ်ပြိုင်သည့်အခါ တစ်ကြိမ်တည်းနှင့် အရှုံးအနိုင်၊ အနိုင်အရှုံးပေါ်အောင် ခွပ်ကစားသည်။ သုံးချီ သုံးလားစနစ်မရှိပေ။

ကြက်ဖခွပ်တမ်းမကစားမီ ကလေးများက အောက်ပါသီချင်းကို ပြိုင်တူအော်ဟစ်သီဆိုအားမွေးကြသည်။

* ကြက်ဖတိန်ညင် တောကိုဝင်
မောင်ရင်လာတော့ လေးနှင့်ပစ်၊
* မပစ်ပါနဲ့ မောင်ရင်ရယ်
ကြက်တက်စူးလို့ သေပါမယ်၊
* ဘယ်ဘက်က စူးစူး
ညာဘက်က စူးစူး၊
* ခွပ်လိုက်ကြစို့ … သူငယ်ချင်း
အောက် … အီးအီး … အွတ်။ ။

အသံအနေအထား ဖြတ်အတောက်၊ သံပြိုင်စုပေါင်း ရွတ်ဆိုသံသည် ကျေးလက်မြေတလင်းထက်ဝယ် ဘဝင်သို့တိုင်ညံတော့သည်။ သီဆိုအပြီး သီချင်း၏နောက်ဆုံးအပိုဒ် အောက် .. အီးအီး .. အွတ် သည် ပြိုင်ပွဲစတင်ရန် အချက်ပေးလိုက်သည့်ခရာသံဖြစ်သည်။

ကြက်ဖခွပ်တမ်းကစားနည်းသည် မရပ်မနားလှုပ်ရှားနေရသည် ဖြစ်၍ မောပန်းလာသည်။ သက်လုံမကောင်းသူအဖို့ ခြေလက်လှုပ်ရှား



မှု နှေးကွေးလာသည်။ မသယ်ချင်ဖြစ်လာသည်။ အမြန်လှုပ်ရှားခြင်း မပြုနိုင်၊ လေးလေးနှင့် နှေးလာကာ ဖင်ထိုင်မကျအောင်ထိန်းထားကြသည်။

ကြက်ဝိုင်းဘေးမှအားပေးနေကြသည့် သူငယ်ချင်းများ မရိုးမရွဖြစ်လာကြသည်။ ပဝါမကူ၊ ရေမကူတမ်းမို့ ကိုယ်ထိလက်ရောက်အားမပေးနိုင်။ ထို့ကြောင့် မိမိဘက်တော်သားအား သီချင်းဖြင့်အားပေးကြပြန်သည်။

*** ဒူးမတိုက်နဲ့၊ မတိုက်နဲ့တော်ရေ …..
ငါ့မောင်ကြိုက်မှ၊ ငါ့ယောင်းမဟော့ …..
ငါတို့ကြက်ဖနိုင်နိုင် ရွှေဖလားနဲ့ ကြက်သားကိုင်၊
ငါတို့ကြက်ဖရှုံးရှုံး ကြေးဖလားနဲ့ ကြက်ချေးတုံး၊
ကြက်သွန်ဖြူခုနစ်တက် ဒင်းနဲ့ ငါနဲ့ တကျက်ကျက်။ ။

သားငယ်လွင်ဘိုဘိုအောင်က ကြက်ဖခွပ်တမ်းကစားနည်းကို အလွန်ကြိုက်သည်။ ကြက်တွန်သံကိုယူ၍ အောက်အီးအီး - အွတ် ဟု တွန်နေရမည်ကိုလည်း မမောနိုင်။ ပြိုင်ဘက်မရှိလျှင် တစ်ယောက်တည်း ခွပ်ကစားနေတော့သည်။

ယခုလည်း ညနေကျောင်းဆင်းလာပြီး အိမ်ရှေ့သရက်ပင်အောက်၌ တစ်ယောက်တည်း ကြက်ဖခွပ်နေပေပြီ။ ပါးစပ်မှလည်း - အောက် - အီးအီး - အွတ် ဟုတွန်လိုက်သေး။

အမေ မရွှေငွေးက သူ့သားကို ပြုံးပြုံးကြီးအားပေးနေသည်။

"ဘိုဘိုကြက်ကြီးရဲ့ - ညနေစောင်းပဲရှိသေးတာ၊ ကြက်တွန်သံက မိုးလင်းလုနေပြီ" ….. အစ်မဖြစ်သူ မမသက်က ခပ်ထေ့ထေ့။

www.burmeseclassic.com

www.burmeseclassic.com



"သန်းခေါင်ကြက်ဟေ့ … သန်းခေါင်ကြက် … အဲလေ ယောင်လို့ သူငယ်အိပ်ဆိတ်ချိန်တဲ့ …..''အစ်မဖြစ်သူ မမမွှေးက ပြုံးစိစိနှင့် ကလိပြန်သည်။

"သတ္တိရှိရင်ကွင်းထဲဆင်းခဲ့တော့''… လွင်ဘိုဘိုအောင်က အစ်မများကို စိန်ခေါ်လိုက်သည်။

"ညီလေးတွန့်တာက ညောင်ကန်ကြက်သံကွ .. အော့တရီး အွတ်တဲ့…''

"ကိုရည်မွန်ကလဲ မသိဘဲနဲ့ပြောပြန်ပြီ - အဲဒါ စစ်တကောင်းကြက်ကြီး…''

"တိုက်ခေါ် - မင်းလဲမှားပြန်ပြီ - မှားပြန်ပြီ - ဘိုဘိုတွန့်သံက မဂို - မဂဲ၊ မယားဆဲလေးကွ …..'' မောင်မောင်စိုးသက်က မီးလောင်ရာ လေပင့်လာသည်။

အစ်ကို၊ အစ်မများ၏ လှောင်ချက်ကို အငယ်ဆုံးဘိုဘိုက ဒဏ်မခံနိုင်တော့၍ ကြက်ဖခွပ်နေခြင်းရပ်လိုက်ပြီး အမေ့ရင်ခွင်ကို ပြေးဝင်သည်။

အစ်ကို၊ အစ်မများပြောနေသည့် လင်းကြက်ဆော် သန်းခေါင်ကြက်တွန့်သံ၊ စစ်တကောင်းတွေ၊ မဂို မဂဲတွေကို နားမလည်ပါ။ သူငယ်တန်းကျောင်းသားအရွယ်။ ကံ့ကူလက်လှည့်ငယ်ဆရာ ပုဗ္ဗာစရိယ မိနှင့် ဖကိုမေးတော့၏။

"ခြေတွေလက်တွေ ဆေးပြီးရင် ထမင်းစားမယ်…''

"အိပ်ရာဝင်တော့ပြောမယ်''… အဖေ့စကားက မိသားစုတစ်သိုက်၏ ကျီစယ်ပွဲလေးကိုရပ်လိုက်သည်။



အမေဖြစ်သူက "သားအမေရေးတဲ့ "မြန်မာဟင်းစားကြက်'' စာအုပ်ထဲမှာ အားလုံးပါတယ်''… ဟုချေးဆစ်သည်။

"သားက သူငယ်တန်းပဲရှိသေးတာ၊ အမေပြောပြနော် …''

မိခင်ဖြစ်သူက မြန်မာကျေးလက်ကြက်မျိုး (ဟင်းစားကြက်) မျိုးကွဲများကို ဦးစွာရေတွက်ပြသည်။

"မြန်မာကြက်မျိုးကတော့ အားလုံးအတူတူပဲ - ကြက်ရဲ့လည်ပင်း၊ ကျော၊ ခါးမေးကိုကြည့်ပြီးအခေါ်ကွဲတာ - တိုက်ကြက်ကောင်းတစ်ကောင် ဖြစ်ဖို့ကတော့ ဗီဇသတ္တိလိုတယ်လေ … ဥယန်း … ဆိုတာ၊ အဝါရောင် ပြေးမှာ အနက်ကျားတဲ့ကြက်၊ ဖောင်း - ဆိုတာ၊ အဖြူမွေးထွန်းပြီး အနက် မွေးဖောက်တဲ့ကြက်၊ ကြက်နီ - ဆိုတာ၊ ခါးဆံမှာ အနီရှိတဲ့ကြက်။''

"တစ်ကိုယ်လုံးနီနေရင် ကြက်နီချိပ်လို့ခေါ်တာ၊

မည်း ဆိုတာ ကြက်နက်၊ မည်းလေးလို့လဲခေါ်တယ်၊

ဖိမ်း ဆိုတာ တိုက်အနက်၊ အစိမ်းရောင်လွှင်လွှင်၊

မဂို ဆိုတာ ကြက်မအင်္ဂါရုပ်ရှိတယ်၊ အနီကြောင်၊ အဝါကြောင်၊ အပြာကြောင်၊ မီးခိုးရောင်လဲရှိတယ်။

မဂိုနီ၊ မဂိုနက်၊ မဂိုဒီးဒုတ်၊ ဗြာမဂို - ဆိုတာတွေက အရောင်ကြောင်ကျားကိုလိုက်ပြီးခေါ်တာ။

ကြံ့နွံဆိုတာ တစ်ကိုယ်လုံးအဖြူ၊ ခါးဆံမှာ အဝါမွေးရှိတယ်။

စင်ရော်ဆိုတာ တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူ၊

ညောင်ကန်ဆိုတာ ကြက်ကွ၊ အမွေးစုံ ခြေသလုံးအမွေး၊ ရှောက်ကြက်နဲ့ တိန့်ညင်ကြက်စပ်ထားတဲ့ကြက်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



စစ်တာကောင်းဆိုတာ ကြက်ကြီးမျိုး၊ လောကြက်လို့လဲခေါ်တယ်။

မြာ ဆိုတာ အပြာနုရောင်ကြက်၊”

“မြာဥယန်း၊ မြာနီ၊ မြာဝါ၊ မြာမီးခိုး ဆိုပြီး တိုက်ကြက်အမျိုးမျိုး ခေါ်ကြတာ၊ ကျန်သေးတယ်…”

“ကြက်အကြောင်းတော့ တော်ပြီအမေ၊ … ကြက်တွန်သံ အချိန်တွေကိုပဲပြော” … ဘေးမှနားထောင်နေသည့် မောင်မောင်က တောင်းဆိုလိုက်သည်။ လွင်ဘိုကတော့ အမေ့ဘေးမှ ငိုက်မျဉ်းစပြုလာ နေပြီဖြစ်သည်။

“ရှေးတုန်းကပေါ့ကွာ၊ အခုလို စက်နာရီတွေမပေါ်သေးဘူး၊ အချိန်သိချင်ရင် ကြက်တွန်သံကိုနားထောင်ရတယ်၊ ကြက်တွန်တာဟာ ညချမ်းလား၊ သန်းခေါင်လား၊ ညဦးလယ်လားဆိုပြီးပေါ့၊ လင်းကြက် ဆိုတာတော့ သူ့အမှတ်အသားနဲ့ သူပဲ။ ရှင်ဘုရင်နန်းတော်မှာတော့ နေနာရီ၊ ရေနာရီ၊ သဲနာရီတွေထားပြီး အချိန်မှတ်ကြတယ်။ သူ့အချိန်နဲ့ ရွှေပဟိုရ်စည်ကြီး တီးတယ်လေ။ တောရွာမှာတော့ ကြက်တွန်သံပဲ မှတ်ရတယ်လေ…”

“ကိုထိုက် … အလယ်တန်းစာအုပ်ထဲမှာ အဲသည်ကဗျာပါ တယ်လေ … ငါဆိုပြမယ်”

** ရွှေပဟိုရ်စည်သံများကိုလ၊ မကြားရကြာချေပြီ၊ လေးလ ရာသီ။

တိုင်းဌာနီ၊ မဟုတ်ကယ်ပါပြီလို့ ကြက်သံကို ပဟိုရ်ပြုရ တယ်၊ တောရွာသူမို့ …..

မသက်ကဝင်၍ အမှတ်ယူသည်။



လွင်ဘိုက ကြက်ကဗျာရွတ်သံကြောင့် ခေါင်းထောင်သည်။

အမေက ဆက်၍ပြောပြန်သည်။

“ကြက်တွန်သံကို ညပိုင်းအတွက်သာမှတ်သားကြတယ်လေ - ဒါကြောင့် ညနေ၊ နေဝင်ရီတရော၊ နွားရိုင်းသွင်းချိန်ကစပြီး အမှတ်အသား ပြုကြတယ် -

| | | | | |
|---|---|---|---|---|
| (၁) | နေဝင်ဆည်းဆာကြက်အိပ်တန်းတက်တွန်သံ | ညနေ | ၆ | - နာရီ |
| (၂) | သူငယ်အိပ်ဆိတ်ကြက်တွန်သံ (ကလေးအိပ်ချိန်) | ည | ၈ | - နာရီ |
| (၃) | သက်ကြီးခေါင်းချကြက်တွန်သံ (လူကြီးအိပ်ချိန်) | ည | ၁၅ | - နာရီ |
| (၄) | လုလင်ပြန်(ကာလသားအိမ်လည်မှ ပြန်ချိန်) ကြက်တွန်သံ | ည | ၁၁ | - နာရီ |
| (၅) | သန်းခေါင်ယံကြက်တွန်သံ | ည | ၁၂ | - နာရီ |
| (၆) | ကြက်ဦးတွန် (အရုဏ်တက်ချိန်) ကြက်တွန်သံ | နံနက် | ၄ | - နာရီ |
| (၇) | လင်းကြက်တွန်သံ (လင်းကြက်ဆော်) | နံနက် | ၅ | - နာရီ |

“မောင်လေးဘိုဘို မှတ်ထားနော်… ”

အမေ့စကားကို နားထောင်နေသည့် မမမွှေးနှင့် မမသက်တို့က ပြိုင်တူပြောလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြက်တွန်သံက ညပိုင်းဆိုတော့ နေ့အချိန်ကျရင်ရော ဘယ်အချိန်တွေတွန်သလဲ … မမမွေးတို့သိလား …."

မမမွေး၊ မသက်တို့မှ အသံထွက်မလာချေ။

လွင်ဘိုက အမေးအမြန်းထူသည်။ ကလေးသူငယ်၊ လူငယ်လူရွယ်မောင်မယ်များ စူးစမ်းလိုစိတ်ရှိကြသည်။ အရာရာကိုသိချင်ကြသည်။ လူငယ်တို့ဘဝ ရှေ့ရေးလမ်းခရီးတွင် အသစ်သစ်သော ဆားပတ်ဝန်းကျင်များ၊ အသစ်သစ်သောတီထွင်ဆန်းသစ်မှုနောက်သို့ အမီလိုက်ရန် ဗဟုသုတပြည့်စုံဖို့လိုသည်။ ရိုးရာထုံးမလေ့ယဉ်ကျေးမှုများကိုလည်း သိထားရန်လိုအပ်သည်။

ကလေးအတွေး၊ ကလေးအမေးကိုဟန့်တားပါက ကလေးစိတ်အားငယ်သွားမည်၊ စိတ်ဓာတ်ပျက်ပြားသွားမည်ဖြစ်သည်။ အတွေးအခေါ် ရင့်သန်မှုနည်းပါးသွားမည်ဖြစ်သည်။ အကျိုးဆက်အဖြစ် ဉာဏ်ရည် ဉာဏ်သွေး နိမ့်ပါးသွားမည်ဖြစ်သည်။

ကလေးသူငယ်၊ လူငယ်လူရွယ်တို့ သဘာဝဖြစ်ရပ်များ၏ ကြောင်းကျိုးဆက်နွယ်မှုကို နားလည်နိုင်စွမ်းမရှိသေးပါ။ မုန့်ပဲသရေစာတို့သည် ထမင်းလောက် အာဟာရမဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်မညီညွတ်ကြောင်းမသိပေ။ သူတို့လိုချင်တာ မရ၊ စားချင်တာ မစားရလျှင် စိတ်ကောက်မည်ဖြစ်သည်။ ထို့ကြောင့် သူတို့နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြား ဆုံးမသွန်သင်ပေးရန်မှာ မိဘတွင်အဓိကတာဝန်ရှိသည်။ ကျောင်းနေပျော်၍စာတော်ရန်၊ ယဉ်ကျေးလာရန်နှင့် အသိဉာဏ်တိုးပွားလာစေရန်အတွက် ဆရာ၊ ဆရာမများတွင်လည်း တာဝန်ရှိသည်။ မိဘဆရာတို့၏ ဆိုဆုံးမသွန်သင်ညွှန်ပြရှင်းလင်းပြောပြမှုကြောင့် ကလေးလူငယ်တို့သည် အဆိုးအကောင်းကို



ခွဲခြားသိမြင်လာနိုင်မည်၊ ဆင်ခြင်တွေးတောလာနိုင်မည်ဖြစ်သည်။ ထင်မြင်ယူဆချက်ကို ပွင့်ပွင့်လင်းလင်း ပြောဆိုလာရန် အားပေးပါ။ နားလျှင်ပြုပြင်ပေးပါ။ မှန်သောစကားဆိုရန် အားပေးပါ။ ကလေးသူငယ် လူငယ်လူရွယ်တို့စရိုက်မှာ ဟန်မဆောင်တတ်၊ မလိမ်မညာတတ်ချေ။ ထိုအချိန်တွင် မိဘနှင့် ဆရာသမားများက ရင်သွေးရတနာတပည့်များအား မှန်ကန်သောလမ်းကြောင်းပေါ်သို့ ပို့ဆောင်နိုင်ရန်အရေးကြီးပါသည်။ ကလေးသူငယ် လူငယ်လူရွယ်တို့သည် အရာရာကိုသူ၏ရှုထောင့်မှသာ ကြည့်တတ်သည်။ လောကတွင်ကောင်းသည်ဆိုးသည်ဟူသောအရာများကို သူတို့မခွဲခြားတတ်ပေ။ သူတို့နှင့် တိုက်ရိုက်သက်ဆိုင်မှုအယူအဆမှာ သူတို့အတွက် လိုချင်တာရလျှင် လုပ်ချင်တာလုပ်ရလျှင် ကောင်းခြင်းမည်သည်။ သူတို့လိုတာမရ၊ လုပ်ချင်တာမလုပ်ရသည်ကို အဆိုးဟုမြင်သည်။ သူတို့ကြိုက်နှစ်သက်သည့် အရာသည် လောကတွင် အကောင်းဆုံးဖြစ်နေမည်။ သို့ဖြစ်ရာ မိခင်၊ ဖခင်၊ ဆရာသမားတို့သည် စိတ်ရှည်ရမည်၊ ကလေးအတွေး အယူအဆတို့မှားယွင်းနေပါက လမ်းမှန်သို့ရောက်ရန် နည်းအမျိုးမျိုးဖြင့် တည့်မတ်ပေးရမည်ဖြစ်ပါသည်။

"နေ့ခင်းမှာတော့ ကြက်တွန်သံမဟုတ်ပြန်ဘူး"

"ဘာကောင်တွေက အော်တာလဲ"

"အကောင်တွေမဟုတ်ဘူး၊ နေမင်းကိုကြည့်ပြီး အချိန်နာရီခန့်မှန်းကြတယ်လေ"

လွင်ဘို နေမင်းကိုသိပါသည်။ နံနက်လင်းလျှင် နေထွက်လာသည်။ ညနေချိန် နေဝင်သည်။

"နေမထွက်ခင် အရှေ့မိုးကောင်းကင်က ရောင်နီပေါ်လာတယ်၊ နောက် ပန်းနုရောင်ကနေ နီနီရဲရဲဟာ မိုးကောင်းကင်မိုးကုပ်

www.burmeseclassic.com

www.burmeseclassic.com



စက်ဝိုင်းအစမှာ ဖြာထွက်လာတယ်။ အဲဒါဆိုရင် နေထွက်တော့မယ်။ အမေတို့အိမ်က တိုင်ကပ်နာရီကြီးကို ကြည့်ပြီးမှတ်ထားနော်။”

| | | |
|---|---|---|
| “နံနက်နေအရုဏ်တက်ချိန် | ၄ | - နာရီခန့် |
| နံနက်ဝေလီဝေလင်းအချိန် | ၅ | - နာရီခန့် |
| နံနက်လင်းအားကြီးအချိန် | ၆ | - နာရီခန့် |
| နံနက်နေထွက်စပြုချိန် | ၇ | - နာရီခန့် |
| နံနက်နေထန်းတစ်ဖျားအချိန် | ၈ | - နာရီခန့် |
| နံနက်ဆွမ်းခံဝင်ချိန် | ၁၀ | - နာရီကျော် |
| နေမွန်းလတ်ချိန် | ၁၁ | - နာရီခန့် |
| နေမွန်းတည့်ချိန် | ၁၂ | - နာရီ |
| နေမွန်းတိမ်းချိန် | ၁ | - နာရီခန့် |
| နေမွန်းလွဲချိန် | ၂ | - နာရီခန့် |
| ညနေစောင်းအချိန် | ၃ | - နာရီခန့် |
| ညနေအချိန် | ၄ | - နာရီ |
| နေဝင်ဆည်းဆာအချိန် | ၅ | - နာရီ |
| နေဝင်ရီတရော၊ မမှောင်ခင်ကာလ | ၆ | - နာရီ |
| နွားရိုင်းသွင်းချိန်၊ ညီအစ်ကို မသိတသိအချိန် | ၆ နာရီကျော် ၇ နာရီခန့် | |

အဲဒီအချိန်ပြီးရင် ညဉ့်ပိုင်းရောက်လာပြီမို့ ကြက်တွန်သံနဲ့ ဆက်ပြီး မှတ်ကြတယ်”...

အမေရှင်းပြနေသည့်အချိန်မှာပင် သူငယ်အိပ်ဆိတ်ကြက်က တွန်သံပေးလာသည်။ လွင်ဘိုလည်း အိပ်ပျော်စပြုလာပေတော့သည်။

❀ ❀ ❀ ❀ ❀

# သူရဲကောင်းနှင့်အတူ

မြန်မာမှုနယ်ပယ်တွင် သူရဲကောင်းများနှင့်အတူ ယှဉ်တွဲဖော်ပြ ဖော်ပြခဲ့သော တိရစ္ဆာန်ကလေးများအနက် မြင်းသည်လည်းအပါအဝင် ဖြစ်သည်။ မြန်မာတို့ရှေးရိုးအစဉ်အလာ ဆိုထုံးခဲ့ကြသည့် ရတနာခုနစ်ပါးတွင် ဆင်ရတနာ၊ မြင်းရတနာဟူ၍ ပါရှိသည်။

မြန်မာ့မြေပေါ်တွင် မြင်း၏ဖြစ်တည်မှုအစသမိုင်းကို ရာစုနှစ်ဖြင့် ပိုင်း၍မဖော်ပြနိုင်လင့်ကစား မြန်မာလူမျိုးတို့ပေါ်ဦးစကပင် မြင်းသည်မြန်မာနှင့်အတူရှိနေပြီဟု ယူဆနိုင်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းသန်း (၃၀) ကျော်၊ သန်း (၄၀) ခန့် လူ့သမိုင်းအစ လူတူပုရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း (Arthrotoid Primate) ကို ပုံတောင်ပုံညာ မြန်မာဒေသတွင် တွေ့ရှိခဲ့ရသည်။ ထို နှစ်သန်း (၄၀) လွန်ကာလကို အီအိုဆင်းယုဂ်ခေတ် (Eocene Period) တွင် မြင်းဟူ၍ မခေါ်ဆိုနိုင်သေးသော်လည်း မြင်းအလောင်းအလျာ သတ္တဝါငယ်ကလေး စတင်ပေါ်ပေါက်ခဲ့ပြီဖြစ်၏။ နှစ်ပေါင်းဆယ်သန်းလွန် ပလိုင်စတိုဆင်းယုဂ် (Pleistocene Period) ခေတ်တွင် မီဆိုဟာစ်ပတ်စ် (Mesohippus) ခေါ်တွင်သည့်မြင်းမှ ယခု အီကွပ်စ် (Equas) မြင်းဘဝ သို့ရောက်လာသည်။ မြန်မာ့ရေမြေ ဆာတောင် ဆက်စပ်တည်ရှိနေသည့် တိဗက်ကုန်းပြင်၊ မွန်ဂိုလီးယား

www.burmeseclassic.com

www.burmeseclassic.com



ကုန်းပြင်မြင့်များသည် ကမ္ဘာ့မြင်းရိုင်းတို့ စတင်ပေါက်ပွားရာဒေသဖြစ်သည်။ မြင်းရိုင်းမှ အိမ်မွေးတိရစ္ဆာန် မြင်းယဉ်ခေတ် ကူးပြောင်းလာခဲ့သည်။ မြန်မာလူမျိုးတို့၏ အစသမိုင်းတွင် မြင်းသည် ပွားဖက်တော်အဖြစ်ပါဝင်ခဲ့သည်။

မြန်မာတို့၏ ကိုးကွယ်တော်မူရာ ဗုဒ္ဓမြတ်စွာဘုရားသခင်၏ ပုံရိပ်များတွင် တောထွက်ခန်း၌ ပွားဖက်တော်အဖြစ်ပါဝင်သည့် ခဏ္ဍကမြင်းပုံရိပ်သည် မြန်မာတို့မူလဇာစ်မြစ်တွင် မြင်းအကြောင်း စိုးစဉ်းသိနေပြီး ယဉ်ပါးနေပြီဖြစ်ပါသည်။

မြန်မာအစ တကောင်းကဆိုလျှင်လည်း မြန်မာသူရဲကောင်း မင်းဧကရာဇ်များသည် ဆင်စီး၍မြင်းရုံခဲ့ကြသည်။ မြန်မာနိုင်ငံသမိုင်းကို ပေထက်အက္ခရာတင်ခဲ့သည်။ ပုဂံပြည့်ရှင်မင်းမြတ်တို့သည် ရွှေနန်းသိမ်း မြန်းရာ၌ မြင်းစီး၍အောင်ပွဲခံခဲ့သည်။ သိကြားပေးသည့် ကအဿတိုရ်မြင်းကိုစီး၍ နန်းပလ္လင်သို့တက်ခဲ့သည့် ကွမ်းဆော်မင်းတို့သည် မြန်မာနှင့် မြင်းအကြောင်းသမိုင်းအစကို ဖော်ပြခဲ့သည်။

မင်းအဆက်ဆက် မြန်မာမြင်းတပ်ကို ဖွဲ့စည်းခဲ့သည်။ ပုဂံပြည့်ရှင် နရပတိစည်သူက မြန်မာတပ်မတော် တပ်သားအရည်အသွေးစစ်၍ တပ်မတော်ဖွဲ့စည်းရာသို့ ပို့ဆောင်ရာတွင် ခြေဆယ်ပွဲရမှ မြင်းတင်ရာသည်၊ မြင်းဆယ်ပွဲရမှ ဆင်တင်ရာသည်၊ ဆင်ဆယ်ပွဲရမှ လှေတင်ရာသည်၊ လှေဆယ်ပွဲရမှ လေးရာပြည့်မြို့ကို ပေးရသည်ဟူ၍ သတ်မှတ်ခဲ့သည်။

ပုဂံခေတ်အနော်ရထာမင်း၏ စုက္ကတေးနှင့် မြင်းစီးချင်းထိုးသည့်ပွဲ ကျန်စစ်သား၊ ငလုံးလက်ဖယ်၊ ငထွေရူး၊ ညောင်ဦးဖီးတို့၏ မြင်းသည် သူရဲကောင်းလေးယောက်တို့၏ အောင်ပွဲ၊ အလောင်း



စည်သူမင်းကြီး၏ မြင်းရေးအစွမ်းပြပွဲ၊ မွန်သူရဲကောင်းသမိန်ဗရမ်းနှင့် တရုတ်စစ်သူရဲကောင်း ဂါမဏိတို့၏ စီးချင်းထိုးပွဲ၊ တောင်ငူခေတ် မင်းတရားတပင်ရွှေထီး၏ ပဲခူးရွှေမော်ဓောဘုရားသို့ မြင်းတပ်နှင့်သွား၍ နားတွင်းမင်္ဂလာပြုခဲ့သည့်ပွဲ၊ မြင်းစိုင်းသားညီနောင်တို့က တရုတ်ကိုအောင်နိုင်လိုက်သည့် မြင်းတပ်သဘင်ပွဲ (ကာချင်းက) နှင့် ကုန်းဘောင်ရွှေပြည် အလောင်းမင်းတရားကြီး၏ မြင်းရည်တက်ချောက်ကျိပ်လေးယောက်တို့၏ အောင်ပွဲများ စသည်တို့သည် မြန်မာနှင့် မြင်းကင်းကွာမရကြောင်း၊ မြန်မာ့သူရဲကောင်းရတနာသည် မြင်းဖြစ်ကြောင်း သိသာနိုင်ပါသည်။

ရှေးမြန်မာမင်းကောင်းမင်းမြတ်တို့၏ ဘုန်းလက်ရုံးဆန့်တန်းရာတွင် မြင်းကောင်းမြင်းသန့်များအပေါ် အခြေတည်နေကြောင်းသိရပါသည်။ သူရဲကောင်း၊ မင်း၊ မှူးမတ်၊ ဧကရာဇ် စသောဖျားတို့သည် သူ့ခေတ်သူ့အခါက မြန်မာသာမက ကမ္ဘာတွင် အောင်နိုင်မှုသရဖူ ရယူနိုင်ကြသည်။

တိုင်းပြည်ခေါင်းဆောင်များ တိုင်းပြည်အတွက်စွန့်စားခဲ့သည့် သူရဲကောင်းများကို ရုပ်တုထုဆစ်လျက် ဂုဏ်ပြုကြသည်။ ထိုသို့ ရုပ်တုထုဆစ် ဂုဏ်ပြုကိုးကွယ်ကြရာတွင် သူရဲကောင်းနှင့်အတူ မြင်းစီးသည့်ရုပ် ထုလေ့ရှိကြသည်။ မြန်မာသာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှိကြသည်။ ရှေးခေတ် ရောမသူရဲကောင်းများ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှ။ အမေရိကန်၊ အီဂျစ်၊ တူရကီ၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ စသည့်နိုင်ငံအသီးသီးမှ ဘုရင် ဧကရာဇ် မင်းမြတ်၊ သူရဲကောင်းတို့၏ ထုဆစ်သောရုပ်တုသည် မြင်းစီးသည့်အနေအထားကို များစွာတွေ့ရပါသည်။ ထုဆစ်သောရုပ်တုမရှိစေကာမူ ရေးဆွဲသည့်သမိုင်းဝင် ပန်းချီကားများတွင် မြင်းစီးနေသည့်ပုံများ စစ်ချီတက်သည့်သမိုင်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တွင် မြင်းတပ်မတော်များစွာ စတင်ခဲ့ရသည်။

မြင်းစီးသူရဲကောင်း၏ အသွင်သဏ္ဍာန်ထက် သူရဲကောင်းစီးနေသည့် ထုဆစ်ထားချက်များသည် သူ့အဓိပ္ပာယ်နှင့်သူဖွင့်ဆိုနိုင်သည်။ ကျောပေါ်တွင် စီးနင်းဟန်ပါနေသည့်သူရဲကောင်းများ၏ အတိတ်သမိုင်းကြောင်းကို တစ်နည်းအားဖြင့် ဖွင့်လှစ်နိုင်သည်။ ပြေးနေသည့် မြင်းစီးဟန်တွင်လည်း မြင်းဒုန်းဖွင့်စီးခြင်း၊ အလှအသားကျစီးခြင်း၊ သာမန်သုံးချောင်း ထောက်စီးခြင်း စသည်ဖြင့် သူရဲကောင်း၏ဇာတ်ဝင်ခန်းကို သိသာနိုင်ပါသည်။

မြင်းဇက်ကြိုးကို တင်းတင်းဆွဲထားခြင်း၊ လျော့ရိလျော့ရဲကိုင်ထားခြင်း၊ မြင်းခေါင်းမော့နေခြင်း၊ ခေါင်းငုံ့နေခြင်း၊ မြင်းကုန်းနှီးအနေအထား စသည်တို့သည်လည်း မြင်းရှင်၏ ကြုံရဆုံရသည့် ဇာတ်ကြောင်းကို ပြောပြနေသည်နှင့် အဓိပ္ပာယ်ကောက်ယူနိုင်သည်။

ထုဆစ်ထားသောရုပ်တု၏ ရှေ့လက်နှစ်ချောင်း၏အနေအထားကိုကြည့်ပြီး ကျောပေါ်တွင်စီးနင်းသည့် မင်းဧကရာဇ်မှူးမတ်၊ သူရဲကောင်း စစ်သူကြီးသည် မည်သည့်နည်းဖြင့် နတ်ရွာစံကွယ်လွန်ရသည်အထိ ပြောပြနိုင်သည့် နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်ရှိသည်။

မြင်းစီးကြေးရုပ်ဖြစ်စေ၊ ကျောက်ရုပ်ဖြစ်စေ၊ ကျောက်ပလ္လင်ခုံတွင် နောက်ခြေနှစ်ချောင်းစုံရပ်၍ ရှေ့လက်နှစ်ချောင်းကိုသာကစား၍ မာန်ပါပါ အလှထုဆစ်ခြင်း၌မူရှိပါသည်။

မြင်းရုပ်တုထားရှိရာ ကျောက်တိုင်ထက် သို့မဟုတ် ပလ္လင်ပေါ်တွင် ထားရှိသည့်မြင်းသည် ခွာလေးဘက်လက်စုံချ၊ ရှေ့လက်နှစ်ချောင်းသည် နောက်ခြေနှစ်ချောင်းနည်းတူ ဖြောင့်တန်းစွာ မတ်မတ်ရပ်နေပါက ထိုမြင်းစီးရုပ်တုကျောပေါ်တွင်ထိုင်နေသည့် သူရဲကောင်း၊ မင်း၊



မှူးမတ်၊ စစ်သူကြီး၊ မင်းဧကရာဇ်သည် ရိုးရိုးဖျားနာရောဂါဖြင့်သာ ကွယ်လွန်သည် မည်ပါသည်။ (ဥပမာ - အမေရိကန်သမ္မတ ဂျော့ဝါရှင်တန် မြင်းစီးကြေးရုပ်) ပလ္လင်ထက်မှမြင်းသည် နောက်ခြေနှစ်ဖက်စုံရပ် အလိုက်သင့်တောင့်ခံသည့်ပုံ ထုဆစ်ထားပြီး ရှေ့လက်နှစ်ချောင်းမြှောက်ထားပါမူ ထိုရုပ်တုပေါ် မြင်းစီးနေသည့် သူရဲကောင်းသည် တိုက်ပွဲကျသည် မည်ပါသည်။ (ဥပမာ- စိန့်ပီတာဘက်မြို့ရှိ သူရဲကောင်း)

ပလ္လင်ကျောက်ခုံပေါ်တွင် မြင်းသည် နောက်နှစ်ချောင်းခွာစုံနှင့် ရှေ့လက်တစ်ချောင်းသာ ကျောက်ခုံပလ္လင်၌ ထိအောင်ရပ်လျက်ရှိပြီး ရှေ့လက်တစ်ချောင်းကိုမြှောက်၍ထားသည့် မြင်းကျောပေါ်တွင်စီးနင်းသည့် သူရဲကောင်းပုဂ္ဂိုလ်သည် လုပ်ကြံခံရသောကြောင့် ကွယ်လွန်ခြင်းမည်ပါသည်။ သို့ဖြစ်၍ ရိုးရိုးအနာရောဂါဖြင့် ကွယ်လွန်ခြင်း၊ စစ်ပွဲတွင်ကျဆုံးခြင်း၊ လုပ်ကြံခံရခြင်း စသည့်သူရဲကောင်း၊ နိုင်ငံခေါင်းဆောင်တို့၏အကြောင်းကိုလိုက်၍ မြင်းစီးနေသည့်ဟန်မှာ နဂိုသွင်ပြင်ဖြစ်နိုင်အောင် ရုပ်သဏ္ဍာန်တူအောင် လုပ်ထားလင့်ကစား စီးတော်မြင်း၏ ရှေ့လက်အနေအထားကို ကွာဟထုဆစ်ထားကြသည်။ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးနေသည့်ရုပ် အသွင်သဏ္ဍာန်ထင်ရှားပါသည်။

ဤသို့ထုဆစ်ထားခြင်းမှာ နိုင်ငံတကာမှ အချို့သောပညာရှင်များ၏ အာဘော်အယူအဆတစ်ခုသာဖြစ်ပါသည်။ မြန်မာ့သူရဲကောင်းဗန္ဓုလ၏ မြင်းစီးကြေးရုပ် (နေပြည်) စသည်တွင် ရှေ့လက်တစ်ချောင်းကိုသာ မြှောက်ထားသည်ကို နည်းစနစ်အယူအဆနှင့် မကိုက်ညီဟုဆောကြောဝေဖန်ရန် အကြောင်းမမြင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်မောင်မယ်များအနေဖြင့် မြင်း၏ပုံသဏ္ဌာန်အနေအထား ကို အချိန်ကုန်ခံ၍ ငြင်းခုံတွေးဆကြရန်မဟုတ်ပါ။ ထုဆစ်ထားသည့် ရတနာစာရင်းဝင် မြင်းကျောကုန်းထက်မှ သူရဲကောင်းပုဂ္ဂိုလ်၏ နိုင်ငံ တော်အပေါ် ဦးဆောင်နိုင်မှု၊ နိုင်ငံတော်ကိုစည်းလုံးပေးနိုင်မှု၊ နိုင်ငံ အတွက် အဖိနှိပ်ခံ ကိုလိုနီနယ်ချဲ့လက်အောက်မှ ရုန်းထွက်နိုင်အောင် ကြိုးပမ်းပေးမှု၊ နိုင်ငံအား တရားဥပဒေနှင့်အညီအုပ်ချုပ်၍ ဖွံ့ဖြိုးတိုးတက် နိုင်မာအောင် တည်ဆောက်စည်းလုံးပေးနိုင်မှု စသည့်ကောင်းမြတ်သော သမိုင်းကြောင်းအချက်အလက်များကို အတုယူရန်ဖြစ်သည်။ အဆိုပါ ခေါင်းဆောင်များ၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များကို အတုယူရ မည်။ မိမိနိုင်ငံကိုချစ်မြတ်နိုး သောစိတ်ဓာတ်၊ သူ့ကျွန်မခံလိုသောစိတ်၊ နိုင်ငံတော်အေးချမ်းသာယာဝပြော၍ တိုင်းရင်းသားညီအစ်ကိုအချင်း ချင်း သွေးစည်းညီညွတ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး စသည်တို့ကို အလေးထားဦးထိပ်ပန်ဆင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သူရဲကောင်းတို့၏ လုပ်ဆောင်ချက်၊ ကိုယ်ကျင့်တရား၊ အများ အတွက်ကိုယ်ကျိုးစွန့်မှုများကို ဖဝါးခြေရာထပ်မျှလိုက်ပါနိုင်အောင် လူငယ်တို့ ကြိုးစားရမည်။ နိုင်ငံတော်၏သူရဲကောင်းများဖြစ်သည့် အနော်ရထာ၊ ကျန်စစ်သား၊ တပင်ရွှေထီး၊ ဘုရင့်နောင်၊ အလောင်း ဘုရား၊ ဆင်ဖြူရှင်၊ စစ်သူကြီးမဟာဗန္ဓုလ၊ လွတ်လပ်ရေးသခင် ဗိုလ်ချုပ်အောင်ဆန်း စသည့် မြင်းစီးရုပ်တုတို့ကိုမြင်တိုင်း သူရဲကောင်း တို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့သတိရလျက် အတုယူကုန်ရာသည်။

× × × × ×

# ကိန္နရာ၊ ကိန္နရီ တောင်ပံယှက်လို့

ကိန္နရာ၊ ကိန္နရီ ဖိုမတို့သည် ဟိမဝန္တာတောဝယ် ကျက်စား သည် ဆို၏။ မြန်မာမှုနယ်ပယ်တွင် ရှေးနှစ်ပေါင်း ထောင်နှင့်ချီ၍ ကိန္နရာငှက်တို့ ၏ လှပတင့်တယ်မှုအကြောင်းကို ရိုးရာပုံပြင်အဖြစ် မရိုးနိုင်မပန်းနိုင်ပြောကြသည်။ အကယ်စင်စစ် ကိန္နရာ၊ ကိန္နရီတို့သည် လူသားတို့နှင့် မအပ်စပ်၊ မြင်ဖူးသူမရှိ၊ ရှေးဟောင်းစာပေကျမ်းဂန်များမှ ကိုးကားမှတ်ယူထုတ်နုတ် ပြောဆိုနေကြခြင်းသာဖြစ်သည်။

သို့သော် မြန်မာမှုနယ်ပယ်တွင် ကိန္နရာ၊ ကိန္နရီနှင့် ဆက်စပ် သည့်ဇာတ်လမ်း ရိုးရာအထိမ်းအမှတ် လူမျိုးကိုယ်စားပြုများရှိနေသည်။ ရှေးမြန်မာ့ပန်းချီပန်းပုလက်ရာတို့ဖြင့် လက်ဆခံဆင်းသက်ကာ ကိန္နရာ ကိန္နရီရုပ်တုများ၊ ကိန္နရာကဲ့သို့ ဝတ်စားဆင်ယင်ကာ ကပြခြင်းများ ပြုလုပ်လေ့ရှိသည်။ ရှမ်းကိန္နရာအကနှင့် ကယားတို့ငှေတောင်ပြည် ကိန္နရာ ကိန္နရီဇာတ်လမ်းတို့သည် ဒဏ္ဍာရီပုံပြင်ဆိုသော်လည်း ရိုးရာ အစွဲကို နောင်နှစ်ပေါင်းများစွာတိုင်အောင် ပျောက်ပျက်မည်မဟုတ် ပါချေ။

ကိန္နရာ၊ ကိန္နရီတို့သည် မြန်မာစကားမဟုတ်၊ ပါဠိ (မဂဓ) ဘာသာစကားဖြစ်သည်။ အမရကောသအဘိဓာန်၊ မုံရွေးဇေတဝန် ဆရာတော် မှတ်စု၊ မဃဒေဝလင်္ကာသစ်တို့တွင် ကိန္နရာ၊ ကိန္နရီ

www.burmeseclassic.com

www.burmeseclassic.com



သည် လူလိုလို နတ်လိုလိုတူယောင်နှင့် ငှက်တစ်မျိုးသာဖြစ်သည်။

(၁) ငှက်ကိုယ်လူခေါင်း

(၂) လူကိုယ်မြင်းခေါင်း

(၃) မြင်းကိုယ်လူခေါင်း----- ဟူ၍ပြဆိုသည်။

တွင်းသင်းမင်းကြီး၏ ဘလ္လာတိယပျို့တွင်---

** စုလည်းပတ်ရွှေ၊ ထုံးမြိတ်ပြေနှင့် တိမ်ခြေမိုးလက်၊ ယုဂန်ထွတ်ဝယ်၊ အမြွတ်မှန်းထား၊ ဂြိုဟ်ရှစ်ပါးတွင်၊ လူများမျက်စိ၊ ရပ်ပါပ၊ သူရဇ္ဈဟု၊ မည်ရထင်ရှား၊ နေမင်းသားနှင့် နဂါး ရေနတ်သမီးလော--- ဟူ၍ အလှအပကို

ဖွဲ့ဆိုထားသည်။ အမျိုးသမီးတို့၏ အလှအပကိုဖွဲ့နွဲ့ရာ တွင် ကိန္နရာမ၏မျက်လုံး၊ ကိုယ်ဆင်းအင်္ဂါတင့်တယ် စံပယ်ကျော့ရှင်းလှပမှုကို တင်စားဖွဲ့ကြသည်။

ကိန္နရာတို့၏လှပသောအဆင်း အမူအရာ၊ ချိုသာသောစကားသံ၊ နားဝင်ချိုသည့်သီဆိုဟန်၊ တင့်တယ်သောကပြဟန်တို့ကို မြန်မာတို့နှစ်ခြိုက်ကြသည်။ ကိန္နရာ၊ ကိန္နရီတို့သည် မြန်မာမှုနယ်ပယ်တွင်သာမက ကိုးကွယ်ရာဗုဒ္ဓဖြစ်တော်စဉ် ဇာတ်ကြောင်းများတွင်လည်း ပါဝင်ကြသည်။ ကိန္နရီ၊ ကိန္နရာတို့၏ အလှအပ၊ အပြောအဆို၊ အလွမ်းနှင့် ချစ်ကြင်သူတို့၏သစ္စာတရားကို ဖော်ကျူးသည့် ဇာတ်တော်များဖြစ်သည်။ မြန်မာတို့သည် ဘလ္လာတိယဇာတ်တော်တွင် ဗာရာဏသီ၊ ဘလ္လာတိယမင်း တောကစားထွက်ရာ ဂန္ဓမာတောင်သို့ အရောက် နေရဉ္စမြစ်ကမ်းတွင် တစ်ညတာကွဲသည်ကို အနှစ်တစ်ထောင်ငိုကြွေးနေသည့် ကိန္နရီမောင်နှံ၏ လွမ်းမောဖွယ်၊ သေအတူ



ရှင်မကွာ ချစ်ဇောမပြယ်မှုကို သုတရသအဖြစ်ဖွဲ့ဆိုထားသည်။

စန္ဒကိန္နရီဇာတ်တော်တွင်လည်း ဘုရားလောင်းနှင့် ယသော်ဓရာဒေဝီတို့၏ အတိတ်ဇာတ်ကြောင်းဖြစ်သည်။ စန္ဒကိန္နရီမောင်နှံဘဝ စန္ဒာမည်သောငွေတောင်၌ ကခုန်ပျော်မြူးနေစဉ် ဗာရာဏသီမင်း (ဒေဝဒတ်) တောလိုက်ထွက်လာရာ ပစ်ခတ်သဖြင့် စန္ဒကိန္နရာအဖိုမြားမှန်၍ သွေးအိုင်ထဲလဲကျသွားခဲ့သည်။ ဗာရာဏသီမင်းသည် စန္ဒကိန္နရီကို သွေးဆောင်ဖြားယောင်း၍ မိဖုရားတင်မြှောက်မည်၊ နေပြည်တော်သို့လိုက်ခဲ့ရန်ခေါ်သည်။ စန္ဒကိန္နရီမက ချစ်လင်ကလွဲ၍ အခြားသူတစ်ပါးကို စိတ်ကူးထဲတွင်မထည့်နိုင်ကြောင်း ငြင်းဆန်ရာ ဗာရာဏသီမင်းကြီးက အလျှော့ပေးကာပြန်လွှတ်လိုက်ရသည်။ စန္ဒကိန္နရီမက သစ္စာဆိုရာတွင် သိကြားမင်းရောက်လာပြီး စန္ဒကိန္နရီအဖို အသက်ပြန်ရှင်ခဲ့သည်။ အချစ်ကမ္ဘာတွင် အနှစ်အကြာဆုံး ပေါင်းဖက်ကြရသည့် မြိုင်နန်းပျော် ကိန္နရာမောင်နှံဖော်တို့၏အကြောင်း ဖြစ်သည်။

နမှာငါးရာ၊ ရှင့်မှာတစ်ကျိပ်ဆိုသည့် မြတ်စွာဘုရားသခင်၏ဖြစ်တော်စဉ်ဘဝများတွင် ပတိဏ္ဏနိပါတ်ပါ စန္ဒကိန္နရာဇာတ်တော်တွင် တစ်ကြိမ်သာဖြစ်ခဲ့ပါသည်။

မုံရွေးဆရာတော်မှတ်စုအရ-

| | | |
|---|---|---|
| (၁) | ဘလ္လာတိယဇာတ် | ကိန္နရာ |
| (၂) | စန္ဒကိန္နရီဇာတ် | ကိန္နရာ |
| (၃) | တက္ကာရိယဇာတ် | ကိန္နရာ |
| (၄) | မဟာကုဏ္ဍာလဇာတ် | ကိန္နရာ |
| (၅) | မဟောသ်ကျေးစခန်းတွင် | ကိန္နရာ |

www.burmeseclassic.com

www.burmeseclassic.com



ဝစ္ဆရသေ့ကိုပုံထုတ်ရာ

(၆) အဠသဒ္ဒဇာတ် ကိန္နရာ

(၇) အသိတာဘူကိုပစ်၍လိုက်သောဇာတ် ကိန္နရာ

(၈) မဟာဝင်တွင်ကောဏ္ဍာတိဿကိုဆိုလိုရာတွင် ကိန္နရာ

(၉) အပါဒါန်ကျမ်းတွင်ကျူပွင့်လှူသည့် ကိန္နရာ

(၁၀) ကုဏာလဇာတ်၌တရားဟောရာလာသည့် ကိန္နရာ

(၁၁) သုဝဏ္ဏသာမဇာတ်တော်တွင် ကိန္နရာသည်လူကိုကြောက်တတ်သည်ဟု ပါရှိသည်။

(၁၂) ဒေဝီကိုပမာနှိုင်းသည့်ကိန္နရာတို့ဖြစ်သည်။

ကိန္နရာကို မြန်မာမှုနယ်ပယ်တွင် သီဟာသနပလ္လင်တော်၌ တည့်သွင်းထုလုပ်ထားရှိ အလေးအမြတ်ပြုထားသည်။ ရာဇပလ္လင်တော်၌ ကိန္နရာရုပ်ကို နူးညံ့သောအမူအရာနှင့် ဟန်းပွင့်ကိုသာစားသုံးခြင်း၊ ဘုရားပင့်သောနေ့တွင် ကခုန်မြူးတူးခြင်း စသည့်ရှေးနိမိတ်ကိုယူ၍ ထည့်သွင်းထားခြင်းဖြစ်သည်။

မြန်မာ့လဆယ်နှစ်ရာသီခွင်တွင် ကဆုန် (မေထုန်) လ၏ရာသီ နက္ခတ်ရုပ်မှာ မိန်းမ၊ ယောက်ျားရုပ်ဟူ၍ ပြဆိုသည်။ ရေးဆွဲရာတွင် ကိန္နရာ၊ ကိန္နရီ ဖိုမပုံကို ဖော်ပြလေ့ရှိသည်။

*** မေထုန်ကိန္နရာ၊ လှိုင်စွာမွေးလို့
မုလေးစံပယ်၊ ဇေ့ကြယ်
သူမွှာဝယ်၊ ပျော်ဘွယ်စာမေးလို့လေး။

မြန်မာ့ယဉ်ကျေးမှုနယ်တွင် ကိန္နရီ၊ ကိန္နရာသည် ကျောက်ဆစ်ပညာ (ပန်းတမော့)၊ ပန်းပု (သစ်သား) နံရံဆေးရေးပန်းချီ၊ အင်္ဂတေလက်ရာ (ပန်းတော့)၊ ပန်းပဲနှင့်ဆက်စပ်သည့် သစ်သားနှင့် သွပ်ရောထားသည့် ကိန္နရီ၊ ကြေးကိန္နရီ၊ သတ္တုကိန္နရာ၊ စဥ့်ကိန္နရာ စသည်ဖြင့် ပုဂံခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်များတွင် ရေးထိုးခဲ့ကြသည်။

ကိန္နရီ၊ ကိန္နရာ ယဉ်ကျေးမှုဓလေ့ထုံးစံများသည် တိုင်းရင်းသားများတွင်လည်း အထင်ကရရှိသည်။ ရှမ်းရိုးရာကိန္နရာအက၊ ကယားတို့၏ကိန္နရာအကဇာတ်လမ်းများက သက်သေခံလျက်ရှိသည်။

ကိန္နရာ၊ ကိန္နရီရုပ်တုကို ဘုန်းကြီးပျံအခွံမ်ရာပန အခမ်းအနားတွင် အညာဒေသလောင်တိုက်ကြီးများ၌ ထည့်ကြသည်။ ဗုဒ္ဓဘာသာဝင်သမိုင်းနှင့်လည်း ဆက်စပ်နေသည်။ အိန္ဒိယနိုင်ငံ၊ ပါဋလိပုတ်ပြည်ကြီးကို အစိုးရသော သီရိဓမ္မာသောကမင်းကြီးလက်ထက်တွင် လူမုဆိုးနှင့် ကိန္နရီမတို့ သင့်မြတ်ပြီး သားတော်ညီနောင်ပေါက်ဖွားသည်။ အရွယ်ရောက်သော် ရဟန်းပြုပြီး နောင်တော်တိဿမထေရ်မြတ်နှင့် ညီတော်သုမိတ္တမထေရ်မြတ်တို့သည် ရဟန္တာဖြစ်ပါသည်။ ကိန္နရီမလေးသည် သားတော်နှင့် ခင်ပွန်းကိုထား၍ ဟိမဝန္တာတောသို့ ပြန်သွားခဲ့သည်။ နောင်တော်တိဿမထေရ် ပရိနိဗ္ဗာန် စံလွန်သည်တွင် အာသောကမင်းကြီး၏ဘုန်းတန်ခိုးအာနုဘော်ကြောင့် မိခင်ကိန္နရီမသည် ပြန်လာသည်။ တိဿမထေရ်ရုပ်ကလာပ်ကို သဂြိုဟ်သည့်အခါ ကိန္နရာ၊ ကိန္နရီ ရုပ်တုဝဲယာညှပ်၍ ချီမနေဟန်ထုလုပ်ပြီး လောင်တိုက်တွင် ထားသည်ဟုဆိုပါသည်။ ရဟန္တာမယ်တော် ကိန္နရီ၏ ပူဇော်မှုကို နောင်လာနောက်သားများ အမှတ်တရဖြစ်စိမ့်သောငှာ ယနေ့တိုင် ဘုန်းကြီးပျံရာပနများတွင် ဆက်လက်အသုံးပြုနေဆဲဖြစ်

www.burmeseclassic.com



ကြောင်း ပြဆိုပါသည်။

ဇင်းမယ်ပဏ္ဏာသလာ သုဓနုကုမာရဇာတ်တော်သည် ကိန္နရီမလေး မနောဟရီ (ဒွေးမယ်နော်) နှင့် သုဓနုမင်းသားလေး၏ ဆွတ်ပျံ့ကြေကွဲဖွယ် ဇာတ်လမ်းဖြစ်သော်လည်း ပျော်ရွှင်စွာဇာတ်သိမ်းရသည့်အကြောင်းဖြစ်သည်။ ဇင်းမယ်ပဏ္ဏာသလာ သုဓနုဇာတ်တော်သည် ဘုရားဟောမဟုတ်၊ ဒဏ္ဍာရီပုံပြင်သာဖြစ်သည်ဟူ၍ ပညာရှိတို့က ယူဆကြသည်။ ဗုဒ္ဓ၏ပုံရိပ်များနှင့် ဆက်နွှယ်နေသည့် ကျွန်တော်တို့သည် ဗုဒ္ဓဝင်နှင့် လောကီပဏ္ဏာသာ ဇာတ်များတို့တွင် အချို့သည် မြန်မာ့ရေမြေတောတောင်နှင့်နီးနွှယ်၍ လက်ခံယုံကြည်ကြသည်။

ကယားပြည်နယ်၊ လွိုင်ကော်မြို့နှင့် ၁၀ မိုင်ခန့် ဝေးကွာသည့် တောင်အရပ်တွင် ငွေတောင်၊ ရွှေတောင်များရှိသည်။ ကယားဌာနီ ငွေတောင်ပြည်ဟောင်းတွင် ဒွေးမယ်နော်ကိန္နရီညီမတစ်စုတို့ ရေကစားခဲ့သည့် ဒွေးမယ်နော်ကန်ကိုလည်း တွေ့မြင်နိုင်၏။

ဒွေးမယ်နော်နှင့် သုဓနုမင်းသားလေးတို့၏ ကယားတို့ဌာနီ ငွေတောင်ပြည်ဇာတ်လမ်းကို ဇင်းမယ်ပဏ္ဏာသတွင်ပါရှိသည့်အတိုင်း ဖော်ပြအပ်ပါသည်။ ဇင်းမယ်ပဏ္ဏာသဇာတ်နိဿယကို ဘိုးတော်ဘုရားလက်ထက် ပထမဗားဂရာဆရာတော်၏တပည့် ဂူကြီးတိုက်နေ ပညာသီတာဘိသီရိ သဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဂုဆရာတော်ကြီး ပြုစုသည်ဟု မော်ပီဆရာသိန်း၏ မြန်မာ့ဇာတ်သဘင်နှင့် မြန်မာပြဇာတ်စာအုပ်တွင် ပြဆိုသည်။

ရှေးသရောအခါ ဥတ္တရပဉ္စာလတိုင်း အာဒိစ္စဝံသမင်းကြီး၌ သုဓနုအမည်ရှိ သားတော်တစ်ပါးထွန်းကားသည်။ ဥတ္တရပဉ္စာလမြို့နေ



ပုဏ္ဏာရိကပုဏ္ဏားသည် နဂါးမင်း၏ရန်သူဖြစ်သော မဟာပဉ္စလဘုရင်၏ ပုဏ္ဏားအား နှိမ်နင်းပေးသည့်ကျေးဇူးကြောင့် နဂါးမင်းက အရေးရှိက အကူအညီတောင်းခံရန်ပြောပြီး ပူဇော်ခဲ့သည်။ တစ်နေ့တွင် မုဆိုးသည် တောမြိုင်အလယ် ရေကန်အတွင်း ဒုမရာဇ်မင်း၏သမီးတော် ကိန္နရီညီမခုနစ်ဖော်တို့ ရေကစားရာမြင်တွေ့၏။ ကိန္နရီတို့အား စွဲလမ်းစိတ်ကြောင့် အဆွေခင်ပွန်းဖြစ်သူ ရသေ့ကြီးကို ကိန္နရီမအား ဖမ်းယူနိုင်မည့် နည်းလမ်းကိုမေးသည်။ ရသေ့ကြီးက နဂါးပတ်ကျော့ကွင်းဖြင့် ဖမ်းလျှင်မိနိုင်ကြောင်း ပြောပြသည်။ မုဆိုးသည် နဂါးမင်းထံ သွားရောက်အကူအညီတောင်းခံပြီး ပုန်းတလုတ် ရေကန်မှစောင့်၍ နဂါးပတ်ကျော့ကွင်းဖြင့်ဖမ်းရာ အထွေးဆုံး မနောဟရီ ကိန္နရီမလေးကို ဖမ်းဆီးမိသည်။

မုဆိုးသည် ဖမ်းမိသည့်ကိန္နရီအား သုဓနုမင်းသားထံဆက်သည်။ ရှေးကပြုဖူးသည့်ရေစက်ကြောင့် သုဓနုမင်းသားနှင့် ဒွေးမယ်နော်ကိန္နရီမတို့ မေတ္တာသက်ဝင်အကြောင်းဆက် ပေါင်းဖက်မိကြသည်။ အာဒိစ္စဝံသမင်းကြီးသည် အိပ်မက်ဆိုးမြင်မက်၍ ပုဏ္ဏားတော်အား အကျိုးအကြောင်း လျှောက်တင်စေရာ အကောက်ကြံလိုသည့် ပုဏ္ဏားကြီးက ကိန္နရီကညာနှင့် ယဇ်ပူဇော်မှကောင်းမည်ဟု လျှောက်တင်သည်။ သုဓနုမင်းသားလေးမရှိခိုက်ဖြစ်၍ ကိန္နရီမလေးသည် ဟိမဝန္တာသို့ပျံသွားသည်။ လမ်းခရီးတွင် ရသေ့ကြီးကျောင်းသခ်မ်းသို့ဆင်းပြီး မောင်တော်သုဓနုမင်းလိုက်လာလျှင် လက်စွပ်ကိုပေးပါရန် မှာကြားခဲ့သည်။ သုဓနုမင်းသားသည် မုဆိုးကိုအဖော်ပြု၍ ရသေ့ကြီးကျောင်းသခ်မ်းသို့လိုက်လာရာ လက်စွပ်ကိုရသည်။ ထိုမှ ငွေတောင်ပြည်သို့ ဆက်လက်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မနော်ဟာရီကိန္နရီ၏ဖခင် ဒုမရာဇ်မင်းကြီးသိတော်မူသည့်အခါ သမီးတော်ခုနစ်ပါးကို ဝတ်စားတန်ဆာဆင်တူဝတ်စေပြီး တင်းတိမ်ယံနောက်ကွယ်၌ သမီးတော်များနေစေပြီး လက်ချောင်းကလေးများသာ ထုတ်ပြထားသည်နှင့် သုဓနုမင်းသားကို သမီးတော်အမှန်၏လက်ကို ရွေးခိုင်းသည်။ သုဓနုမင်းသား သစ္စာပြုသဖြင့် သိကြားမင်းက ယင်ကောင်ယောင်ဆောင်ပြီး မနော်ဟာရီကိန္နရီလက်တွင်နားသဖြင့် မင်းသားက ရွေးနိုင်၏။

> ** ဒေဝရာဇာ၊ အာကာသနတ်၊ နတ်ရှင်မင်းကား၊ ရောင်ဆင်း ကျက်သရေ၊ မြူတေလျှံစီး၊ ညီးညီးသားသား၊ သမီးတော်များ၊ ခုနစ်ပါးကိုမခြားစေရ၊ တမျှတည်းပင်၊ ဆင်စေပြီးသော်၊ အကြီးသုံးပါး၊ တော်င်စန်းထားမှ၊ မြောက်ပါကလည်း၊ ချည်းချည်းသွယ်သွယ်၊ ကင်းဘွယ်ပြစ်ရှား၊ သုံးပါးလည်းကောင်း၊ နေရာပြောင်းလျက်၊ ရှင်နှောင်းကိုမူ၊ ထွေးယူဝမ်းဝယ်၊ မှားစိမ့်ဘွယ်တူ၊ အလယ်တွင်ပင်၊ ခန့်နေစေ၍၊ ကြည့်လေမောင်ဟု၊ သိကယူဟု၊ တူရှုသွန်ပြ မိန့်တော်ဟသော် ...

ကိန္နရီညီမနှစ်ဖော်၏အနေအထားကို မင်းနဝဒေး၏ မနော်ဟာရီပျို့တွင် လင်္ကာစီထားသည်ကို ဖတ်ရှုရသည်။

သမီးတော်နှင့် ဖူးစာဖက်မှန်၍ ရွေးနိုင်သည်။ သုဓနုမင်းသားလေးနှင့် ဒွေးမယ်တော် (မနော်ဟာရီ) တို့ ရွှေဘုံပြန်ခရီးကား ကြည်နူးဆွတ်ပျံ့ဖွယ်ဖြစ်ပါသည်။



ကျွန်တော်တို့ပြည်သူများ ရင်ထဲဝယ်ငြိတွယ်နေသည့် ကယားတို့ ငွေတောင်ပြည်၏ ကိန္နရာဇာတ်လမ်းကလေးဖြစ်ပါသည်။

ကယားပြည်နယ်၏ အမှတ်တံဆိပ်ဖြစ်သောအလံတော်၌ ကိန္နရာရုပ်ကိုရေးထိုးထားသည်။ ကယားတို့သည် ငှက်အမျိုးအနွယ်ဝင် လူမျိုးဖြစ်သည်ဟု ယုံကြည်ကြသည့်အတိုင်း ကိန္နရာ၊ ကိန္နရီတို့ပျော်မြူးရာ ငွေတောင်ပြည်သို့ရောက်ရန် ဆုတောင်းကြသည်ဟူ၍ မြန်မာ့စွယ်စုံကျမ်း အတွဲ- ဇာ (၇၄-၇၅) တွင် ဖော်ပြထားသည်။

မြန်မာ့အနုပညာသည် မြန်မာနိုင်ငံတိုင်းရင်းသားအားလုံး၏ စိတ်ဓာတ်မြင့်မားခိုင်ကြည်ရေးနှင့် ဆက်စပ်နေသည်။ မြန်မာ့ယဉ်ကျေးမှုတွင် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုများက ထိုးဖောက်ဝင်ရောက်လာယှက်နွယ်နေသည်။ အနုပညာလက်ရာများသည် လုပတင့်တယ်ရန် စီခြယ်ထားကြသည်။ သို့သော် မှတ်တမ်း မှတ်ရာများ ပျောက်ပျက်သုဉ်း၍ လည်းကောင်း၊ ကျနစွာမှတ်တမ်းမတင်ခဲ့၍လည်းကောင်း ပျောက်ပျက်ကုန်သည်လည်းရှိသည်။ သို့ဖြစ်၍ မြန်မာ့ယဉ်ကျေးမှုနယ်ပယ် အနုလက်ရာများတွင် ဖော်ပြပါရှိခဲ့သည့် ကိန္နရီ၊ ကိန္နရာတို့အကြောင်းကို လူငယ်မောင်မယ်များဖတ်ရှု၍ မြန်မာ့ယဉ်ကျေးမှုကို လေ့လာဖော်ထုတ်စေလိုသည်မှာ စာရေး သူ၏ဆန္ဒဖြစ်ပါသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

# ရွှေနန်းရှင်တို့၏ ကရဝိက်ဖောင်တော်

မြန်မာဘုရင် ရွှေနန်းရှင်လက်ထက်တော်အခါက ရေတပ် အခင်းအကျင်း၊ တိုင်းခန်းလှည့်လည်တော်မူခြင်း၊ သပြေလား ရေလား စီးနင်းမှုတို့တွင် ဖောင်တော်များကို အသုံးပြုခဲ့သည်။

အေဒီ - ၁၁ ရာစု ပုဂံပြည့်ရှင်အလောင်းစည်သူမင်းကြီး ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်နေသည့်အချိန်ကာလက ဗြိတိန်ကျွန်းရှိ ဆက်ဆွန် (အင်္ဂလိပ်) လူမျိုးတို့ သစ်လုံးစီး၍ သွားနေဆဲ ကာလဖြစ်သည်ဟု မှတ်သားရသည်။ မြန်မာတို့သည် ကိုယ်ပိုင် ယဉ်ကျေးမှု၊ ကိုယ်ပိုင်လက်မှုပညာများဖြင့် နှစ်ပေါင်းထောင်ချီသည့် ကာလကပင် အဆင့်မြင့်မြင့်နေထိုင်ခဲ့သည့်လူမျိုးများဖြစ်သည်။

မျိုးချစ်စိတ်ဓာတ်၏အခြေခံသည် ပြည်ထောင်စု မြန်မာနိုင်ငံ အတွင်း မည်သည့်နေရာတွင်နေထိုင်သည်ဖြစ်စေ၊ ပြည်ထောင်စု စိတ်ဓာတ် မွေးမြူကြရန်ဖြစ်သည်။ ပြည်ထောင်စုသားတို့၏ ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ ကောင်းမြတ်ပုံကို သိထားသင့်သည်။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးအတွက် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်မပျက်အောင် ထိန်းသိမ်းကြရန်မှာ လူငယ်လူရွယ်မောင်မယ်များ၏ ဦးထိပ်ပန်ဆင်ရမည့်တာဝန်ဖြစ်ပါသည်။



မြန်မာ့ယဉ်ကျေးမှုကို အပိုင်း (၅) ပိုင်းခွဲ၍ သုံးသပ်သင့်သည်။

(က) ရိုးရာယဉ်ကျေးမှု

(ခ) ဘာသာ သာသနာယဉ်ကျေးမှု

(ဂ) စာပေယဉ်ကျေးမှု

(ဃ) လက်မှုအတတ်ပညာ (ပန်းဆယ်မျိုး) ယဉ်ကျေးမှု

(င) တိုင်းတစ်ပါးမှ ထိုးဖောက်ဝင်ရောက်လာသည့် ယဉ်ကျေးမှု

မြန်မာတို့တွင် ယဉ်ကျေးမှုအသီးသီးအလိုက် မပျောက်ပျက်ရန် နှင့် ကောင်းမွေများကို ထိန်းသိမ်းရန်တာဝန်ရှိပါသည်။

တိုင်းတစ်ပါးယဉ်ကျေးမှုကိုမူ မြန်မာ့ဓလေ့ ထုံးတမ်းစဉ်လာ စရိုက်နှင့် ကိုက်ညီသောလက္ခဏာများကိုသာလက်ခံ၍ ရွေးချယ် အသုံးပြုရပါမည်။

မြန်မာ့ယဉ်ကျေးမှု၏ တစ်စိတ်တစ်ဒေသသည် ဗုဒ္ဓသာသနာ တော် အဆုံးအမ အဆိုအမိန့်များနှင့် မကင်းပေ၊ ရိုးရာဓလေ့၊ ဗုဒ္ဓ သာသနာစာပေ၊ လက်မှုပညာ၊ ယဉ်ကျေးမှုအကြောင်းသည် များပြား လှပါသည်။ ဤဆောင်းပါးတွင် မြန်မာဘုရင်ရွှေနန်းရှင်လက်တော်မှ ရေတပ်အခင်းအကျင်း တိုင်းခန်းလှည့်လည်ပူဇော်ခံရာတွင် အသုံးပြု သည့် ဖောင်တော်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကရဝိက် ဖောင်တော်အမှတ်အသား၊ ကရဝိက်ငှက်အကြောင်းကို အနည်းငယ် ပြောပြလိုပါသည်။

မြန်မာဘုရင်ရွှေနန်းရှင်တို့ စစ်ရေးအရသော်လည်းကောင်း၊ တိုင်းခန်းလှည့်လည်ရာတွင်လည်းကောင်း၊ သကြံန်အခါတော် သပြေလား ရေလားထွက်တော်မူရာတွင်လည်းကောင်း ဖောင်တော်များ ကို အသုံးပြုခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြဝတီမင်းကြီးဦးစရေးသားသည့် ရွှေဘုံနိဒါန်းစာအုပ်တွင် -

(၁) **တစ်စင်းဖောင်စု**

ခြင်္သေ့၊ တိုး၊ ကရဝိက်၊ စာမရီ၊ ဇဏီ စသည့် တစ်ကောင်ချင်း ပုံဟန် ပြုလုပ်သည့်ဖောင်ဖြစ်သည်။

(၂) **ပဥ္စရူပဖောင်**

ဆင်နှာမောင်း၊ အစွယ်နှစ်ချောင်း၊ နွားလပို့၊ ငါးကြင်းအမြီး၊ ကြက်တူရွေးအတောင်၊ တိုး (ချိုနှစ်ဖက်၊ လက်တစ်ဖက်၊ ခြေ တစ်ဖက်) တို့ ပါဝင်တပ်ဆင်ထားသည်။

(၃) **သတ္တရူပဖောင်**

ကရဝိက်နှုတ်သီး၊ လည်ဆံ၊ ဆင်အစွယ်နှစ်ချောင်း၊ နှာမောင်း၊ နွားလဘို့၊ ငါးကြင်းအမြီး၊ ကြက်တူရွေးအတောင်၊ တိုးချို တစ်ဖက်၊ လက်တစ်ဖက်၊ ခြေတစ်ဖက်၊ တိုးအမြီး၊ မြင်းနား နှစ်ဖက်၊ လက်တစ်ဖက်၊ ခြေတစ်ဖက်၊

(၄) **နာမရူပဖောင်**

ကရဝိက်နှုတ်သီး၊ လည်ဆံ၊ နွားလပို့၊ ငါးကြင်းအမြီး၊ ဆင်စွယ် နှစ်ချောင်း၊ မကန်းနှာမောင်း၊ သမင်ချိုနှစ်ဖက်၊ ကြက်တူရွေး အတောင်နှစ်ဖက်၊ တိုးလက်တစ်ဖက်၊ အမြီး၊ ခြေတစ်ဖက်၊ မြင်းနားနှစ်ဖက်၊ လက်တစ်ဖက်၊ ခြေတစ်ဖက်၊

(၅) **ဒသရူပဖောင်**

ခြင်္သေ့နှုတ်သီး၊ အမောက်၊ လည်ဆံ၊ တိုးအမြီး၊ ခြေတစ်ဖက်၊ လက်တစ်ဖက်၊ နွားလဘို့၊ ငါးကြင်းအမြီး၊ ဆင်စွယ်နှစ်ချောင်း၊ မြင်းနားနှစ်ဖက်၊ ခြေတစ်ဖက်၊ မကန်းနှာမောင်း၊ သမင်ချို နှစ်ဖက်၊ ကျွဲချိုနှစ်ဖက်၊ ကရဝိက်အတောင်နှစ်ဖက်၊



(၆) **ဒွါဒသမရူပဖောင်**

ခြင်္သေ့နှုတ်သီး၊ အမောက်၊ တိုးအမြီး၊ ခြေတစ်ဖက်၊ လက် တစ်ဖက်၊ နွားလဘို့၊ ငါးကြင်းအမြီး၊ မြင်းနားနှစ်ဖက်၊ ဆင်စွယ် နှစ်ချောင်း၊ မကန်းနှာမောင်း၊ ကရဝိက်အတောင်နှစ်ဖက်၊ သမင် ချိုနှစ်ဖက်၊ ကျွဲချိုနှစ်ဖက်၊ ကိန္နရာလက်နှစ်ဖက်ကဟန်၊ စာမရီလည်ဆံ စသည်ဖြင့် ပါဝင်ကြသည်။

၁၁၃၆ ခုနှစ်၊ ကုန်းဘောင်မင်းဆက် ဆင်ဖြူရှင်မင်းမြတ်သည် ဒဂုံဆံတော်ရှင်စေတီတော်သစ်တင်လှူရန် ရန်ကုန်သို့စုန်ဆင်းကြွလာရာ ၌ ကရဝိက်ဖောင်တော်ဖြင့် တင်ဆောင်လာကြောင်း သုသောမိတ ရာဇဝင်တွင် ဖော်ပြထားသည်။ မင်္ဂလာအခမ်းအနားတို့တွင် ကောင်းမြတ် သောမင်္ဂလာရှိသည့် အသံရှင်ကရဝိက်ကိုအသုံးပြုကြသည်။

ပအေသရာဇ်ခေတ်အဆက်ဆက်သုံး၍ ဖောင်တော်များအသုံးပြု မှု ကွယ်ပျောက်ရလင့်ကစား၊ ကရဝိတ်ဖောင်တော်ကို ဗြိတိသျှခေတ်၊ လွတ်လပ်ရေးခေတ်၊ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီခေတ်အထိ ခေတ်အဆက်ဆက် ကရဝိက်ဖောင်တော်ကြီးဖြင့် ကန်တော်ကြီးနှင့် အင်းလေးတို့တွင် မင်္ဂလာအခမ်းအနားများ၌ အသုံးပြု ကြနေဆဲဖြစ်သည်။

ကရဝိက်ဟူသည့်ဝေါဟာရမှာ ပါဠိသက်ဝေါဟာရဖြစ်သည်။ ကရဝိက်မှဆင်းသက်လာပြီး မြန်မာတို့က ကရဝိတ်ဟုရေးသား ခေါ်ဝေါ် ကြသည်။ ကရဝိက်ငှက်၏အသံအနေအထား၊ သာယာလှပသော ချိုသာသည့်အသံနှင့် တင့်တယ်လှပသည့်ငှက်ဖြစ်၍ မြန်မာတို့မင်္ဂလာ ကျက်သရေကို ဆောင်သည့်ငှက်ဟူ၍ အမြတ်တနိုး၊ အထိမ်းအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ထုဆစ်ကြခြင်းဖြစ်သည်။

ကရဝိက်ငှက်သည် ဟိမဝန္တာတောတွင်နေထိုင်ကြောင်း၊ ကျူးရင့်တွန်မြည်သော အသံသာယာခြင်းအကြောင်းတို့ကို မဇ္ဈိမပဏ္ဏာသပါဠိတော် အဋ္ဌကထာ၊ ဗုဒ္ဓဝံသအဋ္ဌကထာ၊ ဒီဃနိကာယ်သုတ်၊ မဟာဝဂ္ဂအဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ သာရတ္ထသင်္ဂဟကျမ်းများတွင် ဖော်ပြထားသည်။ နောင်းလူတို့ မမြင်မတွေ့ဖူးသော်လည်း မြန်မာ့ယဉ်ကျေးမှုနယ်တွင် ကရဝိက်ငှက်၏ အနုပညာထုဆစ်မှု၊ ပုံဖော်မှု အကြောင်းအရာတို့သည် တည်ရှိနေဦးမည်သာဖြစ်သည်။

မြတ်စွာဘုရား၏အသံတော်ကို ကရဝိက်သံနှင့်နှိုင်းယှဉ်အပ်၏ ဟူ၍ အဘိဓာန်ဋီကာတွင် "ယသ္သရော ဘဂဝတော သရေနော ပမိယတေ" ပြဆိုထားပါသည်။ မြန်မာမင်းခမ်းမင်းနားများတွင် ကရဝိက်ကွမ်းအစ်ထုဆစ်၍ အသုံးပြုခဲ့ကြသည်။ မြတ်စွာဘုရား၏ စက်လက္ခဏာတော် တစ်ရာ့ရှစ်ပါးတွင် ကရဝိက်ငှက်လက္ခဏာပါရှိသည်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် နိုင်ငံတော်မှ ရှေးမြန်မာ့ရွှေနန်းရှင်ဘုရင်မင်းမြတ်လက်ထက်တော်က တည်ရှိခဲ့သော ကျုံး၊ မြောင်း၊ တန်ဆောင်း၊ ပြအိုး၊ မြို့ရိုးကြီးများနှင့်တကွ နန်းတော်ရာ နန်းတော်ကြီးများကို တည်ဆောက်ပြုပြင်ပုံဖော်လျက်ရှိသည်။ ကန်တော်ကြီးရေပြင်တွင် တင့်တယ်စွာလှပလျက် မြန်မာ့ကျက်သရေကို ဆောင်လျက်ရှိသည့် ကရဝိက်နန်းတော်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ လူငယ်မောင်မယ်တို့ မြန်မာ့ယဉ်ကျေးမှုအတွက် ဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။

# မိဂသီ သမင်မငယ်

ပဲခူးတိုင်း (အနောက်ပိုင်း) ရုံးစိုက်သည့်မြို့တော် ပြည်မြို့ကို ကားလမ်းမှဝင်လျှင် "ကြိုဆိုပါ၏။ သိရိခေတ္တရာနယ်မြေ" ဆိုင်းဘုတ်နှင့်အတူ သမင်မရုပ်ပုံလွှာကို အထိမ်းအမှတ်အဖြစ်တွေ့ရပါမည်။

မြန်မာအစစတကောင်းကဟုဆိုလျှင် ပျူနိုင်ငံ၊ သရေခေတ္တရာထက် အနည်းငယ်စောသည်။ သာသနာတော်သက္ကရာဇ် (၄၀) သို့ရောက်သောအခါ ပဋ္ဌာတကောင်းပြည်ကြီးကို အစိုးရတော်မူသည့် သတိုးမဟာရာဇာလက်ထက် အရပ်တစ်ဆယ့်နှစ်တောင်ရှိသော တောဝက်ကြီးသည် မြို့နယ်စွန် ကျေးလက်များကိုဖျက်ဆီးလာသည်။ မင်းကြီးသည် အိမ်ရှေ့မင်းကိုခေါ် ၍ ဝက်ကြီးအားနှိမ်နင်းစေသည်။ အိမ်ရှေ့မင်း (ခေပဒူတ) သည် လက်နက်ငါးပါးကိုယူ၍ ဝက်ကြီးရှိရာသွားသည်။ ဝက်ကြီးသည် ဘုန်းကြီးသောသူဖြစ်၍ ရန်တုံ့မပြုဝံ့ဘဲ ရှမ်းမောနယ်ဘက်သို့ပြေးသည်။ ထိုမောတောင်ကြားသို့ပြေးဝင်သောနေရာကို ယခုအခါ ဝက်ဝင်ဟုခေါ်သည်။ ဝက်ကြီးသည် တောင်ကြားမှထွက်၍ အနောက်တောင်အရပ်သို့ ပြေးလေသည်တွင် ဧရာဝတီမြစ်ကြောင်းအတိုင်းဖြစ်သည်။ ဝက်ကြီးမှာကြီးမားလွန်းရကား ဧရာဝတီမြစ်ကိုဖြတ်ကူးရာတွင် ဝမ်းဗိုက်ကိုရေမထိချေ။ အဆိုပါနေရာကို ဝက်

www.burmeseclassic.com



မစွတ်ရှာ (ရေနံချောင်းမြို့နယ်)၊ ဝက်ထီးကြီးကန်ခဲ့၍ ကန်ဖြစ်နေသည့်နေရာကို ဝက်ထီးကန် (ပြည်မြို့နယ်)၊ ဝက်ထီးကြီးအား ထိုးခဲ့သည့်ကျွန်းကို ဝက်ထိုးကျွန်း (ပြည်မြို့နယ်) နှင့် ဝက်ကြီးသေလွန်သဖြင့်ပုပ်သည့်နေရာကို (ဝက်ပုပ်)၊ သဲကုန်းမြို့နယ်တို့တွင် အမှတ်အသားအခေါ်အဝေါ်များကို တွေ့ရသည်။

အိမ်ရှေ့မင်းသားသည် ဝက်ကိုအောင်မြင်ပြီးသော်လည်း သတိတရားသံဝေဂရ၍ နေပြည်တော်သို့မပြန်တော့ဘဲ သရေခေတ္တရာပြည်ဖြစ်မည့်နေရာတွင် ရသေ့အဖြစ်တရားကျင့်နေသည်။ ထိုသို့ သူတော်ကောင်းတရားမွေ့လျော်နေသည့် ရသေ့သူတော်မြတ်နေထိုင်ရာတောတောင်တွင် အနီးအပါးရှိ တောရိုင်းတိရစ္ဆာန်များ အကြောက်အလန့်မရှိ၊ ဘေးအန္တရာယ်မပြု နေထိုင်ကြသည်။ သမင်မငယ်တစ်ကောင်သည် ရသေ့ကြီး၏ ကျောက်ခွက်ပေါ်တွင်စွန့်သည့်ကျင်ငယ်ရေကိုသောက်သုံးသည်။ ထို ကျင်ငယ်ရေကိုသောက်သုံးမိသောကြောင့် သန္ဓေတဖွဲ့ကပ်ကာ သားငယ်ကလေးမွေးဖွားသည်။ သားငယ်ကား သမင်မျိုးနွယ်မဟုတ်။ လူသားမျိုးနွယ် ဖြစ်နေသည်။ လူသားအမကလေးဖြစ်သည်။ လူသားဖြစ်၍ ကျယ်ကျယ်လောင်လောင်ငိုသည့်အခါ သမင်မလန့်၍ထွက်ပြေးသည်။ ကလေးငိုသံကြား၍ ရသေ့ကြီးက သွားရောက်ကြည့်သည့်အခါ ကလေးမလေးတွေ့၍ ကောက်ယူမွေးစားထားသည်။ သမင်မမှမွေးဖွားခဲ့၍ ဗေဒါရီဟု အမည်ပေးထားသည်။ ငါ့ကျင်ငယ်ရေသောက်၍ သမီးမှန်ပါက လက်ညှိုးမှနို့ထွက်စေဟု အဓိဋ္ဌာန်ပြုသည့်အတိုင်း နို့ရည်ထွက်လာ၍ တိုက်ကျွေးပြုစု သိမ်းမွေးခဲ့ရသည်။ အရွယ်ရောက်လာသောကျောင်းသင်္ခမ်းတွင် မိန်းမပျိုနှင့် မအပ်စပ်၍ နေ့စဉ်ရေတစ်ဘူးနှင့်

မြစ်ဆိပ်တွင် ရေခပ်စေသည်။ ရေဘူးတွင် နဖားပေါက်ကျဉ်းထား၍တစ်နေကုန်ရေခပ်ရသည်။

သာသနာနှစ် ၅၉ တွင် တကောင်းမင်းမှ ဖွားတော်မူသည့်မျက်မမြင်မင်းသားနှစ်ပါးသည် နန်းနှင့်မထိုက်တန်ဟုဆိုကာ ဧရာဝတီမြစ်စဉ်ကြောသို့ မျှောလိုက်သည်။ တကောင်းပြည့်ရှင် သားတော်နှစ်ပါးဖြစ်သည့် မဟာသမ္ဘဝနှင့် စူဠာသမ္ဘဝ ညီနောင်သည် ဧရာဝတီမြစ်ကြော ဖောင်နှင့်မျှောရင်း လမ်းတွင်စန္ဒာမုခီဘီလူးမနှင့် ကြုံရပြီးစန္ဒာမုခီက မျက်စိကုပေးခဲ့၍ အလင်းရခဲ့သည်။

ဗေဒါရီ ရေဆိပ်သို့ဖောင်တော်ဆိုက်လာသည်တွင် ရေဘူးကိုချဲ့ပေးလိုက်သည်။ ရေပြည့်၍ပြန်သွားသည့် ဗေဒါရီမင်းသမီးလေးနောက်သို့ လိုက်သည်တွင် ရသေ့သူတော်မြတ်နှင့်တွေ့သည်။ ရသေ့သူတော်မြတ်မှာ ဦးရီးတော်ဖြစ်နေသည်။ ထိုအခါ ရသေ့ကြီးကတူတော်မောင် မဟာသမ္ဘဝနှင့် သမီးတော်ဗေဒါရီကိုလက်ဆက်ပြီးသရေခေတ္တရာပြည်ကိုတည်ထောင် မင်းပြုအုပ်စိုးစေသည်ဟူ၍မှတ်သားရပါသည်။

သို့ဖြစ်၍ သရေခေတ္တရာမြို့ဟောင်း ပြည်မြို့အမှတ်အသားတွင်ရွှေသမင်ရုပ်ရေးခြယ်ဖော်ပြကြပါသည်။

မှော်ရုံတောဝယ် ရွှေသမင်ကလေးများ ပြေးလွှားဆော့ကစားကြသည်ကို မြန်မာတို့ကနှစ်ခြိုက်ကြသည်။ မယ်သီတာကလေးကအစ်ကိုတော်ရာမနှင့် လက္ခဏာမင်းသားအားဖမ်းပေးပါရန် ပူဆာသည့်ဇာတ်ဝင်ခန်းကို ဇာတ်ပွဲများတွင်ကြည့်ရသည့်အခါ လူငယ်မောင်မယ်များအဖို့ မရိုးနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာတို့၏ကိုးကွယ်တော်မူရာ ဗုဒ္ဓမြတ်စွာ၏ဘဝပေါင်းများစွာတွင် သမင်သားမျိုး၌ ၉ ကြိမ်ဖြစ်ခဲ့ရသည်။

| | | |
|---|---|---|
| (က) ဧကနိပါတ် | လက္ခဏဇာတ် | လက္ခဏ သမင်အကြောင်း |
| (ခ) ဧကနိပါတ် | နိဂြောဓဇာတ် | နိဂြောဓ သမင်အကြောင်း |
| (ဂ) ဧကနိပါတ် | ခရာဒိယဇာတ် | ဆုံးမခက်သော သမင်အကြောင်း |
| (ဃ) ဧကနိပါတ် | တိပလ္လတ္ထဇာတ် | ဆုံးမလွယ်သော သမင်အကြောင်း |
| (င) ပဉ္စကနိပါတ် | သုဝဏ္ဏမိဂဇာတ် | ရွှေသမင်နှင့် မယားအလိမ္မာ |
| (စ) ဆက္ကနိပါတ် | နန္ဒိယမိဂဇာတ် | မိဘလုပ်ကျွေးသည့်သမင်အကြောင်း |
| (ဆ) တေရသနိပါတ် | သရဘမိဂဇာတ် | မင်းနှင့် သမင်အကြောင်း |
| (ဇ) ဝီသတိနိပါတ် | စိတ္တသမ္ဘူတဇာတ် | ရသေ့နှင့် မင်းအကြောင်း |
| (ဈ) ဝီသတိနိပါတ် | ရောဟဏဇာတ် | သမင်သုံးဦးနှင့် မုဆိုးအကြောင်း |

ငါးရာငါးဆယ်လာ ဖြစ်တော်မူစဉ်ဘဝ သမင်အကြောင်းတွင် ဘုရားအလောင်း၏ နိဂြောဓသမင်အကြောင်းကို ပြောပြချင်ပါသည်။

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ် ဘုရားအလောင်းသည် သမင်မျိုး၌ဖြစ်သည်။ ရွှေအဆင်းရှိ၍ နိဂြောဓ



သမင်မျိုးဟုခေါ်သည်။ ထိုနိဂြောဓသမင်မင်းအနားတွင် ရွှေအဆင်းရှိသည့်သမင်သည်လည်း သမင်ပေါင်းငါးရာအခြံအရံနှင့် နေသည်။

ဗာရာဏသီမင်းကြီးသည် သမင်သားကိုကြိုက်နှစ်သက်ရကား သမင်ပစ်ခတ်ဖမ်းဆီးရန် နေ့စဉ်တောသို့ဝင်၏။ ထိုအခါ တောင်သူလယ်လုပ်ပြည်သူတို့ သမင်လိုက်ပေးရ၍ လုပ်ငန်းပျက်စီးသည်။ ထို့ကြောင့် ရွှေသမင်တို့ကို တောချောက်၍ ဘုရင့်ဥယျာဉ်တော်အတွင်း သွတ်သွင်းမောင်းနှင်ခဲ့သည်။ ဘုရင်မင်းမြတ်အား ဥယျာဉ်တော်အတွင်း သမင်ဖမ်းဆီးနိုင်ပါကြောင်း တင်လျှောက်ခဲ့ကြသည်။ မင်းကြီးလည်း နေ့စဉ် သမင်တို့ကို ပစ်ခတ်ဖမ်းဆီးသည်။ ရွှေအဆင်းရှိသည့် နိဂြောဓသမင်နှင့် သာခသမင်ကိုမူ ဘေးမဲ့ပေးထားသည်။ ပစ်ခတ်ဖမ်းဆီးမှုကြောင့် မလိုလားအပ်ပဲ သေကျေပျက်စီးရသည်လည်းရှိ၏။

ထို့ကြောင့် နိဂြောဓသမင်နှင့် သာခသမင်တို့ညှိနှိုင်းကြပြီး ဘုရင် မင်းမြတ်အားနေ့စဉ် သမင်ပစ်ခတ်ဖမ်းယူမည့်အစား ဥယျာဉ်တွင် စဉ်းတီတုံးတစ်ခုချထားပါ။ နေ့စဉ်အလှည့်ကျသည့် သမင်တစ်ကောင်သည်၊ စဉ်းတီတုံးပေါ် ခေါင်းတင်ပေးပါမည်ဟု လျှောက်ထားသည်။

ထိုသို့နေ့စဉ် နိဂြောဓသမင်နှင့် သာခသမင်နောက်လိုက်များ အလှည့်ကျယူကြသည်။ တစ်နေ့တွင် သာခသမင်၏နောက်လိုက် သမင်မတစ်ကောင်သည် ကိုယ်ဝန်ရှိနေသည်။ အလှည့်ကျနေ့တွင် သာခသမင်မင်းထံသွား၍ ကိုယ်ဝန်ရှိစဉ် အလှည့်ပြောင်းပေးပါ။ သားဖွားပြီးလျှင် တာဝန်ထမ်းဆောင်မည်ဆိုသော် သာခသမင်မင်းကား

www.burmeseclassic.com

www.burmeseclassic.com



အလှည့်မပြောင်းပေးချေ။ ထိုအခါ ကိုယ်ဝန်ဆောင်သမင်မက နိဂြောဓသမင်မင်းထံ လာရောက်ပန်ကြားသည်။ နိဂြောဓသမင်မင်းက သမင်မအလှည့်ကိုယူ၍ စဉ်းတီတုံးတွင် ခေါင်းတင်ပေးသည်။

စားတော်ချက်သည် သမင်သတ်ရန်လာခဲ့ရာ နိဂြောဓသမင်ဖြစ်နေ၍ မင်းကြီးထံပြန်လည်လျှောက်တင်သည်။ မင်းကြီးက အကျိုးအကြောင်းမေးရာ ကိုယ်ဝန်ဆောင်သမင်မအတွက် အသက်သေခံကြောင်း ပြန်ပြောသည်။ မင်းကြီးက နိဂြောဓသမင်နှင့် ကိုယ်ဝန်ဆောင်သမင်မအသက်ကို ချမ်းသာပေးသည်။ နိဂြောဓသမင်မင်းက သူ့အတွက်သာမဟုတ်၊ အခြားကုန်းနေ ရေနေသတ္တဝါများ အသက်လွတ်ရန်အလှူခံသည်ကို မင်းကြီးက သဘောတူသည့်ဇာတ်ကြောင်းဖြစ်ပါသည်။

သမင်ကို မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနှင့် ဥရောပ၊ အမေရိကနှင့် ကနေဒါနိုင်ငံတို့တွင်လည်းကောင်း၊ ရေခဲဒေသမြောက်ပင်လယ်ပိုင်းတွင်လည်းကောင်း တွေ့ရပါသည်။

မြန်မာမှုနယ်ပယ်တွင် သမင်၏တောက်ပသောမျက်လုံးကို စာဖွဲ့ကြ၏။ မြန်မာမလေးများ၏ မျက်လုံးအလှကို သမင်မမျက်လုံးဟု တင်စားကြသည်။ သုဝဏ္ဏသာမဇာတ်တော်လာသမင်များ၊ ဘုရားအလောင်းနိဂြောဓသမင်နှင့် မော်ရုံတောဝယ် မယ်သီတာလေး၏ သမင်ဇာတ်အခန်းခန်းဖြင့် မြန်မာတို့ချစ်ခင်သည့် ရွှေသမင်ကလေးများ မြန်မာ့မြေပေါ်တွင် မျိုးမတုံးစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်။

ၦ ၦ ၦ ၦ ၦ

## နံ့ကရိုင်းမယ်တော်

မြန်မာတို့သည် ဗုဒ္ဓသာသနာတော်ကို သက်ဝင်ယုံကြည်ကိုးကွယ်ကြသည့် ထေရဝါဒအယူရှိသည့် ကိုးကွယ်တော်မူရာ ဗုဒ္ဓရုံရိပ်နှင့်အတူ၊ တောတောင်ရေမြေ၊ လေမီးတို့ကိုအစိုးရသည့် ရှင်နတ်မင်းများရှိသည့်ကိုလည်း လက်ခံယူဆထားသည်။ ဗုဒ္ဓ၏ ကိုးကွယ်မှုနှင့်အတူ နတ်ကိုးစားမှုကိုလည်း ပါးပါးနပ်နပ်ထည့်သွင်းထားသည်။

လူမျိုးတစ်မျိုး၏ ကိုးကွယ်မှုအယူဝါဒကို စောကြောပြစ်တင်ဆဖန်ရန်မဟုတ်ပါ။ သို့သော် ဤစာအုပ်တွင် နံ့ကရိုင်းမယ်တော်အကြောင်းကို ဖော်ပြခြင်းသည်လည်း နတ်ကိုးကွယ်မှုကို အထောက်အပံ့ဖြစ်စေသောဆန္ဒ မပါရှိပါ။ နံ့ကရိုင်းမယ်တော် နတ်ကွန်း စင်ပေါ်ရောက်လာရခြင်းနှင့် နံ့ကရိုင်းမယ်တော် အကြောင်းရင်းခံကိုယ်စားပြုကျွဲသတ္တဝါအကြောင်းကို တင်ပြလိုခြင်းဖြစ်ပါသည်။

မြန်မာလေ့ထုံးစဉ်လာရုပ်ပုံလွှာတွင် မြန်မာတိုင်းရင်းသားတို့နယ်၌ ထင်ထင်ရှားရှား ကိုယ်စားပြုအထိမ်းအမှတ် တိရစ္ဆာန်ကလေးများ ပါရင်းဝင်နေ၍ လူငယ်မောင်မယ်များအတွက် ဗဟုသုတအဖြစ် ရေးဖွဲ့ပါသည်။

မြန်မာ့သမိုင်းတွင် ကျွဲသည် ပုဂံခေတ်မတိုင်မီကပင် ပေါ်ပေါက်

www.burmeseclassic.com



သည်။ ပုဂံပြည်ရှင် နော်ရထာမင်းစောပင်လျှင် နတ်ပြည်ငြိုးသည့်အခါ အောင်သာအရပ်တွင် ကျွဲရိုင်းခတ်ခံရခြင်းကြောင့်ဟု ရာဇဝင်တော်များတွင် ပြဆိုထားပါသည်။

မြန်မာရိုးရာစကားပုံများတွင် ကျွဲသတ္တဝါနှင့်စပ်လျဉ်း၍ ဥပမာ နိုင်းနှိုင်းထားခဲ့ပါသည်။

-ကျွဲကျောင်းသား ကျွဲတော့စီးမှာပဲ။

-ကျွဲကို စီးရုံသာစီး လျှောမချနှင့်။

-ကျွဲနိုင်၊ နွားနိုင် နိုင်သည်။

-ကျွဲပါးစောင်းတီး။

-မရဲဘဲနှင့် ကျွဲပြဲစီးသည်။

-ကျွဲကူး ရေပါ။

-စိတ်တော့မဆိုး၊ ကျွဲမီးတိုသည်။

-ကျွဲချေးလည်သည်။

-နတ်တော်ပြာသို ကျွဲချိုဖျားတောင် အေးသည်။

-ကျွဲနှစ်ကောင်ခတ်သည့်ကြား မြေစာပင်မခံပါ။

-ဘယ်ကျွဲစားစား ပြဲမခေါင်း။

-နွားနမ်း၊ မြင်း၀ါ၊ ဆင်ဟိုင်းသာ၊ ရှောင်ရာအဖြူကျွဲ။

-သိကြားမင်း ကျွဲယောင်ဆောင် ချိုကားသည်ဟုပြောကြသည်။



-အမေး ကျွဲကျောင်းသား၊ အဖြေ ဘုရားလောင်း။

-အများညီ ဤကိုကျွဲဖတ်။

-အိုင်တွေ့လို့မှ မလူး၊ ကျွဲရူး။

-ဤဟာ ဤ၊ ကျွဲဟာ ကျွဲ။

မြန်မာစာပေနယ်တွင် စကားပုံခိုင်းနှိုင်းမှုများ ရှိပါသည်။ ဆင်၊ မြင်း၊ နွား၊ ခွေး၊ ကြက်၊ ငှက်တို့အတွက် ကဗျာလင်္ကာ စာချိုးမှတ်တမ်းတင်မှုများ တွေ့သော်လည်း ကျွဲနှင့်ပတ်သက်၍မူ မရှိသလောက်ရှားပါးပါသည်။

ကျွဲကို မြန်မာနိုင်ငံအောက်ပိုင်း လူမျိုးစုများ၏ ပူဇော်ပသနတ်ကိုးကွယ်မှုတွင် ပါဝင်နေသည်။ နံကရိုင်းမယ်တော်ရုပ်တုသည် ယင်းနတ်အား ပသသည့်အခါ ကျွဲခေါင်းပုံပါရှိသည်။

ပဲခူးမယ်တော်၊ နံကရိုင်းမယ်တော်ဟူ၍ အမည်တွင်သော ကျွဲခေါင်းဖြင့် ပူဇော်ပသရသည့် နတ်ကိုးကွယ်မှုသည် မွန်လူမျိုးတို့၏ ရိုးရာနတ်ဖြစ်သည်။

ကျွဲမကြီး နံကရိုင်းမယ်တော်၏ မွေးစားသားသည် ကွန်အပ်မင်းသားဖြစ်သည်။ တတိယတန်းမြန်မာသမိုင်းတွင် ကွန်အပ်မင်းသားအကြောင်းပါရှိသည်ကို လူငယ်မောင်မယ်များ ဖတ်ရှုသိရှိပြီး ဖြစ်ပါသည်။

သက္ကရာဇ် (၈၂၅-၈၃၇) အထိ ဟံသာဝတီရွှေနန်းကို စိုးစံသည့် သမလအမည်ရှိသောမင်းကြီးတွင် ဝိမလအမည်ရှိ ညီတော်တစ်ပါးရှိသည်။ ညီတော်အား တက္ကသိုလ်သို့ ပညာသင်စေလွှတ်သည်။ ဘက္ကသီလာမှပြန်ရောက်သည့်အခါ၊ ကြင်ရာဆောင်နှင်းလာ၍

www.burmeseclassic.com

www.burmeseclassic.com



ညီတော်အား အိမ်ရှေ့အရာပေးမည်ဟု အမိန့်တော်ရှိသည်။

ညီတော် ပညာသင်ယူနေစဉ်အချိန်အတွင်း သမလမင်းသည် ရွှေဖရုံပွင့်မှ သန္ဓေတည်မွေးဖွားသည့် အိုမဲခေါင်၏သမီး မြန်မာလို ရွှေဖရုံမယ်၊ မွန်လို ကဝိထော်အား မိဖုရားမြှောက်သည်။ သုံးနှစ်ကျော်ခန့်တွင် သမလမင်းကြီးနှင့် တောင်ညာစံဒေဝီအဂ္ဂမဟေသီ ရွှေဖရုံမယ်တို့မှ သားတော်တစ်ပါး ဖွားမြင်သည်။ အလွန်ချစ်ခင်ယုယကြသည်။

မရှေးမနှောင်းပင်၊ ညီတော် နေပြည်တော်သို့ပြန်ရောက်လာသည်။ ညီတော်ဝိမလသည် ဘုရင်သမလအား လုပ်ကြံကာ ထီးနန်းကို သိမ်းပိုက်သည်။ မိဖုရားကိုအသက်ချမ်းသာပေး သိမ်းမြန်းပြီး၊ သားတော်ကိုမူ သေစေသောငှာ နယ်စွန်နယ်ဖျားသို့ ပို့ဆောင်စေသည်။

ရွှေဖရုံမယ်သည် မင်းကြီး၏ရာဇသံကို မလွန်ဆန်နိုင်ရကား၊ သားတော်ကလေးအား ကျွဲအုပ်လာရာလမ်းတောစပ်တွင် ချထားခဲ့သည်။ ဟံသာဝတီနှင့် သုဝဏ္ဏဘုံမိ နှစ်ပြည်ထောင်အကြား ကွန်အပ်သာတောစပ်၌ဖြစ်သည်။ ကွန်အပ်သာတောစပ်တွင် မှီတင်းနေထိုင်သည့် နံကရိုင်းအမည်ရှိ ကျွဲမကြီးသည် သားတော်လေးကို စောင့်ရှောက်သည်။ နို့ချိုတိုက်ကျွေး မွေးမြူသည်။ ကွန်အပ်သာနယ်ခြားမင်းသားမှ အသားမင်းသားဟူ၍ လူလားမြောက်လာသည့်အခါ အလွန်သန်စွမ်းသည့် ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်ပြီး သူ့ရ သတ္တိနှင့်ပြည့်စုံသည်။

တစ်နေ့သောအခါ မွန်လူမျိုးတို့နှင့် ရန်ကြွင်းရန်စရှိသော ဟိန္ဒူလူမျိုးတို့သည် လူသူလက်နက်အပြည့်အစုံ သင်္ဘောခုနစ်စင်းနှင့် ရောက်လာသည်။ အရပ်ခုနစ်တောင်ရှိသော လန်ဘားအမည်ရှိကုလားကြီးကို တပ်မှူးအရာထားသည်။ ဟံသာဝတီနေပြည်တော်နှင့် စစ်မတိုက်လိုပါ၊



လန်ဘားသူရဲကောင်းနှင့် တစ်ယောက်ချင်း စီးချင်းထိုးလိုပါသည်။ သူတို့ရှုံးပါက သင်္ဘောခုနစ်စီးပါကုန်အပြည့်ကို အညွှံခံ၍ပေးအပ်ခဲ့မည်။ အကယ်၍ ဝိမလမင်း သူရဲကောင်းရှုံးပါက တိုင်းပြည်အပ်ရမည်ဟု ရာဇသံပေးလာသည်။

စစ်မတိုက်လို၊ သူရဲကောင်းချင်း စီးချင်းထိုးရန် သဘောတူသည်။ ထိုတိုက်ပွဲကား တိုင်းပြည်နှင့်လူမျိုးအတွက် အဆုံးအဖြတ်ပေးမည့်ပွဲဖြစ်သည်။ ဝိမလမင်းထံပါးတွင် သူရဲကောင်းအသင့်မရှိ၍ တိုင်းပြည်အနှံ့ မောင်းကြေးနင်းခတ် ကြေညာသည်။ လူစွမ်းကောင်းရှာဖွေရတော့သည်။ ပေါ်ထွက်မလာပေ။

ထိုအခါ တောတွင်းမုဆိုးတစ်ယောက်က နယ်စပ်ဒေသတွင် လူစွမ်း ကောင်းတစ်ယောက်ရှိပါကြောင်း လျှောက်တင်သည်။ ရှေ့တော်သွင်းစေ၍ မေးမြန်းကြည့်ရာ မိမိတူတော်မောင်မှန်း မင်းကြီးသိသွားသည်။ သူရဲကောင်းကုလားလန်ဘားကို အနိုင်တိုက်နိုင်ပါက သမီးတော်နှင့်ထိမ်းမြားပြီး အိမ်ရှေ့အရာပေးမည်ဟု ကတိပေးသည်။

အသားမင်းသားက မိခင်ဖြစ်သည့် နံကရိုင်းကျွဲမကြီးထံပြန်၍ ခွင့်ပန်လိုပါကြောင်း၊ မိခင်ခွင့်ပြုလျှင် ကုလားလန်ဘားကို တိုက်ပါမည်။ ခုနစ်ရက်မျှ ဆိုင်းငံ့ပါရန် လျှောက်ထားပါသည်။ အသားမင်းသားသည် မိခင်ကြီးထံပြန်ရောက်လျှင် အကျိုးအကြောင်းပြောပြသည်။ မိခင်ကျွဲမကြီးကခွင့်ပြုသည်။ မည်သို့တိုက်ခိုက်ရန်နှင့် တိုက်ခိုက်နည်းကို သင်ပေးသည်။ မိခင်အား ရှိသေကန်တော့ပြီး နေပြည်တော်သို့ပြန်ခဲ့သည်။

နေပြည်တော်သို့အပြန်လမ်းတွင် နယ်ခြားဒေသအလွန် ချောင်းတစ်ခု၌ ဒီရေတက်သည်နှင့်ကြုံသည်။ ဒီရေတက်၍မကူးနိုင်လျှင် ရက်နောက်ကျမည်စိုး၍ ဒီရေကိုရပ်တန့်ရန် တားမြစ်လိုက်သည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



သမုဒ္ဒရာစောင့်နတ်သမီးပေါ်လာပြီး ဒီရေကိုတားမြစ်ရမည်လား ကြိမ်းမောင်းသည်၊ အစွမ်းပြိုင်ကြမည်၊ ရှုံးသူက အနိုင်ရသူ၏အခိုင်းသို့မဟုတ် လုပ်သလိုခံရမည်ဟု ကတိပြုကြသည်။

အစွမ်းပြိုင်ပွဲတွင် အချိန်တစ်မောင်းအတွင်း နတ်သမီးက ချည်ခင်တစ်ထောင်ပြည့်အောင်ရှာရမည်။ အသားမင်းသားက ဒရယ်ကျောပြောင်၏ အမြီးတစ်ထောင်ပြည့်အောင် ရှာရမည်ဟူ၍ဖြစ်သည်။

အချိန်တစ်မောင်းကြာလတ်လျှင် အသားမင်းသားက ဒရယ်ကျောပြောင်အမြီးတစ်ထောင်ပြည့်အောင် ရှာနိုင်သလို နတ်သမီးကလည်း ချည်ခင်တစ်ထောင်ပြည့်အောင် ဖန်ဆင်းနိုင်သည်။ သို့သော်နတ်သမီးသည် ညစ်၍၊ ဒရယ်ကျောပြောင်အမြီးတစ်ထောင်မပြည့်၍ အသားမင်းသားကို ရှုံးပြီဟုပြောသည်။ အသားမင်းသားက မကျေနပ်၍ မေခလာမင်းသမီးကိုယ်ပေါ်ရှာသော်လည်း မတွေ့တော့ချေ။ မေခလာနတ်သမီး၏ စီးတော်ယာဉ်လိပ်ပုတ်က အမြီးကို စားပစ်လိုက်ခြင်းကြောင့်ဖြစ်သည်။

မေခလာနတ်သမီးက အသားမင်းသား ထိမ်းမြားမင်္ဂလာပြုသည့်နေ့တွင် ဇမ္ဗူရစ်ရွှေစင်ကိန်းအောင်းသော ကျွဲခေါင်းကိုဖြတ်၍ သူ့အားပူဇော်ရမည်ဟု တောင်းဆိုသည်။ အသားမင်းသားသည် ကတိသစ္စာပြုပြီး ဟံသာဝတီနေပြည်တော်သို့ ဆက်လက်ထွက်ခွာခဲ့သည်။

ကုလားလန်ဘားနှင့် စီးချင်းထိုးပွဲတွင် အသားမင်းသား နိုင်သည်။ အနိုင်ရ၍ ပါလာသည့်ကုန်သင်္ဘောများကိုသိမ်းယူပြီး အိမ်ရှေ့အရာပေး၍ သမီးတော်နှင့်ထိမ်းမြားရန် မင်းကြီးကစီမံသည်။

အသားမင်းသားသည် မိမိ၏ ထိမ်းမြားမင်္ဂလာပြုမည့်နေ့တွင် ဇမ္ဗူရစ်ရွှေစင်ကိန်းဝပ်သော ကျွဲခေါင်းကို မေခလာနတ်သမီးထံ ဆက်သ



ပူဇော်ပါမည်ဟူသောကတိအတိုင်း လှည့်လည်ရှာဖွေသည်။ မြို့ပြပြည်ရွာအနှံ့ရှာသော်လည်း မတွေ့ရချေ။ ထိုအခါ မိခင်ကျွဲမကြီးက မိမိဦးခေါင်းဦးချို၌သာ ဇမ္ဗူရစ်ရွှေစင်ကိန်းအောင်းသည်ဖြစ်၍ ဖြတ်ပြီးပူဇော်ရန် ပေးသည်။

မိခင်ရင်းနှင့်မခြား ရှိသေချစ်ခင်သောကြောင့် အသားမင်းသားက မသတ်ရက်ပေ။ ထိုအခါ နံကရိုင်းကျွဲမကြီးက ချစ်သား၊ သင်မသတ်ရက်လျှင် အမေ၏လည်ပင်းပေါ် ဓားတင်ရုံသာ တင်ပါဟုစေခိုင်းသည်။ အသားမင်းသားက မိခင်မှာသည့်အတိုင်း ပြုလုပ်သည့်အခါ နံကရိုင်းကျွဲမကြီး အဓိဋ္ဌာန်ပြုသည်။ ကျွဲခေါင်းသည် လူဖြတ်သကဲ့သို့ပြတ်ကာ မြေသို့သက်သည်။

အသားမင်းသား ထိမ်းမြားသည့်နေ့တွင် မေခလာနတ်သမီးအားမယ်တော်နံကရိုင်းကျွဲခေါင်းနှင့် ပူဇော်သည်။ မိခင်ကိုသတ်မိခြင်းကိုပြေကြစေခြင်းငှာ နံကရိုင်းကျွဲမကြီးအား နတ်အဖြစ်ကိုးကွယ်သည်။ မင်းပူဇော်ခြင်းကို အကြောင်းပြု၍ တစ်နိုင်ငံလုံး ကိုးကွယ်လေ့ရှိကြသည်။

ယခင်က နတ်ကနားပေးရာတွင် ကျွဲခေါင်းဖြတ်၍ ပူဇော်သည်ဟု အဆိုရှိသည်။ နတ်ကွန်းထက်ဝယ် မိခင်ကျွဲမကြီး အထိမ်းအမှတ်ဦးချိုကို ရွှေချထားသည့်ကျွဲခေါင်းကို တင်၍ပူဇော်ကြသည်။ ယခုအခါ အထိမ်းအမှတ်ကျွဲခေါင်းရုပ်တုနှင့် အစားထိုး၍ ပသကြသည်။

နံကရိုင်းမယ်တော်၏ သမိုင်းဘဝဇာတ်လမ်းသည် အမွည်းကျောက်စာ အက္ခရာမတင်ခဲ့သော ဒဏ္ဍာရီပုံပြင်ဆန်ဆန် ဗုဒ္ဓဝင်သမိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လင့်ကစား မြန်မာနှင့်ကျွဲ ခွဲမရသော ဆက်နွယ်မှု ရှိနေသည်ကိုမူ ငြင်းကွယ်ရန် အကြောင်းမရှိပါ။

လှုငယ်မောင်မယ်တို့အား နံကရိုင်းမယ်တော်နတ် ကိုးကွယ်မှု ဓလေ့ ထွန်းကားစေရန်ရည်ရွယ်၍ ရေးသားဖော်ပြခြင်းမဟုတ်ပါ။ မိခင် ဖခင်ကို ရိုသေလေးစားစွာ မြတ်နိုးသောစိတ်ဓာတ်၊ နိုင်ငံနှင့်လူမျိုး အတွက် အသက်ကိုပဓာနမထား ကာကွယ်စောင့်ရှောက်လိုသည့် မျိုးချစ်စိတ်ဓာတ်ကို အတုယူနိုင်ဖွယ်အဖြစ် ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

မြန်မာဓလေ့ ထုံးစံနယ်တွင် စံထားသည့် တိရစ္ဆာန်ကလေးများ ထဲတွင် ကျွဲလည်း ပါဝင်သည်ဟု စာရေးသူက ညွှန်းဆိုလိုပါသည်။

✠ ✠ ✠ ✠ ✠

## အတုယူသင့်သည့် အမူအကျင့်ကောင်းများ

ကမ္ဘာမြေပေါ်တွင် လက်တွေ့ မြင်သိနေရသည်မှာ သတ္တလောက၏ လူ့ဘုံခန်းဝါနှင့် တိရစ္ဆာန်လောကသာ ဖြစ်သည်။ ဘာသာတရားတော်အသီးသီးတွင် စကြဝဠာကမ္ဘာကြီး၌ သာမန်လူသားတို့ မမြင်နိုင်မသိနိုင် မကြားနိုင်သည့် လူ့ဘုံလောကအများ ရှိကြသည်ဟု ယုံကြည်လက်ခံထားကြသည်။ လူနှင့် သတ္တဝါသည် မိတ်ဖက်ဖြစ်သည်။ ကမ္ဘာပေါ်ဦးစကပင် ယှဉ်တွဲနေထိုင်ကြသည်။ လူသားတို့က မြင့်မြတ်သည်။ အသိဉာဏ်ရှိသည်။ တိရစ္ဆာန်တို့ကမူ လူသားလောက် မမြင့်မြတ်၊ အသိဉာဏ်မပြည့်စုံဟူ၍ ယေဘုယျမှတ်ထားကြသည်။ သို့သော် လူသားသည်လည်း အဆင့်နိမ့်ကျသော တိရစ္ဆာန်အချို့၏ အနေအထိုင်၊ အပြုအမူအလေ့အထကို နည်းနာမှီးယူရခြင်းမှာ သဘာဝ တရားဖြစ်သည်။

မြန်မာ့ရှေးထုံးစဉ်အလာ၊ လောကနီတိဆုံးမစာအပါအဝင် ပညာရှိသူတော်ကောင်းတို့ ပြဆိုဆုံးမသည့်စကားများထဲတွင် အဟိတ် တိရစ္ဆာန်ကလေးများ၏ ကောင်းမြတ်သော အမူအကျင့်ကလေး များသည် လူသားတို့နှင့်အတူ လောက၌ အတတ်ပညာသင်ယူရာတွင် မရှက်ရာ၊ ပညာရှာပမာသူဖုန်းစားဟူသော စကားပုံများသည် မာန်မာန ထောင်လွှားသူတို့အတွက် အဆုံးအမစကားဟု ဆိုထားပေ၍ တိရစ္ဆာန်ကလေးများ၏ အမူအကျင့်၊ အလေ့အထကို မသိသူတော်ကျွဲသွား

www.burmeseclassic.com

www.burmeseclassic.com



သိသူဖော်စားဆိုသည့်အတိုင်း ယူတတ်လျှင် ကိုယ့်အတွက် အမြတ်ရရှိနိုင်ပါသည်။

ပညာရှိအမတ်ကြီး လက်ဝဲနော်ရထာ (ဦးနေ) (သက္ကရာဇ် ၁၀၈၅-၁၁၅၁) ၏ ရာဇနီတိပျို့တွင် တိရစ္ဆာန်ကလေးများထံမှ လူတို့အတုယူသင့်သည့် အမူအကျင့်များကို အောက်ပါအတိုင်း ရေးဖွဲ့ထားရှိပါသည်။

* ခြင်္သေ့ဇကာ၊ ဖျိုင်းမှတစ်ချက်၊ ကြက်မှလေးအင်
ကျီးတွင်ငါးဖြာ၊ ခွေးမှာခြောက်နည်း၊
မြည်းမှသုံးပါး၊ အပြားနှစ်ဆယ်၊
ကျင့်စဖွယ်ကို၊ ရာကွယ်သက်ရှည်၊ မင်းတို့သည်လျှင်၊
ဆောက်နိုးစွ၊ ကျင့်အပ်လှသည်၊
လောကဗန္ဓုအာဒိစ္စလည်း…

<u>လင်္ကာအဓိပ္ပာယ်ဖွင့်ဆိုချက်-</u>

ခြင်္သေ့တို့မည်သည် သားကောင်ကိုဖမ်းယူရာတွင် ကြီးသည်၊ ငယ်သည်မတူ၊ တစ်သမတ်တည်း လုံ့လစိုက်ထုတ်သည်။

ဖျိုင်းတို့သည် ကတွတ်ပေါက်အနီးတွင် ငါးကို စောင့်ဖမ်းရာ၌ အချိန်အခါကို တည်ငြိမ်စွာ စောင့်စည်းနိုင်သည့်သတ္တိနှင့် ဝီရိယရှိသည်။

မြည်းသည် (က) အပင်ပန်းခံနိုင်ခြင်း၊ (ခ) အပူအအေးဒဏ်ခံနိုင်ခြင်း၊ (ဂ) ရောင့်ရဲလွယ်ခြင်း စသည့်သုံးချက်ဖြစ်သည်။

ကြက်သည် (က) စောစောအိပ်ရာမှထခြင်း၊ (ခ) ခွပ်ရာ၌ ခွဲကောင်းခြင်း၊ (ဂ) အဆွေမျိုးအားလုံးနှင့် စားစရာကို မျှဝေစားသောက်တတ်ခြင်း၊ (ဃ) ရန်သူကိုနှိမ်နင်း၍ အမျိုးကို ဆတ်ဆတ်ထိမခံဟူ၍ ဖြစ်ပါသည်။



ကျီးသည် (က) မေထုန်မှီဝဲရာ၌ လျှို့ဝှက်ခြင်း၊ (ခ) စည်းလုံးညီညာခြင်း၊ (ဂ) မေ့လျော့ခြင်းကင်းခြင်း၊ (ဃ) မပျင်းမရိလုံ့လရှိခြင်း၊ (င) အကြိမ်ကြိမ်အဖန်ဖန် ရန်သူမိတ်ဆွေဝေဖန်၍ အမြဲသံသယစိတ်ဖြင့် ကြည့်ရှုခြင်းတို့ဖြစ်သည်။

ခွေးသည် (က) မပျင်းမရိ လုံ့လဝီရိယရှိခြင်း၊ (ခ) ကျွေးသမျှမွေးသမျှနှင့်သာ အားလျော်စွာရောင့်ရဲရှာခြင်း၊ (ဂ) ခေါင်းချလျှင်ချက်ချင်း အိပ်ပျော်လွယ်ခြင်း၊ (ဃ) အိပ်ပျော်ရာမှ မကြာခဏနိုးခြင်း၊ (င) ကိုယ့်သခင်ကို ခင်မင်လွန်မင်း ချစ်ခင်ခြင်း၊ (စ) ရဲရဲရင့်ရင့် ပွဲလယ်တင့်အောင် သခင့်အကြိုက်အလိုက် ကိုက်ခိုင်းလျှင် ကိုက်ခြင်း၊ ဟောင်ခြင်း၊ ဟိန်းခြင်း စသည်တို့ဖြစ်ပါသည်။

လက်ဝဲနော်ရထာ ဦးမြတ်သာနေကို အများဆွတ်၍ ဦးနေဟု ခေါ်ကြသည်။ ဟံသာဝတီရောက် မဟာဓမ္မရာဇာဓိပတိ၊ သားတော်အိမ်ရှေ့စစ်ကိုင်းမင်း၊ အလောင်းမင်းတရား၊ နောင်တော်ကြီး၊ ဆင်ဖြူရှင်မင်းတရား၊ စဉ့်ကူးမင်း ဘိုးတော်ဘုရားစသည့် မင်း (၆) ဆက်တိုင်တိုင် ဘွဲ့ (၁၀၀) ဖြင့် သူကောင်းပြုခံရသော အမတ်ကြီးဖြစ်သည်။ အမတ်ကြီး၏ ရာဇနီတိပျို့သည် ရာဇာမင်းတို့သာမက ပြည်သူများပါ လိုက်နာ အတုယူကျင့်သုံးသင့်သည့် အဆုံးအမများဖြစ်ပါသည်။

မုံရွေးဇေတဝန်ဆရာတော်ဘုရားက ကုသပျို့တွင်…

*၁၂၄။ ။ ကြီးငယ်မျှလည်း၊ သီဟအလား၊ နိုးကြားရဲရင့်စားခွင့်ဝေခြင်း၊ နှိမ်နင်းမေထုန်၊ ဤဂုဏ်လေးဝ၊ ကုက္ကုဋရှည့်၊ အကြင်စောင့်မှု၊ အရှုပေက္ခ၊ မေသုနကား၊ ဂုယှဋ္ဌာနာ၊ အစာစားသော်၊ မျိုးခေါ်ဆွေညို၊ မပျင်းရိသည့်၊ ကျီးအကျင့်ငါး၊ ခစားရှင်ခွင့်၊ ရဲရင့်မပျင်း၊ ရောင့်ရဲခြင်းနှင့် အိပ်ခြင်းပျော်လွယ်၊ နိုးလွယ်သဖြင့်၊ အကျင့်ခြောက်ဝ၊ ကုက္ကုရသို့၊ ယန်းစွမရှိ၊ ဆောင်ဘိဝန်လေး၊ ပူစမြဲခံ၊ ရောင့်ရဲလွယ်ကာ၊

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါသုံးနည်း၊ မြည်း၏ သဏ္ဌာန်၊ တိရစ္ဆာန်ခြောက်ခု၊ ကျင့်မှုပေါင်းညှိ၊ ဝိသတိကို၊ ပြည်ကြီး ကသိုဏ်း၊ ပုံစံနှိုင်း၏…

မြန်မာစလေ့ထုံး ရှေးရိုးအစဉ်အလာတွင် ကျေးငှက်သာရကာ ကုန်းနေရေနေတိရစ္ဆာန်တို့၏ ချစ်ကြင်သွယ်အတုယူဖွယ်တို့ကို ပုံပမာနှိုင်းဆို စကားထားခဲ့ကြသည်။

သဲငွေသောင်ယံ၊ ယမုန်နာမြစ်ကမ်းဘေးမှာ တူပျော်ပျော် ဘယ်ခါ စက်ရပါ၊ လည်ယှက်ကာသူတို့လို… ဟု ဖော်ကျူးသည့် တေးသံသည် ရွှေဟင်္သာမောင်နှံကို ရည်ညွှန်းပြ၍ ငှက်ဖြစ်လျှင် တစ်ကိုင်းတည်းနားချင်သည်။ မခွဲတမ်းမခွာတမ်း ကြင်ဖော်တွဲလိုသည့် ငှက်သွင်ပုံကြွမတတ်သော်မှ ချစ်သူနှင့်သာ နေလိုကြသည်ကို ပုံနိုင်းခြင်းဖြစ်ပါသည်။

* စေ့မြေ့သိပ်သည်း၊ ရွှေရွှေဆည်းသော်၊ စရည်းအိုးခွက်၊ ကြီးစွာ လျက်တည့်၊ တံစက်ကျမျှား၊ ပြည့်သောလားသို့၊ ပျား၏ နည်းထုံး၊ မှတ်ကျင့်သုံး၍၊ ခြပုံးတောင်ပို့၊ ဖို့သည့် ခြင်းရာ၊ လူလိမ္မာတို့၊ ဥစ္စာဆည်းထွေ၊ တတ်လှစေလော့ …ဟူ၍

ကန်တော်မင်းကျောင်းဆရာတော်က လောကသာရဆုံးမစာတွင် ပြဆိုထားသည်။ လူတို့သည် ပစ္စည်းဥစ္စာရှာဖွေရာတွင်၊ ပျားကောင်ကလေးများ ဝတ်ရည်စုသကဲ့သို့ ခြကောင်ကလေးများ မြေတောင်ပို့ ခြအုံသကဲ့သို့၊ ဇွဲလုံ့လမပျင်းမရိ ဝီရိယဖြင့် ဆောင်ရွက်ရမည်ဟူ၍ ဥပမာနိုင်းနှိုင်းထားခြင်းကို လူငယ်မောင်မယ်တို့ အတုယူကျင့်သုံးအပ်ပေသည်။

✡ ✡ ✡ ✡ ✡

# နိမိတ်ပုံသွင် ဆိုရိုးစကားအမြင်

မြန်မာနိုင်ငံ၏လူဦးရေသည် ကျေးလက်ကိုအခြေခံသည်။ ကျေးလက်မြို့ပြနေလူဦးရေ၏ ရှစ်ဆယ့်ငါးရာခိုင်နှုန်းသည် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ မြန်မာတို့ လယ်ယာစိုက်ပျိုးမှု အတတ်ပညာ ဖွံ့ဖြိုးတိုးတက်လာသည့် အနော်ရထာမင်းခေတ် ပုဂံပြည်ကာလကပင် စိုက်ပျိုးရေးအတွက် အရေးကြီးသောရေကို ရေတော်မိုးတော်၊ မိုးကိုမျှော်၍ စိုက်ပျိုးသည်ထက် ဆည်မြောင်းကန်ချောင်းကို အားထားရမှန်း သိခဲ့၏။ သို့သော် ရေမြေဥတုသဘာဝ၊ မြစ်၊ ချောင်း၊ အင်းအိုင်၊ တောင်ကုန်းတောင်တန်း မြေပြန့် ပထဝီ အနေအထားကြောင့် လယ်ယာစိုက်ပျိုးရေးတွင် ဆည်လယ်ဒေသမှာ အရေအတွက် နည်းပါးလှသည်။

မြန်မာ့မြေသည် ဥတုရာသီသုံးမျိုးရှိသည်။ နွေမိုးဆောင်းဥတု သုံးလီတွင် မိုးကာလသည် တစ်နိုင်ငံလုံး တစ်ပြေးတည်း မညီနိုင်ခဲ၊ မိုးခေါင်ရေရှားရပ်ဝန်းဒေသက ပို၍များပြားသည်။ မိုးဦး၊ မိုးလယ်၊ မိုးနှောင်း သုံးပါးညီစွာမိုးကောင်းမှ သီးနှံစိုက်ပျိုး၍ ရနိုင်သည်။

တစ်နှစ်လုံး မိုးကိုမျှော်ရ၏။ မိုးရွာသည့်အခြေအနေများကို တချိုး၍ တောင်သူလယ်သမားများအား စိုက်ချိန်၊ ပျိုးချိန်၊ လုံးလစိုက် ခေရန် မှာတမ်းကဗျာ လင်္ကာများ ရေးဖွဲ့ထားရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



- တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သကြံန်မိုး။
- ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနှံ့နှံ့။
- နယုန်မိုးသေး၊ မြက်သားမွေး။
- ဝါဆိုလပြောင်း၊ မိချောင်းဖွေးဖွေး၊ မိုးအေးအေး။
- ဝါခေါင်တကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆုံးရစ်ပွင့်ခါ၊ မိုးမရွာ၊ ရွာပါသော်လည်း၊ မိုးမသည်း။
- တော်သလင်းတိမ်ညို၊ စဖိုဆင်းရဲ၊ မိုးမစဲ။
- သီတင်းကျွတ်တွင်၊ ပလ္လင်ဆေးမိုး၊ ရွာသွန်းဖြိုး။
- တန်ဆောင်မုန်းတွင်း၊ ဆီးနှင်းတစ်ပြိုက်၊ မိုးတစ်လိုက်။
- နတ်တော်ရောက်ပြား၊ မိုးသားမငြိမ်၊ ဆင်ရာတိမ်။
- ပြာသိုချမ်းပြင်း၊ ဆီးနှင်းရောယှက်၊ နှမ်းပုံဖျက်။
- တပို့တွဲ၊ နွှဲ၍ရွာခြင်း၊ သန်မိုးကြွင်း။
- တပေါင်းလည်းကူး၊ မိုးသားကြူး။ ။

ဟူ၍ အမည်မသိရေးစာဆို၏ မိုးလင်္ကာကို မုံရွေးဇေတဝန်ဆရာတော် ပြုစုသည့်မှတ်စုမှ သိရှိရပါသည်။

ရှေးမြန်မာကြီးများသည် တစ်ဆယ့်နှစ်လပတ်လုံး မိုးရွာနှုန်း အနည်းအများကို ပေတံနှင့်တိုင်း၍ လင်္ကာရေးဖွဲ့ခဲ့၏။ ထိုနည်းတူ မိုးရွာတော့မည်ဆိုလျှင်လည်း လင်္ကာဖွဲ့၍ သတိပေးခဲ့သည်။

* စောင်းဆရာ၊ ယားနာပွေးကွက်၊ ပါဒရက်က၊
ပရွက်ပလူ၊ အနုပြဒါး၊ ပေါင်းရှစ်ပါး။ ။



ဟူ၍ မိုးရွာမည်ကို ဤရှစ်မျိုးက ကြိုသိကြသည်၊ မိုးလေဝသကိုမှန်မှန် ဟောနိုင်သည့် ဗေဒင်ဆရာကြီးများဖြစ်သည်။ မလျှော့မတင်း စောင်းကြိုး ညင်းဟုဆိုသည်၊ မိုးရွာမည့်အခါ အေးလာ၍ စောင်းကြိုးများ လျှော့လာ သည်ကိုတွေ့ရသည့်အခါ မိုးရွာမည်ကို စောင်းဆရာကသိသည်။

မိုးနံ့ မြေသင်းနံ့ကလေးများ ရလာပြီဆိုလျှင် မြေတွင်းအောင်း နေသည့် ပုရွက်ကောင်၊ ပလူကောင်တို့သည် ပြင်ပသို့ ပျံထွက်လာ သည်။ ရှေးက တောင်သူကြီးများသည် ပုရွက်ကောင်၊ ပလူကောင်တို့ ထွက်ခြင်း၊ မထွက်ခြင်းဖြင့် မိုးရွာမရွာကို တိုင်းတာကြသည်။

**လေမိုးသီးနှံကောင်းမကောင်း အမှတ်အသား**

တောင်သူဦးကြီးများသည် သည်နှစ်တွင် လေမိုးမှန်၍ ကောက်ပဲသီးနှံများ ကောင်းမွန်စွာထွက်ရှိမည် မထွက်ရှိမည်ကို တိရစ္ဆာန်ကလေးများ သညာဖြင့်မှတ်သားထားသည်ကို ကောက်နုတ် တင်ပြအပ်ပါသည်။

- သင်္ကြန်ကျသည့်နေ့ အိမ်ကြက်အလျင်တွန်လျှင်၊ မိုးဦးကောင်း မည်။
- တောကြက်အလျင်တွန်လျှင်၊ မိုးနှောင်းကောင်းမည်။
- အိမ်ကြက်၊ တောကြက် အပြိုင်တွန်လျှင် မိုးလယ်ကောင်း မည်။
- ပုစွန် (လယ်ပုစွန်လုံး) ကုန်းမြင့်တွင်လုပ်လျှင် ရေကြီးမည်၊ နိမ့်လျှင် ရေနည်းမည်။
- ပုစွန်တွင်းဝသို့ ကျင်းပြုလျှင် လေထန်မည်၊ တွင်းဝဘေးသို့ ပြုလျှင် မိုးကောင်းမည်။

www.burmeseclassic.com

www.burmeseclassic.com



- ဘီလုံးငှက် ကျင်းမှာဥလျှင် မိုးကောင်းမည်၊ ကုန်းမှာ ဥလျှင် မိုးမကောင်း။
- ဘီလုံးငှက်၊ ငှင်းအသိုက် မျက်နှာအပေါက်ပြုရာအရပ်က မိုး မလာ၊ မပြုသည့်အရပ်က မိုးလာမည်။
- ငှက်သိုက်မြင့်လျှင် မိုးကောင်းမည်၊ ငှက်သိုက်နိမ့်လျှင် လေထန် မည်။
- ဗီလားကောင် သစ်ပင်တက်မှာမြင့်လျှင် မိုးကောင်းမည်။ နိမ့်လျှင် မိုးနည်းမည်။
- ခင်ပုပ်ငှက်၊ တောက်တဲ့ အမြည်များလျှင် မိုးရွာမည်။
- တောက်တဲ့သံ အခွန်းများလျှင် မိုးကြီးရွာသည်။
- ဖားမြည်သော် မိုးရွာတတ်၏။
- ကျီးသိုက်မြင့်လျှင် လေနည်းမည်၊ ကျီးသိုက်နိမ့်လျှင် လေ ထန်မည်။

မြန်မာတို့သည် မိုးလေဝသအဟောအပြင်၊ ကျေးငှက် တိရစ္ဆာန်၏ အော်မြည်တွန်သံကျူးသံကိုပင်၊ မင်္ဂလာ၊ အမင်္ဂလာဟူ၍ မှတ်ယူထားကြသေးသည်။

ဖားအော်၍ မိုးရွာသည်ကို ယေဘုယျလက်ခံကြသည်။ တစ်ခါ တစ်ရံ ဖားသည် ဗေဒင်ဆရာဖြစ်နေပြန်သည်။

* ဘားတင်္ဂါ၊ မှန်ရာရွှေနှုတ်က၊ ခွန်းထုတ်စေသား။

လုမတူ၊ တသူကေန်ရောက်မှာဖြင့်၊ ပြောင်မြောက် ဗေဒင်ပိုင်ငဲ့၊



စံအိုင်ကို စိန်နှင့်မွမ်းပါ့မယ်၊ ခွန်ကျူးပါ့ဘား။ ။

(မူရင်းသတ်ပုံအတိုင်း) (မင်းကြီးကတော်ခင်ဆုံ)

### အိမ်ခေါင်သို့ ခွေးတက်အဟော

အကြင်ခွေးတို့သည်၊ အိမ်ခေါင်မိုးပေါ်သို့ တက်လတ်၍ တောင်ကတက်ပြီးလျှင်၊ မြောက်သို့ဆင်းမူကား၊ ချစ်လှသောမယားနှင့် ကွေကွင်းအံ့။

မြောက်ကတက်၍၊ တောင်သို့ဆင်းမူကား၊ ရတနာရွှေငွေရအံ့။ အရှေ့ဘက်ကတက်၍ အနောက်သို့ဆင်းပါမူ၊ သားမယားနှင့် ကွေကွင်းအံ့။

အနောက်ကတက်၍ အရှေ့သို့ဆင်းပြန်မူ၊ ဥစ္စာရတနာ တိုးတက်အံ့။

### ပျား၊ မြွေတို့ ဝင်လာသည့်အယူအဆ

မြန်မာလေ့ထုံးစံတွင် ပျားစွဲလာလျှင် မကောင်းသည့်နိမိတ် ပြတော့မည်၊ ဖြစ်တော့မည်ဟု ယူဆကြသည်။ သို့သော် ပျား၊ မြွေ စသည်တို့ဝင်လာသည်ကို အရပ်မျက်နှာအလိုက် အကျိုးထူး၊ အကျိုးမဲ့ ရနိုင်သည်ကို ရှေးဟောင်းထုံးစဉ်လာကို ဖော်ပြလိုပါသည်။

* နတ်နှင့် လူဝယ်၊ ပြိုင်ဖွယ်မရှိ၊ စောမုနိကို၊ တြိဝန္ဒနာ၊ ပြုပြီး ခါလျှင်၊ ကျီး၊ ခင်ပုပ်၊ မျောက်၊ ထိုနောက် ပျား၊ မြွေ၊ တစ်ထွေ စွန်လျှင်၊ သမင်၊ လင်းတ၊ သစ်ကျားစသည်၊ ဆင်းလှ ဥဒေါင်း၊ မိုးကြိုးစောင်းပစ်၊ တစ်ဆယ့်နှစ်တွင်၊ ကစဉ်အလျား၊ တစ်ပါးပါးတည်း။

* ရှေ့ပျားရပ်က၊ ဝင်လာကြလျှင်၊ နေ့ဥစ္စာ၊ ပွက်ပြန်းစွာနှင့်၊ ဖျားနာရောဂါ၊ ရောက်တတ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



* မှန်စွာမဖြောင့်၊ ရှေ့တောင်ထောင့်မှု၊ ငြင်းခုံထူအံ့။
* တမှုတောင်က၊ ဝင်လာကြလျှင်၊ မရဏာဘေး၊ ရောက်မည့် ရေးတည့်။
* မှတ်ထွေးဖြောင့်ဖြောင့်၊ နောက်တောင်ထောင့်မှု၊ ခိုးသူနှိပ်စက်၊ သောကတက်အံ့။
* တစ်ချက်ပုစ္ဆာ၊ နောက်ရပ်မှာကား၊ ဝင်လာတသီး၊ သမီး ကညာ၊ ဣတ္ထိယာကို၊ ရမည်ဆိုမှတ်။
* နောက်မြောက်အရပ်က ဝင်လာလျှင်၊ မနဥစ္စာ၊ ရမည်သာ တည့်။
* မှတ်ပါအထူး၊ မြောက်စူးစူးက၊ ပေါ်များလာဘ်သပ်။
* ရှေ့မြောက်ရပ်မှု၊ ခပ်သိမ်းသူတို့၊ ပူဇော်သက္ကာ၊ မြဲခံရသည်။

လောကနိမိတ်တည်းဟူ၍ တစ်နည်းပြဆိုပါသည်။

ငှက်များ လူတို့အိမ် ဝင်လာနားသည်ကိုလည်း ငှက်အမျိုးအစား အလိုက် ဝင်လာနားမှုကို ကံကြမ္မာဘေးအန္တရာယ် ကျရောက်သည်ဟု ယူဆကြသည်။

* လူတို့နေရာ၊ အိမ်ဂေဟာ၌၊ ကျဝင်လာသန်း၊ ငှက်နား ကျမ်းကို၊ လှမ်း၍တစ်ခါ၊ မိန့်လိုက်ပါအံ့၊ သညာမပျက်၊ ထောက်ရှာငှက်နှင့်၊ တစ်ချက်တိန်ညင်း၊ မယွင်းတစ်သီး၊ ဘုံမတီးငှက်၊ အောက်ချင်းငှက်ဆို၊ ဝန်ဗိုတစ်မျိုး၊ ဇီဝဇိုးဟု၊ ကြိုးကြာ ရင်ဘောက်၊ ထိုနောက်လင်းတ၊ ရေကြက်ကနှင့်၊ ကုက္ကုရသွင်း၊ မြင်းဝံသကုဏာ၊ စွန်ရဲစသား၊ ထိုငှက်များကို၊ အိမ်ရာသို့လျှင်၊ ဝင်၍နားရာ၊ အိမ်ရှင်မှာ၌၊ ကြမ္မာမကောင်း၊



ထောင်းထောင်းကြေဘိ၊ ဘေးကြီးထိ၍၊ ဥစ္စာရှိလုံး၊ ပျက်ပြို ပြုန်းအံ့၊ နှလုံးမသာ၊ ပူမည့်တာဟု၊ ကျမ်းလာလောကီ၊ ဟောကိန်းချီ၏. . .

ဟူ၍ လောကဟိတာရာသီကျမ်းတွင် ပြဆိုပါသည်။ မှန်မည် မှား မည်ကို တပ်အပ်သေချာ မယူသင့်ပါ။ စာအဟောပင်ဖြစ်သည်၊ ဝင်လာနားရာအရပ်ကိုလိုက်၍ အကောင်းအဆိုးပြကြပြန်သည်၊ စွန်ရဲသည် အနောက်မြောက်ကဝင်မူ ကျွဲနွားရအံ့၊ လက်ဝဲလက်ယာ ဝင်လာမူ လာဘ်ရအံ့. . . ဟူ၍ စသည်ဖြင့် ပြဆိုထားရာ အသိဉာဏ်နှင့် ယှဉ်၍ တွေးခေါ်ယူဆလက်ခံကြရန် ဖြစ်ပါသည်။

ငှက်တို့၏ အော်မြည်သံကိုစွဲ၍၊ မြန်မာ့ဓလေ့တွင်၊ အတိတ် နိမိတ် ကောက်ယူတတ်ကြသည်၊ မြည်သံကိုပင် အချိန်ကာလခွဲ၍၊ ဝေဖန်ကြသည်၊ ခင်ပုပ်၊ လင်ကောင်ပိုး၊ တစ်တီတူး အော်မြည်သံများ ကြားရလျှင် လူတို့မနှစ်သက်ပေ။

ဇီးကွက်၊ ကျီးမြည်သံကိုမူ သုတိမင်္ဂလာဟု ယူဆကြပြန်၏။

## ကျီးမြည်နိမိတ်များ

ရွှေကျီးညိုပြာ၊ ရှေ့နောက်ညာက၊ ခါခါသံလေး၊ ချိုချိုပေးက၊ လာဘ်သကာ၊ များစွာဧကန်၊ ရမည်မှန်၏။ တစ်ဖန်မှတ်ရန်၊ ရှေ့ရပ် ညာက၊ မြည်သာချို့၊ သံလွှင်ပေးသော်၊ ရင်သွေးဆွေညာ၊ ချစ်သူ လာလိမ့်၊ အင်္ဂါမည်ရ၊ ရှေ့တောင်ကလျှင်၊ ညိုမြစိမ်းလဲ့၊ ကျူးသံဖွဲ့၍၊ သံသဲ့သံလွှင်၊ ဧဝင်သော်၊ ရှိန်လျှင်ရဲရဲ၊ မီးလောင်မြဲတည့်၊ ဝမ်းဆီ လထိ၊ အားထုတ်ဘိရှင့်၊ ဒဏ္ဍိဏာမည်သာ၊ တောင်လက်ျာကာ သံသာ ရင့်ဆင့်၊ ကျူးရှင့်လာသော်၊ မှတ်ရာအလို၊ ကိုယ်နှင့်ရည်ရွယ် မြတ်သော

www.burmeseclassic.com

www.burmeseclassic.com



သူလျှင်၊ ပျူပျူငှာငှာ၊ ရောက်မြဲသာရှင့်၊ ဒီသာနောက်တောင်၊ စနေချောင်က၊ မြည်လာပြမူ၊ နေ့ဉစွာ၊ သူခိုးလာ၍၊ မှန်စွာမလွဲ၊ ယူတတ်မြဲတည့်၊ ဖန်လဲခါခါ၊ ဆင်ခြင် ရာ၏၊ နောက်မှာ ဒေသ၊ ကျိုးညိုလှတို့၊ ချိုမြမြည်ဘိ၊ ဘေးဒဏ်ထိပေ၊ ရောက်လေဘိ၏၊ ကိုယ်ထိကြီးစွာ၊ အသူရာဟု၊ ဒေဝါကိန်းအောင်း၊ နောက်မြောက်စောင်းက၊ ကောင်းကောင်းလည်ညီတံ၊ ကျူးသံရိတ်က၊ ဖိတ်ဖိတ်ဝင်းဝါ၊ ကျေးကျွန်လာလိမ့်၊ မြောက်သာရပ်ခွင်၊ မြည်လာချင်သည်၊ နားဝင်ချိုပြောင်း၊ စကားကောင်းတည့်၊ ပြောကြောင်းမြဲမြဲ ဧတွဲလျက်၊ ရပ်ပွဲသာယာ၊ ကြားမိန့်မှာသည်။ လာဘ်သာဝင်မြဲ ဧကန်တည်း။ ။

ကျီးကဲ့သို့ ကြွက်မြည်စုတ်သံ၊ အိမ်မြှောင်အကျတို့လည်း ရှိသည်။ အရေးမပါလှ၍ မဖော်ပြတော့ပါ။ မွေးမြူရန် ဝယ်ယူသည့် ဆင်၊ မြင်း၊ နွားတို့၏ ဇွေအင်္ဂါကြန်အင်လက္ခဏာများ ပါရှိသည့် အလိုက် ပိုင်ရှင်အား အကျိုးပြုသည်၊ ခိုက်သည်များလည်း မြန်မာတို့ ဆိုရိုးစကားထားကြ၏။ ယင်းတို့ကိုဖော်ပြလျှင် ကျမ်းတစ်ဆူမျှ ကျယ်ဝန်းမည်ဖြစ်ပါ၍ စာရေးသူ၏ မြန်မာ့ဆင်၊ မြန်မာ့မြင်း၊ မြန်မာ့ ကျွဲနွား၊ မြန်မာ့ဟင်းစားကြက် စာအုပ်များကို လေ့လာဖတ်ရှုရန် ရည်ညွှန်းပါသည်။

ဖော်ပြခဲ့သည့် အယူအဆများကို မြန်မာ့ဓလေ့တွင် အယူသီးသည်။ သိပ္ပံနည်းမကျ မခိုင်မာဟူ၍ စောကြောဝေဖန်ပါကလည်း လက်ခံရမည် ဖြစ်ပါသည်။ သို့သော် အနောက်တိုင်းများတွင်လည်း တိရစ္ဆာန်များနှင့်ပတ်သက်၍ အယူသီးမှုများ ရှိနေသည်ကို တွေ့ရပါသည်။

ခရီးသွားလျှင် ကြုံရသည့် ခွေး၊ မြွေ၊ ကြောင် နိမိတ်များသည်



အနောက်တိုင်းအယူအဆနှင့် မြန်မာ့ဓလေ့များ တူညီသည်ကို တွေ့ရသည်။ အကျဉ်းမျှဖော်ပြပါမည်၊ အကြံအစည်တစ်ခု သို့မဟုတ် အလုပ်အကိုင်တစ်ခုအတွက် ခရီးသွားနေစဉ် မြွေတစ်ကောင် ရှေ့မှဖြတ်သွားပါက ကိစ္စသည် တိုတိုနှင့်မပြီး ရှည်ကြာမည်ဟု ယူဆသည်။

ခရီးသွားနေစဉ်၊ ခွေးတစ်ကောင် ရှေ့မှဖြတ်ပါက အကြံအစည်ပျက်တတ်၍ အိမ်ထောင်ကျအံ့ဟု သွားသောအခါ ရှေ့ကခွေး သန်း၍သွားလေမူ စကားပျက်တတ်သည်။

ရှေ့မှခွေး ဆီးဟောင်လျှင် ယင်းခရီး အကြံအစည်ပျက်တတ်သည်။ သင်ခရီးသွားခိုက် ကြောင်တစ်ကောင်သည် ရှေ့ညာဘက်မှ ဘယ်ဘက်သို့ဖြတ်သွားလျှင် မကောင်း၊ ကြောင်နက်ဆိုလျှင် ထူးခြားသည်။ ကြောင်ဖြူများ အိမ်ထဲဝင်လာလျှင်၊ အဖျားရောဂါသယ်လာသည်။ ကြောင်များ အိမ်ထဲမှထွက်သွားသော် ယင်းအိမ်၏ ကျက်သရေမင်္ဂလာအဖြာဖြာကို ကြောင်နှင့်အတူ သယ်ဆောင်သွားသည်ဟု ဆိုသည်။ ရှေးရိုးစဉ်လာ ထုံးဓလေ့များကို မှန်ကန်သည်ဟူ၍လည်း တစ်ထစ်ချယူဆပြီး စိတ်သောကမပွားသင့်ပါ။ မယုံမကြည် လက်မခံဟူ၍လည်း ပစ်ပစ်ခါခါမပြုသင့်ပါ။

ဝေဖန်ပိုင်းခြား အသိပညာဉာဏ်စွမ်းဖြင့် ချင့်ချိန်ယူဆ သုံးစွဲတတ် ကြရမည်ဖြစ်ပါသည်။

✦ ✦ ✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

## နှုတ်ကောင်းတော့ ပြည်စိုး

မြန်မာတို့သည် ယဉ်ကျေးမှုလေ့ထုံးစံ အစဉ်အလာများကို နောင်းလူတို့ လိုက်နာကျင့်သုံးနိုင်ကြစေရန် ဆိုရိုးစကားများ ထားရှိခဲ့ပါသည်။

ယင်းဆိုရိုးစကားများအနက် နှုတ်မှုရေးရာ စကားပြောဆိုရာတွင် လိုက်နာကျင့်သုံးရမည့် လမ်းညွှန်စကားအချို့ကို ဖော်ပြအပ်ပါသည်။ မြန်မာတို့သည် ဗုဒ္ဓအဆုံးအမတော်အတိုင်း မကောင်းမှုဒုစရိုက်ကျူးလွန်ရာတွင် ကိုယ်၊ နှုတ်၊ စိတ် (ကာယကံ၊ ဝစီကံ၊ မနောကံ) သုံးပါးဖြင့် ပြစ်မှားကျူးလွန်ကြသည်ဟု လက်ခံထားကြသည်။ ထိုကံသုံးပါးတွင် ဝစီကံ နှုတ်ဖြင့်ပြစ်မှားကျူးလွန်ခြင်းသည် အများဆုံးဖြစ်ပါသည်။

ကာယကံမြောက်ကျူးလွန်ခဲ့လျှင် တုံ့ပြန်မှုကို တန်ပြန်ရနိုင်သည်။ အဆုံးစွန်၌ တရားဥပဒေအရပင် အရေးယူခံရဖွယ်ရှိသည်။ မနောကံမှာ စိတ်ထဲ၌ ကြံစည်၊ ပြစ်တင် ပြစ်မှားကျူးလွန်ခြင်းဖြစ်သည်။ သက်ရောက်တုံ့ပြန်မှု နည်းပါးသည်။ ထို့ကြောင့် တုံ့ပြန်မှုဆိုးကျိုးရလာနိုင်သည့် ကာယကံကျူးလွန်မှုကို ရှောင်ရှားထိန်းသိမ်းကြသည်။ မနောကံမှာလည်း စိတ်ဖြင့်သာ ကျူးလွန်ခြင်းကြောင့်၊ ကြောင်းကျိုးပေါ်လွင်ခြင်းမရှိပေ။ ဝစီကံမှာမူကား နှုတ်ဖြင့်ကျူးလွန်ခြင်းဖြစ်သည်။



ဆဲဆိုခြင်း၊ အသရေဖျက် ပြောဆိုခြင်း စသည့်အမှုအခင်းများသည် ကာယကံမြောက် ကျူးလွန်သည်လောက် အပြစ်ဒဏ်ခံရမှု မကြီးလေးပေ၊ မနောကံထက်၊ ထိရောက်မှု သက်ရောက်မှုလည်းရှိသည်။ ထို့ကြောင့် စကားအရာဖြင့် ဝစီကံကျူးလွန်မှုသည် လူတို့ဘောင်တွင် အမှတ်သတိမထား မဆင်မခြင်ပြောဆိုကြရာမှ ပြစ်မှုကျူးလွန်လျက်ရှိနေကြောင်းကို ကျွန်တော်တို့ အထူးသတိပြုရမည့်အချက်ပင် ဖြစ်ပေသည်။

နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေဟူသည့် ဆိုရိုးစကားသည် ဝစီကံကျူးလွန်မှုနှင့် ဒုစရိုက်၏ ကြောက်မက်ဖွယ်ရာကောင်းပုံကို ဖော်ပြ နေခြင်းပင်ဖြစ်ပါသည်။ လောကတွင် မကောင်းသည့် ဝစီကံဒုစရိုက်များသည် အချင်းချင်း ညီညွတ်မှုကိုဖျက်ဆီးသည်။ မကောင်းသည့်စကားကြောင့် လူတစ်ဦး၏ဘဝသည် ရစရာမရှိအောင် ကြေမွပျက်ပြုန်းသွားနိုင်သည်။ မကောင်းသည့်ဝစီကံမှုကြောင့် တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုကင်းမဲ့၊ သံသယများကြီးထွား၊ လေးစားမှုကင်းမဲ့၊ ဆက်ဆံရေးများ ပျက်ပြားသွားနိုင်သည်။ ခိုက်ရန်ဒေါသဖြစ်ပွားပြီး ရန်သူအဖြစ်သို့ ပြောင်းလဲသွားတတ်သည်ကို သတိပြုရပေမည်။

လောကအလယ်တွင် လူဆိုသည်မှာ တစ်ဦးတည်းနေထိုင်၍ မရပေ။ သူ၏ပတ်ဝန်းကျင်နှင့် ဆက်စပ်ထိတွေ့ပြီး၊ အဆင်ပြေ လိုက်လျောညီထွေအောင် ပြောဆိုကျင့်ကြံ နေထိုင်ရခြင်းဖြစ်သည်။ ပေါင်းသင်းဆက်ဆံ စကားပြောဆိုရမည့်အလုပ်သည် သဘာဝတရားမှ ဖန်တီးပေးထားသည့် နိယာမတရားဖြစ်၍ ရှောင်လွှဲလို့လျှင်၊ ဝစီပိတ်တရားဖြင့် နေထိုင်လိုလျှင် လူ့အသိုင်းအဝိုင်းမှ ဖဲကြဉ်နေထိုင်မှသာ ဖြစ်ပေမည်။

ကြီးသူ ငယ်သူ၊ အယုတ်အလတ် အမြတ်မရွေး လူတန်းစားအလွှာအသီးသီးနှင့် စကားပြောဆိုဆက်ဆံရမည့်အကြောင်းသည် လူသားများအတွက် အရေးပါသော ပညာရပ်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်နှစ်သက်ဖွယ်ကောင်းသောစကားကို ပညာရှိသူတော်ကောင်းတို့ဆိုကြပါသည်။ ဖရုသဝါစာ ကြမ်းတမ်းသောစကားကို အလျှဉ်းမဆိုကြပါ။ စကားချမ်းမြေ့သောသူသည် လမင်းပမာ ကြယ်နက္ခတ်တာရာအပေါင်း အခြံအရံများသည်။ စကား ကြမ်းကြုတ်သောသူတွင် အဆွေခင်ပွန်းမရှိ၊ ပူပြင်းသောနေမင်းပမာ အခြံအရံနည်းပါးမည်ဖြစ်သည်။ ထို့ကြောင့် စကားကို ချိုသာချမ်းမြေ့စွာ ပြောဆိုရမည့်အပြင် သစ္စာတည်းဟူသော မှန်သောစကားကိုသာ ဆိုသင့်ပါသည်။ သစ္စာပျက်ယွင်း မဟုတ်မမှန်သောစကားကို ဆိုချေပါမူ လောကအလယ် မတင့်မတယ် မဖွယ်မရာ ဖြစ်ရချေမည်။

* ရှေးဦးကမ္ဘာ၊ မဟာသမ္မတ၊ ပျော်ပြလွန်းတင်၊
မော်ကွန်းတင်နှင့်၊ ရာဇဝင်ဗုဒ္ဓ၊ ပုံပြင်ဝတ္ထု၊
အစုအဝေး၊ အမေးအဖြေ၊ ခွဲဝေစိတ်ဖြာ၊
လင်္ကာဖို့တက်၊ တတ်မှတ်သိလွယ်၊ အဓိပ္ပာယ်နယ်မကျွမ်း
ပါက၊ နှုတ်လျှာပင်ကောင်းသော်လည်း၊
စကားကောင်းလက္ခဏာသို့ မရောက်ချေ။ ။

ဟူ၍ စလေဦးပုညပြဆိုသည့်အဓိပ္ပာယ်မှာ 'ပညာရဲရင့်မှ ပွဲလယ်တင့်မည်'၊ 'ပညာပြည့်ဝမှ နှလုံးလှပေမည်'၊ 'စကားပြောတတ်တိုင်း စကားကောင်းမပြည်နိုင်ပေ'။ ငါ့စကားနွားရဲ့ ပြောသည့်ပုံပမာနှင့် ညီပေသည်။ သိမ်မွေ့သောစကားတို့ကို ပညာရှိတို့ကလည်း မနှစ်သက်၊ နာသူတို့ကလည်း မခံသာကြပေ။ ထို့ကြောင့် အဟောသိကံဖြစ်စေသောစကားမျိုးကို ရှောင်ကြဉ်ရမည်၊ ဆင်ခြင်ရမည်ဟု ဆိုလိုပါသည်။



စကားဆိုရာ၌ စကားအရာ အင်္ဂါလေးတန်နှင့် ညီညွတ်ရမည်ဟူ၍ သုဘာသိတသုတ်တော်၌ ပါရှိပါသည်။

စကားအရာ အင်္ဂါလေးတန်ဆိုသည်မှာ-

(၁) ဝါကျအစိတ်အပိုင်းငါးပါး၊ လိင်သုံးပါး၊ ကိရိယာကရဏ ခြောက်ပါးနှင့် ပြည့်စုံသောစကား၊

(၂) မမှားနှင့်ယှဉ်သောစကား၊

(၃) ပီယချစ်ခင်ဖွယ်ကောင်းသည့်စကား၊

(၄) ဖြောင့်မှန်သောစကား။

တို့ကိုသာ ပြောဆိုရမည်ဟူ၍ ပညာရှိတို့ ကိုးကားနာယူကြပါသည်။

စကားပြောဆိုရာတွင် စကားအထားအသိုနှင့် ကိုယ်နှုတ်အမူအရာတို့သည်လည်း လိုက်လျောညီထွေပြေပြစ်ရန် အရေးကြီးပါသည်။

စကားချိုချိုသာသာပြောဆိုမှုသည် လူချစ်ခင်၏။ လူတို့နှစ်သက်၏။ ပီယဝါစာပြောဆိုမှုသည် တန်ခိုးထက်သောမန္တန်ဖြစ်၏။ လူတို့အား သဘာဝကပေးသော လက်ဆောင်ဖြစ်သည်။

'နှုတ်ကောင်းတော့ပြည်စိုး' စကားပုံကို ကျွန်တော်ငယ်စဉ်က ရွှေပြည်စိုးဇာတ်သဲ သာယာစွာသီဆိုခြင်းဟု အမှတ်မှားဖူးသည်။ အမှန်ကား၊ နှုတ်လျှာစကားတွက် ကောင်းမွန်ပြေပြစ်ချိုသာမှု၏ အကျိုးတရားကား ပြည်ပိုင်စိုးမင်းဖြစ်ရသည့် အကျိုးသက်ရောက်မှုကို ဆိုလိုရင်းဖြစ်ပါသည်။

အသံသာသည်ကို လူပင်မဆိုထားဘိ၊ အဟိတ်တိရစ္ဆာန်များပင် နှစ်သက်သည်။ ဝေါက်ငန်းပြောဆိုခြင်း၊ ခိုင်းစေခြင်းထက်

www.burmeseclassic.com

www.burmeseclassic.com



ချော့မော့ပွတ်သပ် ပြောဆိုအမိန့်ပေးခြင်းကို နာခံလိုကြသည်။ လူနှင့် နီးစပ်သော ဆင်၊ မြင်း၊ နွား၊ ခွေး၊ ကြောင်၊ ကြက်တို့က အဖြေပေးနေသည့် ဥပမာများ ဖြစ်သည်။

ဖြစ်တော်စဉ်ဇာတ်တော် ငါးရာငါးဆယ်တွင်ပါရှိသည့် နန္ဒိဝိသာလ ဇာတ်တော်တွင် ဆဲဆိုကြမ်းတမ်းစွာပြောဆိုမှုကို နွားကပင် မနှစ်သက် မခံယူလိုကြောင်း ပြဆိုပါသည်။ တစ်ရံရောအခါက တက္ကသိုလ်ပြည်၌ ဂန္ဓာရမင်း ထီးနန်းစိုးစံစဉ် ဘုရားအလောင်းသည် နွားမျိုး၌ဖြစ်သည်။ ပိုင်ရှင်ပုဏ္ဏားကြီးက အစာရေစာ ကောင်းမွန်စွာ ကျွေးမွေး၏။ ထို့ကြောင့် ခွန်အားဗလနှင့်ပြည့်စုံ၏။ ချမ်းသာစွာနေရ၏။ နန္ဒိဝိသာလနွားသည် ပုဏ္ဏားကြီးအား ကျေးဇူးဆပ်လို၍ ဂေါဝိန္ဒ သူဌေးထံသွားပြီး ငါ၏နွားသည် ဝန်အပြည့်နွားလှည်းတစ်ရာကို ဆက်၍ဆွဲရန်းနိုင်သည်ဟု လောင်းကြေး အသပြာတစ်ထောင်ထပ်ရန် ပြုစေ၏။ ပုဏ္ဏားလည်း ဘုရားအလောင်းဆိုတိုင်းပြု၏။ ပွဲကြီးနေ့တွင် ဝန်တင်နွားလှည်းတစ်ရာရှေ့တွင် နန္ဒိဝိသာလနွားကို ထမ်းပိုးတွင်တပ်၍ ရန်းစေ၏။ ပုဏ္ဏားကြီးသည် နှင်တံကိုကိုင်၍ ကောက်ကျစ်သောနွား ရုန်းလော့၊ ကောက်ကျစ်သောနွား သွားလော့ဟူ၍ မောင်းနှင်သည်။ ဤသို့ ကြမ်းကြုတ်စွာ ပြောဆိုမောင်းနှင်သည်ကို မနှစ်သက်၍ နွားသည်နေရာမရွေ့၊ ခြေစုံရပ်သည်တွင် ပုဏ္ဏားကြီး အသပြာလောင်းကြေး ရှုံးသည်။ အိမ်ရောက်သောအခါ မှိုင်တွေနေသည့်ပုဏ္ဏားကြီးကို နန္ဒိဝိသာလနွားက အသင်သည် ငါမကောက်ကျစ်ဘဲ ကောက်ကျစ်သည်ဟု ဆဲဆိုမောင်းနှင်၏။ သင့်အကျိုးစီးပွားကို ဘယ်သောအခါမှ ဖျက်ဆီးခြင်းမရှိ၊ ဒါကြောင့် ငါမရုန်းခဲ့ပေဟုဆိုသည်။ ပုဏ္ဏားကြီးက အများကိုဝန်ခံသဖြင့် နန္ဒိဝိသာလနွားက နောက်တစ်ကြိမ်ပြန်၍



အသပြာနှစ်ထောင်ကြေး လောင်းကြေးထပ်စေ၏။ ထိုနေ့တွင် ပုဏ္ဏားကြီးက လိမ္မာသောနွား သွားပါတော့လား၊ လိမ္မာသောနွား ရုန်းပါတော့လားဟူ၍ နှင်တံကိုမြှောက်၍ မောင်းနှင်သည်တွင် နွားကြီးက ဝန်တင်လှည်းတန်းကြီးကို ဆွဲရုန်းလိုက်သည်။

တိရစ္ဆာန်တို့က လူတို့၏အသံနေအသံထား အမူအရာချိုသာမှုကို နှစ်သက်သကဲ့သို့ လူတို့ကလည်း အသံသာယာသီကြွေးတတ်သည့် တိရစ္ဆာန်ကလေးများကို ချစ်ခင်ကြသည်။ တိရစ္ဆာန်တို့၏ အသံမြည်သံကို ခွဲခြားသတ်မှတ် ခေါ်ဝေါ်ကြပါသည်။

ခြင်္သေ့ (ဟောက်သည်)၊ ကျား (ဟိန်းသည်၊ တစ်သည်)၊ ဆင် (အစ်သည်)၊ မြင်း (ဟီသည်)၊ နွား (တွန်သည်)၊ နွားကလေး (အော်သည်)၊ ခွေး (ဟောင်သည်၊ အူသည်၊ ဟိန်းသည်)၊ ကြောင် (မြည်သည်)၊ မြွေ (တွန်သည်)၊ သမင် (တောက်သည်)၊ ချေ (ဟောက်သည်)၊ မျောက် (အော်သည်)၊ခို (ညည်းသည်)၊ ဗိုးကွက် (အော်သည်)၊ လင်ကောင်ပိုး (မှက်ဆိုးထိုးသည်)၊ ဒေါင်း (တွန်သည်)၊ ကြက်မ (တွန်သည်)၊ ကျီး (အသံကျယ်လျှင် အာသည်၊ အသံစာလျှင် သာသည်)၊ ချိုး (ကူသည်) တို့ဖြစ်ပါသည်။

တိရစ္ဆာန်တို့၏ အော်မြည်သံကို မြန်မာစကားတွင် ကြွယ်ကြွယ်ဝဝ ဖွဲ့ဆိုထားသကဲ့သို့ အသံ၏မြည်သံကိုလည်း ကွဲကွဲပြားပြား ဖော်ပြသည်။ အသံသာသည့် တိရစ္ဆာန်ကလေးများကို ချစ်ခင်ကြသည်။ ကြက်တူရွေးကို တမာရွေကျေး၊ ခွန်းဆင့်အသံသာ မြည်သည့် ကျီးကို ရွှေကျီး၊ ရွှေဥဒေါင်း၊ ရွှေချိုး၊ ရွှေဥသြ၊ ရွှေပြည်စိုး၊ ရွှေဟင်္သာ စသည်တို့၏အသံသာမှုကို အလေးထားချစ်ခင်၍ ရွှေတပ်ပြီး ခေါ်ဝေါ်ကြသည်။ အသံသာမှုကို ကရဝိက်သံ၊ ကြိုးကြာသံဟူ၍ တင်စား မြွတ်နိုးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန်ကလေးများက လူနှယ် စကားမပြောတတ်ကြရာ၍ သဘာဝ တွန့်ကျူးအော်မည်သံကို လူတို့နားလည်ရန် မဆက် ရန်အဆောင်းပါးတွင် ပြဆိုလိုသည်မှာ ကြမ်းကြုတ်သောအသံ၊ အသံ နှုတ်ထွက်စကားတွင် အဟိတ်တိရစ္ဆာန်ကိုသော်မှ ကို သုံးသပ်တင်ပြထားခြင်းဖြစ်ပါသည်။

းဆိုရာတွင် အသံချိုသာရ၊ နူးညံ့ရုံနှင့် မပြီးမြောက်သေး သင့်သောစကား ဆိုသင့်သည့်စကားကိုလည်း ရွေးချယ် ှမည်ထင်ပါသည်။

ကြောင့် စကားပြောဆိုရာတွင် လူတို့ဆောင်တွင် စကား ွန်းသည်။ ထိုခြောက်ခွန်းအနက် လေးခွန်းကိုပယ်၊ နှစ်ခွန်း မည်ဟု ပြဆိုပြန်သည်-

ာ်လည်းမဟုတ်၊ သူလည်းမနှာလို၊ ကိုယ်လည်းအကျိုးမရှိ။

ာ်လည်းမဟုတ်၊ သူလည်းနှာလို၊ ကိုယ်လည်းအကျိုးမရှိ။

တ်လည်းဟုတ်၏၊ သူလည်းမနှာလို၊ ကိုယ်လည်း ကျိုးမရှိ။

တ်လည်းဟုတ်၏၊ သူလည်းနှာလို၊ ကိုယ်လည်းအကျိုးမရှိ။

တ်လည်း ဟုတ်၏၊ သူလည်းနှာလို၊ ကိုယ်လည်းအကျိုးရှိ။

တ်လည်းဟုတ်၏၊ သူလည်းမနှာလို၊ ကိုယ်လည်းအကျိုးရှိ။

း‌စကားခြောက်ခွန်းတွင် နံပါတ် (၁)၊ (၂)၊ (၃)၊ (၄) ံပါတ် (၅)၊ (၆) ကိုသာ ပြောဆိုရမည်ဟူ၍ ပညာရှိတို့ ထားခဲ့သည်။



တစ်ဖန် တရားနှင့်ယှဉ်သောစကားတို့ကို သူတစ်ပါးမုန်းတီး မည်ကို မကြောက်မရွံ့ဘဲ ဟောကြားဆုံးမရမည်ဟု အဆိုအမိန့်ရှိပါ သည်။ သို့တစေ မိမိစကားကို မနှာယူသော် ထမ်းတာလဲလဲမဆိုအပ်ဟူ၍ သတိပြုဖွယ် ဆုံးမစကားတစ်ရပ်ရှိပါသည်။

စကားကောင်းဖြစ်သော်လည်း စကားကောင်းကို စကား ကောင်းဟူ၍ မမှတ်သူ ဤကမ္ဘာတွင် ငါးဦးငါးဖြာရှိသည်ဟူ၍၊ ရှင်မဟာသီလဝံသ၏ ပါရာယနဝတ္ထုတွင် ပြဆိုထားသည်ကို မှတ်သား ဖော်ပြအပ်ပါသည်-

(၁) မသဒ္ဓါသောသူကို သဒ္ဓါအောင် ဆိုမိချေအံ့။

(၂) သီတင်းပျက်သောသူကို သီတင်းမပျက်အောင် စောင့်စည်း အောင် ဆိုမိချေအံ့။

(၃) အကြားအမြင်ဖြင့် အလိုမရှိသူကို အကြားအမြင်များအောင် ဆိုမိချေအံ့။

(၄) အပေးအကမ်းမရှိ၊ ဝန်တိုသောသူကို ပေးကမ်းစွန့်ကြဲအောင် ဆိုမိချေအံ့။

(၅) ပညာမဲ့သောသူအား ပညာကျေးဇူးစကား ဆိုမိချေအံ့။

ဤငါးယောက်တို့ကား ယင်းစကားငါးခွန်းကို စကားကောင်း မမှတ်ကြချေဟူ၍ ပြဆိုထားပါသည်။

စကားပြောဆိုရာတွင် စကားအထားအသိုနှင့် ကိုယ်နှုတ်အမူ အရာ စကားထွက်သံတို့လည်း လိုက်လျောညီထွေ ပြေပြစ်ရန် အရေး ကြီးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာဆိုရိုးစကားတွင် စကားပြောဆိုရမည့်ပမာထုံးများ ထားရှိပါသည်-

(၁) ကစားသမား၊ စကားမတည်

(၂) ကျောပူတာသာခံနိုင်တယ်၊ နားပူတာမခံနိုင်

(၃) ကြံသာ အစဉ်ချိုသည်၊ လူမှာ အစဉ်မချို

(၄) ကြမ်းကျွံလျှင် နုတ်၍ရသည်၊ စကားလွန်လျှင် နုတ်၍မရ

(၅) ချစ်စေလို ခံတွင်းလက်လေးသစ်၊ မုန်းစေလို ခံတွင်း လက်လေးသစ်

(၆) ချစ်တုန်း၊ မုန်းစကားပြော

(၇) စကားခြောက်ခွန်း လူ့ဥတွန်း၊ လေးခွန်းပယ်၊ နှစ်ခွန်းတည်

(၈) စကား စကား ပြောဖန်များ၊ စကားထဲက ဇာတိပြ

(၉) စကားဆိုတွေ့ သူလိုစေ

(၁၀) စကားနောက် တရားပါ

(၁၁) စကားနည်း ရန်စဲ

(၁၂) စကားများ အမှားပါ

(၁၃) စကားအပေါင်းအုပ်သည် ကတိ၊ တရားအပေါင်းချုပ်သည် သတိ

(၁၄) စကားအရာ အင်္ဂါလေးတန်

(၁၅) ဆိုခဲစေ၊ မြဲစေ

(၁၆) ဆိုရေးရှိက ဆိုအပ်လှ

(၁၇) ဆိတ်ဆိတ်နေဘိ၊ သမ္မောဓိ



(၁၈) ငါ့စကား နွားရ

(၁၉) ငါနှင့်ငါသာ နှိုင်းစရာ

(၂၀) တရားကျမ်းဂန် တတ်ပါသော်လည်း၊ အသံအယာပြောဆို တတ်မှ ပညာရှိလက္ခဏာရောက်ပေမည်။

(၂၁) တရားဆိုသော် ရဲလှစေ၊ စကားဆိုသော် မြဲလှစေ

(၂၂) တရားလိုသော် မဆန်းနဲ့၊ စကားဆိုသော် မကြမ်းနဲ့

(၂၃) တံတားအို မှောင်နိမလျှောက်နဲ့၊ စကားဆို တောင်လို မမောက်နဲ့

(၂၄) တိုးတိုးပြောတော့ ပြည်ပျက်

(၂၅) ထင်တိုင်းလည်း နိုပ်၍မဆိုနှင့်၊ ဝင်တိုင်းလည်း သိပ်၍ မမျိုနှင့်

(၂၆) ယောင်တန်သည့်စကား ရယ်ပေါ့

(၂၇) နေ့ပြော နောက်ကြည့်၊ ညပြော အောက်ကြည့်

(၂၈) နှုတ်ကတော့ ပျားသကာ၊ စိတ်ကတော့ ခါးတမာ

(၂၉) နှုတ်ကြီးလျှင် သူခွာ၊ လက်ကြီးလျှင် သူလာ

(၃၀) နှုတ်ကြောင့် သေ၊ လက်ကြောင့် ကြေ

(၃၁) နှုတ်ချိုလျှင် လက်တို

(၃၂) နှုတ်ချို သျှိုတစ်ပါး

(၃၃) နှုတ်ချိုလျှင် သူချစ်သည်၊ လက်တိုလျှင် သူပစ်သည်

(၃၄) ဘူးတစ်လုံးဆောင် အိုတောင်မဆင်းရဲ

(၃၅) လူကိုယုံသော်လည်း စကားအကုန်မပြောနှင့်

(၃၆) လူပုံက ပတ်ကလားနဲ့ နှုတ်စကားထွက်

www.burmeseclassic.com

www.burmeseclassic.com



(၃၇) လူပြောမသန် လူသန်မပြော

(၃၈) လူဖြောင့်စိတ်တို လူချိုစိတ်ကောက်

(၃၉) လူလိမ္မာသား ယဉ်ပါး၊ လူမိုက်သား ရမ်းကား

(၄၀) လောဘကြီးလျှင် ချွဲ၊ ဒေါသကြီးလျှင် ဆဲ

(၄၁) လောဘကြီးသူ စကားချို၊ ဒေါသကြီးသူ စကားတို၊ မောဟကြီးသူ စကားယို

(၄၂) ဝစီဗေဒ၊ ထိတိုင်းရှ

(၄၃) သစ္စာနှုတ်သီး မန္တန်ကြီး

(၄၄) အကျိုးစားသန် ရန်ဖြစ်

(၄၅) အစားသာ အကုန်စား၊ စကားကို အကုန်မပြောနှင့်

(၄၆) အဆင်းတန် စကားတန်ထွက်

(၄၇) အပြောကတော့ ဖိုးစိန်၊ အကကတော့ ချိုမိုင်မိုင်

(၄၈) အပြောမတတ်၊ အပတ်မပြေ

(၄၉) အပြောမတတ်တော့ ဆဲသလို၊ အထိုင်မတတ်တော့ ဖြဲသလို

(၅၀) အမိယုတ် နှုတ်ကြမ်း၊ အဖယုတ် ကိုယ်ကြမ်း··· စသည်တို့ ဖြစ်ပါသည်။

စကားဆိုရာတွင် ငါ့စကားနွားရပမာ၊ အလောတကြီးမပြောဆိုဘဲ ဆင်ခြင်တိုင်းထွာ ပြောသင့်မှပြော၊ ဆိုသင့်မှ ဆိုရန်ဖြစ်သည်။ လောဘကြီးသူ စကားချိုတတ်သည်။ ဒေါသကြီးသူ စကားတိုတတ်သည်၊ မောဟကြီးသူ စကားယိုတတ်သည်၊ ယင်းကို ချိုဟန်၊ တိုဟန်၊



ယိုဟန်ကို နှလုံးသွင်းလေဟူ၍ ကျည်းကန်ရှင်ကြီး၏ ဆုံးမစကားကို မမေ့မလျော့ ကျင့်သုံးရမည်ဖြစ်ပါသည်။

စကားဟူသည် သူ့အကြိုက် ကိုယ့်အကြိုက်ဟူ၍ ရှိပါသည်။ ရှေးအခါက မင်းလို မင်းကြိုက်လိုက်၍ မလျှောက်တင်သော်လည်း အောင်မြင်မှုရရှိခဲ့သည့် ပဥ္စလတိုင်း၊ ဝိဒေဟရာဇ်မင်းကြီးနှင့် မဟော်သဓာ အမတ်ကြီးအကြောင်း၊ အလိုတော်လိုက် အကြိုက်တင်မှုကြောင့် ပြည်ပျက်ခဲ့ရသည့် မဟာသုတဇာတ်တော်လာ စားတော်ဝန် ရသကနှင့် ဟောဓိသာရမင်းကြီးတို့အကြောင်း စကားအင်္ဂါများသည် ထင်ရှားသော သက်သေဥပမာများ ဖြစ်ပါသည်။

သို့ဖြစ်၍ စကားဆို တောင်လိုမောက်မာခြင်းသည် အကျိုးမရှိပေ။ သတ္တလောကတွင် လူ၏အသိဉာဏ်နှယ် မြင့်မားမကြွယ်ဝသည့် တိရစ္ဆာန်များသော်မှ ချိုသာနူးညံ့သောစကားကို ကြားလိုကြသည်။ လူတို့မှာလည်း ကြည်သာရွှန်းမြ ချိုအေးနာပျော်ဖွယ်ကောင်းသည့် တိရစ္ဆာန်လေးများ၏ ကျူးရင့်သံကို နားဆင်လိုကြသည်။ လူအချင်းချင်း ချိုသာစွာပြောဆိုမှုကို ခံယူကျင့်သုံးလိုကြသည်။ ယင်းအချက်များကို အလေးထားလျက် လူငယ်မောင်မယ်များ စကားအရာ လိမ္မာကြစေလိုပါသည်။

✢ ✢ ✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com



# နက္ခတ်တာရာနှင့် တိရစ္ဆာန်တို့၏ အမည်သညာ

မြန်မာတို့သည် ကောင်းကင်ကိုကြည့်၍ ကြယ်၊ နက္ခတ်၊ တာရာ၊ ဂြိုဟ်ဟူ၍ အသီးသီး အမှတ်အသားပြုကြသည်။ သက်ဆိုင်ရာ အလိုက် အမည်သညာလည်းပေးထားသည်။

ဂြိုဟ်ကြီး (၉) လုံးရှိသည်။ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ၊ ရာဟုနှင့် ကိတ်ဂြိုဟ်တို့ ဖြစ်သည်။ ဂြိုဟ်ကြီး (၉) လုံးအား ကိုယ်စားပြုပါဝင်သည့် တိရစ္ဆာန် များတွင် မြန်မာနှင့်ဟိန္ဒူအခေါ် အနည်းငယ်ကွဲလွဲသည်။ မြန်မာက ဂြိုဟ်ကြီး (၇) လုံးကိုသာ အမှတ်သညာပြုသည်။ ဟိန္ဒူက ရာဟုနှင့် ကိတ်ဂြိုဟ်ကိုပါ ပြဆိုသည်။

| ဂြိုဟ်အမည် | မြန်မာ | ဟိန္ဒူ | အရပ်မျက်နှာ |
|---|---|---|---|
| တနင်္ဂနွေ | ဂဠုန် | ဂဠုန် | အရှေ့မြောက် |
| တနင်္လာ | ကျား | ကြောင် | အရှေ့ |
| အင်္ဂါ | ခြင်္သေ့ | ခြင်္သေ့ | အရှေ့တောင် |
| ဗုဒ္ဓဟူး | စွယ်စုံဆင် | သမင် | တောင် |
| ကြာသပတေး | ကြွက် | ကြွက် | အနောက် |
| သောကြာ | ပူး | ဆိတ် | မြောက် |
| စနေ | နဂါး | နဂါး | အနောက်တောင် |
| ရာဟု | | ခွေး | အနောက်မြောက် |

ကိတ်ဂြိုဟ်သည် ရာဟုဂြိုဟ်နှင့် (၁၂) ရာသီစွင်တွင် သမသတ် အမြင်၌ တည်ရှိသည်။ နက္ခတ်တာရာတွင် သက္ကတနှင့် ပါဠိ၊ ဟိန္ဒူ ဘာသာအမည်တို့သည် အခေါ်အဝေါ်ခြင်း ခြားနားမှုအနည်းငယ်ရှိသော် လည်း အဓိပ္ပာယ်အတူတူပင်ဖြစ်သည်။ ဥပမာ-တနင်္ဂနွေဂြိုဟ်အား ရုဝံကြယ်၊ စိတ္တနက္ခတ်၊ ကျီးတာရာ စသည်ဖြင့်ခေါ်ဝေါ်ကြသည့် အမည်ကွဲများ ဖြစ်ပါသည်။

မြန်မာ့စွယ်စုံကျမ်းကမူ မူလနက္ခတ် (၂၈) လုံးရှိသည်။ မြတ်စွာ ဘုရားလက်ထက်တော်မတိုင်မီကပင် အဘိဇဟူသည့် နက္ခတ်တစ်လုံး ပျောက်ကွယ်ခဲ့ပြီဖြစ်ကြောင်း ပြဆိုသည်။ နက္ခတ် (၂၇) လုံးအား ရည်ညွှန်းသည့် တိရစ္ဆာန်အမည်ပေးသည့် အခေါ်အဝေါ်အမှတ်သညာ ကို တင်ပြပါသည်။

စာဆိုတော် ဦးကြင်ဥက နေလနက္ခတ် ကြယ်တာရာများ ကောင်းကင်ပြင်တွင် မြင်တွေ့ရပုံကို ညည်းချင်းလေးဆစ်ကဗျာ ဖွဲ့ဆိုထားပါသည်။

* အော် - ရောင်ခြည်ခတ်လောင်း၊ ဘဝဂ်စောင်းမျှ၊ စက်မောင်းဗိမာန်၊ မေရုခတ်ပန်း၊ မိုးစခန်းက၊ ထောင့်တန်း ငယ်ဆန်သည်၊ ယုံပျံနှင့်လိုမောင်းတော့တယ်၊ အဿဝဏီ၊ ဘရဏီလဲ၊ ရေဝတီမြိုး၊ ကြယ်သလိဿ၊ စိတြကိုမာဃ ဖုံးလို့၊ ကိုးလုံးတာရာ၊ ကတ္တဠာနှင့်၊ ကုလာချိန်ပို့၊ ကကော

www.burmeseclassic.com

www.burmeseclassic.com



ဟံသ၊ ကေဝဋ္ဋတို့၊ တကွငယ်ချီသည်၊ ကိုယ်စီယှဉ်လို့ ပြောင်းတော့မယ်။ ကြယ်ဘဂုမင်း၊ မူလဇေဋ္ဌ၊ ဘဒြလဲ၊ မိုးဝကျင်းလို့၊ ခက်ရင်းသဏ္ဌာန်၊ ပြဿာန်သန်အိတ်၊ ခုနစ်စဉ် ငယ် ကြယ်သူငယ် ကြယ်ဖျောက်ဆိပ်နှင့်၊ သတ္တဗိသျှ၊ သရဝဏ်ဆို၊ ရှစ်လုံးကြိုဟ်လဲ၊ ကိုယ်စီခလို့၊ ဆင်မလှမ်းခြေ၊ သဘော်စိုင်ရှူး၊ ရောင်ပြိုင်ကူးလို့၊ ကွန့်မြူးငယ်ဝေသည်၊ သာမဏေဆိုင်း၊ ဝိသာခါခြံ၊ ကြယ်ပေါင်းစုံသည်၊ ပုံပတ် ဝိုင်းတို့၊ ခြိမ့်လှိုင်းဆူသည်၊ ပြိုင်တူမိဘက်သို့၊ ညောင်းတော့ မည်။ ။

စကားပြေအကျဉ်းမှာ–

ညော်– ရောင်ခြည်အခက်အလက် ဝေဝေဆာဆာနှင့် ဖြိုးဝေစွာ ယန်းထွက်လာသောလမင်းသည် အထက်အာကာသကောင်းကင်၌ ကြည်လင်စွာထွန်းပလျက် မြင်းမိုရ်တောင်ခါးပန်းတွင် လှည့်လည်နေရာ အာသာဝတီနက္ခတ်အစရှိသော ခြောက်လုံးသောနက္ခတ်တို့နှင့်လည်း ကောင်း၊ ပုစ္ဆန်တာရာအစရှိသော ကိုးလုံးသော ကြယ်တာရာတို့ဖြင့် လည်းကောင်း ခြံရံလျက် ကျက်သရေနှင့်တင့်တယ်လှပပေ၏။ ထိုမှတစ်ပါး ခုနစ်စင်ကြယ်၊ ဖျောက်ဆိပ်ကြယ်၊ ပြဿာကြယ်အစရှိသော ကြယ်တာရာအမျိုးမျိုးတို့သည်လည်းကောင်း၊ အလုံးစုံသော ကြယ်လဲ နက္ခတ်တာရာအပေါင်းတို့သည်လည်းကောင်း၊ ထိန်ပင်ပေါက်ရာ အနောက်ဂေါ်ရာကျွန်းသို့ ယွန်းအုံ့မှုးမှုး ရှိလေပြီတကား။ ။

နက္ခတ်တာရာ (၂၇) လုံးကို မြန်မာနှင့် ဟိန္ဒူပညာရှင်တို့က ရာသီရုပ်သညာပြုရာတွင် တိရစ္ဆာန်ကိုယ်စားပြုအမည်များ ပါရှိသည်ကို တစ်ဖက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။



| နက္ခတ်အမည် | ဟိန္ဒူ | မြန်မာ | လုံးရေ | အဓိပ္ပာယ် |
|---|---|---|---|---|
| ၁။အာသဝဏီ | မြင်းဦးခေါင်း | မြင်းဦးခေါင်း | ၆ | အာသဝိမည်သော နတ်မင်း |
| ၂။ဘရဏီ | ယောနိ | ကြက် (ခုံလောက်) | ၃ | ယမမင်း |
| ၃။ကြတ္တိကာ (ဖျောက်ဆိပ်ကြယ်) | သင်တုန်း | ကြက်ငယ်စု (စပါးစု/ဆိတ်ချို) | ၇ | မီးနတ်မင်း |
| ၄။ရောဟဏီ | လှည်း | မြွေဦးခေါင်း | ၁၀ | ပြဟ္မာနတ် |
| ၅။မိဂသီ | သမင်ဦးခေါင်း | သမင်ဦးခေါင်း | ၃ | သသိအမည်ရှိ လနတ်သား |
| ၆။အဒြ | ပတ္တမြား | လိပ်(မှန်ကူသီး) | ၁ | ဟိုမွသွားနတ်မင်း |
| ၇။ပုဏ္ဏဖုသျှ မှကွဲ (ပုနဖ္ဗသု) | အိမ် - | လှေ/သဘော် ဥဖျိုင်း | ၅ | အဒိတိနတ်သမီး မိုးရွာစေသည့် နက္ခတ် |
| ၈။ဖုသျှ | မြား | ပုစွန်/မိုးဗွေပန်း | ၁၀ | ဗီဝဂြိုဟ်နတ်မင်း |
| ၉။အသလိဿ | စကြာဘီး | မြင်းအင်္ဂါဇာတ် လက်ရင်းခါသဏ္ဌာန် | ၄ | ဖဏီမည်သော မြွေမင်း |
| ၁၀။မာဃ | အိမ် | သံကောက် (မျောက်) | ၄ | ပီတရာနတ်မင်း |
| ၁၁။ပြုဗ္ဗာဖလဂုဏ် | ညောင်စောင်း | နွားမ (ညောင်စောင်း) | ၂ | ယောနိနတ်မင်း |
| ၁၂။ဥတ္တရဖလဂုဏ် | ညောင်စောင်း | နွားလား (ညောင်စောင်း) | ၂ | အယမနတ်မင်း |

www.burmeseclassic.com

www.burmeseclassic.com



| | | | | |
|---|---|---|---|---|
| ၁၃။ဟာသဒ | လက် | ဆင်ဦးခေါင်း (လက်ဝါး) | ၅ | နေနတ်မင်း |
| ၁၄။စိတြ | ပုလဲ | ကျား | ၁ | ကမ္မနတ်မင်း |
| ၁၅။သွာတိ | သန္တာ | မြွေဦးခေါင်း (ကသစ်ပွင့်) | ၂ | ပဝနမည်သော နတ်မင်း |
| ၁၆။ဝိသာခါ | သစ်ရွက် ပန်းဆိုင်း | ကျွဲဦးခေါင်း ပတ်ဆိုင်းဝိုင်း | ၁၄ | သတ္တာနိမည်သော သိကြားမိဖုရား သုစိတာ |
| ၁၇။အနုရာဓ | ဗလိနတ်စာ | ဥခေါင်း (နဂါးလည်ဆစ်) | ၁၅ | မိတ္တမည်သော နတ်မင်း |
| ၁၈။ဇေဋ္ဌနက္ခတ် | နားတောင်း | ဆိတ်/ကျောက်ဖျဉ် | ၅ | သိကြားမင်း နဂါးချက်မဟု ခေါ်သည်။ |
| ၁၉။မူလ | ခြင်္သေ့အမြီး | ကြောင် (ကင်းမြီးကောက်) | ၄ | နိရတိရက္ခိတ် |
| ၂၀။ပြုဗ္ဗာသန် | ခတင် | ခြင်္သေ့ (ဆင်ခြေ) | ၂ | တောယရေနတ် |
| ၂၁။ဥတ္တရာသန် | ဆင်စွယ် | ခြင်္သေ့ (ဆင်ခြေ) | ၂ | အသဿဒေဝ နတ်မင်း |
| ၂၂။သရဝဏ် | ဗိသျှနုခြေရာ မြား | မြား (ရသေ့) မောင်းရင်ဆိုင်းထမ်း | ၃ | ဟာရိမည်သော ဗိဿနိုးနတ်မင်း |
| ၂၃။ဓနသိဋ္ဌ (ဓနိဋ္ဌာ) | မုရိုးစည် | တံငါ(အင်ကြင်းသီး) (ရွှေထီးအရှည်) | ၄ | ဂသုနတ်မင်း |
| ၂၄။သတဘိသျှ | ကျောက် မျက်ဝန်း | ကျားသစ် | ၆ | ဝရုဏနတ်မင်း |
| ၂၅။ပြုဗ္ဗာပုဒြပိုဒ် | နှစ်မျက်နှာ | နွားမ (ခြေဖဝါး) | ၂ | အဇဒေဝနတ်မင်း |
| ၂၆။ဥတ္တရာဘဒြပိုဒ် | ခတင် | နွားမ (ခြေဖဝါး) အင်းပျဉ်သဏ္ဌာန် | ၂ | အဟိပြုနနတ်မင်း (သို့) အဟိဗုဓ နတ်မင်း |
| ၂၇။ရေဝတီ | မုရိုးစည် | မြွေသဏ္ဌာန် မိကျောင်းဦးခေါင်း | | မုမာနတ်မင်း |



အာသယဝတီနက္ခတ်မှစ၍ ရေတွက်သော် ရေဝတီနက္ခတ်သည် နောက်ဆုံး (၂၇) လုံးမြောက်ဖြစ်သည်။ ထိုနက္ခတ်များသည် တာရာများနှင့် သုံးလုံးယှဉ်တွဲသွားကြသည်။ နက္ခတ် (၂၇)လုံးတို့သည် ရာသီစက်လှည့်၍ အစဉ်အတိုင်း တစ်ရာသီမှတစ်ရာသီသို့ ကူးပြောင်းကြသည်။ တစ်ရာသီလျှင် (၂) လုံး ၁ ပါဒအားဖြင့် ၁၂ ရာသီတွင် တစ်ပတ်လည်သည်ကို တစ်နှစ်ဟုခေါ်သည်။

ရာသီအလိုက် စန်းယှဉ်နက္ခတ်ကို ရှေ့အခန်းတွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာတို့က နက္ခတ်နှင့်ယှဉ်တွဲသည့် တာရာများကို ခွဲခြားထားသည်။ တာရာအယူအဆတွင်လည်း ဟိန္ဒူတို့နှင့် အမြင်ချင်းမတူပါ။ ရှေးရိုးအစဉ်အလာ မြန်မာ့အယူအဆကို ဖော်ပြအပ်ပါသည်။

မြန်မာနက္ခတ်ပညာရှင်များက တာရာကို ငါးမျိုးခွဲခြား မှတ်သား ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁) အတွင်းတာရာ - ၉ - လုံး

(၂) အရှေ့တာရာ - ၆ - လုံး

(၃) အနောက်တာရာ - ၇ - လုံး

(၄) တောင်တာရာ - ၉ - လုံး

(၅) မြောက်တာရာ - ၉ - လုံး··· တို့ဖြစ်သည်။

<u>၁။ အတွင်းတာရာ - ၉ -လုံး</u>

(က) ကာက - ကျီးတာရာ

အဿဝဏ်နက္ခတ်၊ ဘရဏီနက္ခတ်၊ ကြတ္တိကာနက္ခတ် (၃) လုံးသည် ကျီးတာရာနှင့် ယှဉ်သွားသည်။

(ခ) ဟံသ - ဟင်္သာတာရာ

ရောဟဏီ၊ မိဂသီ၊ အဒြ စသည့်နက္ခတ် (၃) လုံးသည် ဟင်္သာတာရာနှင့် ယှဉ်သွားပါသည်။

(ဂ) ကက္ကဋ - ပုစွန်တာရာ

ပုဏ္ဏဖုသျှနက္ခတ်၊ ဖုသျှနက္ခတ်၊ အသလိဿနက္ခတ် (၃) လုံးသည် ပုစွန်တာရာနှင့် ယှဉ်သွားပါသည်။

(ဃ) ကုလာ - ချိန်တာရာ

မာဃနက္ခတ်၊ ပြုဗ္ဗာသရဂုဏ်၊ ဥတ္တရာဘရဂုဏ် စသည့် (၃) လုံးသည် ချိန်တာရာနှင့် ယှဉ်သွားသည်၊ ချိန်ခွင် တာရာဟု ပြဆို၏။



(င) ရုဋ္ဌ - ဆံကျင်တာရာ

ဟဿဒနက္ခတ်၊ စိတ္တနက္ခတ်၊ သွာတိနက္ခတ် (၃) လုံးသည် ဆံကျင်တာရာနှင့် ယှဉ်သွားသည်။

(စ) ဝဋ္ဋ - တံငါတာရာ

တောဝဋ္ဋ-ပုဏ္ဏားရုပ်ဖြင့်ပြဆိုသည့် မှုကွဲရှိသော်လည်း၊ တံငါတာရာဟူ၍ အသုံးများပါသည်။

(ဆ) ဟတ္ထိ - ဆင်တာရာ

မူလနက္ခတ်၊ ပြုဗ္ဗာသဠ်နက္ခတ်၊ ဥတ္တရာသဠ်နက္ခတ် စသည့် (၃) လုံးသည် ဆင်တာရာနှင့်ယှဉ်သွားပါသည်။

(ဇ) အဿ - မြင်းတာရာ

သရဝဏ်နက္ခတ်၊ ဓနသိဋ္ဌ်နက္ခတ်၊ သတ္တဘိသျှနက္ခတ် စသည့် (၃) လုံးသည် မြင်းတာရာနှင့် ယှဉ်၍သွားပါသည်။

(ဈ) ဗက - ဗျိုင်းတာရာ

ပြုဗ္ဗာပုရပိုဒ်၊ ဥတ္တရာပုရပိုဒ်၊ ရေဝတီ စသည့်နက္ခတ် (၃) လုံးသည် ဗျိုင်းတာရာနှင့် ယှဉ်၍သွားပါသည်။

အတွင်းတာရာကြီး (၉) လုံး အမြင်ပြဆိုပြီး အပြင်တာရာ (၂၈) လုံးကို ဖော်ပြပါမည်။ အပြင်တာရာ (၂၈) လုံးကို အရပ်မျက်နှာ အလိုက် ခွဲခြားထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



* အပြင်တာရာ (၂၈) လုံး။

(၁) အရှေ့တာရာ ခြောက်သွယ်။

(၁) ဓာတက (ဓဋ္ဌက) တာရာ ၄ လုံး ညောင်စောင်းပုံ

(၂) ပဋ္ဌကတ် (ပဋ္ဌက) တာရာ ၅ လုံး ဟင်္သာမွေးစု

(၃) နိရုဋ္ဌတာရာ ၄ လုံး ပလ္လင် (အင်ပျဉ်) ပုံ

(၄) ပါသာဒတာရာ ၂၄ လုံး အုတ်ဖိုပုံ

(၅) သျှနာ (သျှနတာရာ) ၄ လုံး ပန်းတောင်းပုံ

(၆) ဗက (ပကာသ) တာရာ ၄ လုံး အင်းပျဉ်ပုံ

အရှေ့တာရာ ခြောက်သွယ်တွင် ပဋ္ဌကတာရာသည် ဟင်္သာအမွေးစု၊ ဟင်္သာငှက်တို့သဏ္ဌာန်နှင့် တူသည်ဟု ပြဆိုသည့်အတွက် တိရစ္ဆာန် (၁) မျိုးသာ ပါဝင်သည်။

(၂) အနောက်တာရာခုနစ်သွယ်

(၁) ပညာသ (ပဋ္ဌတ) တာရာ ၅၀ လုံး ကြက်ရုပ်သဏ္ဌာန်

(၂) ဥတ္တရတာရာ ၇ လုံး ကြက်ရုပ်

(၃) ဓာရက (ဓာတက) တာရာ ၉ လုံး မိချောင်းမြီးခပ်ပုံ

(၄) ကောဗျာဂတိတာရာ ၁၀ လုံး ဓော်ဂီပုံ

(၅) သရိဒ္ဓဇာ (ဒရဒ္ဓ) ၄ လုံး ကြက်ခြေသဏ္ဌာန်

(၆) ခရိဒ္ဓဇာ (ဒရိဒ္ဓကတာရာ) ၆ လုံး ဆောင်းတန်းလှေကား

(၇) ဝါနရီ (ဝါနရီကတာရာ) ၄ လုံး ချိန်ခွင်နှင့်တူသည်။

အနောက်တာရာခုနစ်သွယ်တွင် လေးသွယ်သာ တိရစ္ဆာန်ရုပ်နှင့် သဏ္ဌာန်တူ ရှိုင်းပြထားသည်။



(၃) တောင်တာရာကိုးသွယ်

(၁) အာဏီတာရာ ၁ လုံး ပတ္တမြားအဆင်း

(၂) ဖုဿျတာရာ ၁၁ လုံး ကြောင်၊ ကြောင်ခေါင်း

(၃) သခ်တာရာ ၅ လုံး ခရုသင်းသဏ္ဌာန်

(၄) စာတုကတာရာ ၄ လုံး လက်မသဏ္ဌာန်

(၅) ယောတြဲတာရာ ၆ လုံး သားရေလွှန်

(၆) စာရုတ်တာရာ လုံး တံငါသည် လင်မယား လှေဦးပဲ့ နေသည့်ဟန်

(၇) ပေါ်ခိကိတာရာ ၈ လုံး ဟင်္သာဖိုမ လည်ယှက်ဟန်

(၈) အဂတ် (အဂတ္တ) တာရာ ၇ လုံး ချွန်းတောင်း သဏ္ဌာန်

(၉) ဘဒ္ဒရ (ဘဒ္ဒက) တာရာ ၅ လုံး လယ်ပုစွန်သဏ္ဌာန်

တောင်တာရာကိုးသွယ်တွင် တိရစ္ဆာန်အမှတ်အသား တာရာ (၄) သွယ်ဖြင့် ပုံနိုင်းထားသည်ကို တွေ့ရှိရပါသည်။

(၄) မြောက်တာရာခြောက်သွယ်

(၁) ရှုဝံ (အကဋ္ဌ) တာရာ ၁ လုံး ကြာပွင့်သဏ္ဌာန်
(ဒါရု) အရံများစွာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂) တရုတာရာ (တာလီ) ၁ လုံး နေကြာပွင့်၊ ကြေးမုံခွက်

(၃) မုသျှတ္တ (မုသျှတ္တ) ၇ လုံး ခုနစ်စင်ကြယ် မိကျောင်း

(၄) ဧကာတိ (ကရိဂုဏ်) ၄ လုံး ကြောင်စာခွက် ဧကသိတ္တက

(၅) တြိဂုဏ် (တရိဂုဏ်) ၄ လုံး သားတစ်နှင့်တူ တာရာ (မှန်တူ)

(၆) ရုပိတာ (ရှုပ)တာရာ ၅ လုံး တဲကျင်ပုံသဏ္ဌာန်

မြောက်တာရာခြောက်သွယ်တွင် မိကျောင်းနှင့် နှိုင်းထားသည့်တာရာ တစ်လုံးသာပါရှိသည်။

ကြယ်နက္ခတ်တာရာတို့သည် ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်းတို့၌ အရေးပါသည်။ ဤစာစုသည် နက္ခတ်တာရာတို့၏ စိုးမိုးမှု အဓိပ္ပာယ်ပြဆိုမှုကို ဦးကာပြခြင်းမဟုတ်ပါ။ နက္ခတ်တို့အစွဲပြု ပုံဖော်သည့် တီရွှာန်ကလေးများ၏အမည်ကို ဖော်ထုတ်တင်ပြထား ခြင်း ဖြစ်ပါသည်။

မြန်မာစာပေနယ်တွင် ကြယ်နက္ခတ်တာရာတို့၏ ဆန်းကြယ်ပုံ၊ သဘာဝတရား၏ပုံဖော်မှုကို ကဗျာလင်္ကာဖြင့် ဖွဲ့ဆိုထားပါသည်။ နက္ခတ်တာရာအကြောင်းကို ဖွဲ့ဆိုသည့် စာဆိုတော်ဦးကြင်ဥ၏ ကဗျာ တစ်ပုဒ်ကို ဖော်ပြလိုပါသည်။

* တင်းတာရာကြယ်နဂါးနှင့်၊ ပုဏ္ဏားတဲ့တစ်သွယ်။
လိပ်ခေါင်းဟန်ချီလို့ ရေဘာဏီတစ်ဖုတင်၊ လွှမ်းစချင့်ဖွယ်။



ဝိသာခါပုဏ္ဏဖုတ်နှင့်၊ ဗျိုင်းရုပ်ကာယ်ဟသာ်နယ်၊
တာရာငယ်တစ်ပြေး။
ဗာဟိရလမ်းစဉ်သို့၊ တူထွက်ဝင်ကိုယ်စီစံကြတယ်၊
ငါနန်းရံတစ်ပုံကြူလို့၊ လွမ်းဟုန်နှင့်ဆွေး။ ။

ရာနှုချိန်ခွင်သဖွယ်ရှိသော ကုလာနက္ခတ်၊ နဂါးသဏ္ဌာန်ရှိသော အဿနက္ခတ်၊ ပုဏ္ဏတာရာခေါ်သော တံငါလောင်းနက္ခတ်၊ လိပ်သဏ္ဌာန်ရှိသော မိဂသီနက္ခတ်နှင့်တကွ၊ ဗျိုင်းတာရာ ဟင်္သာတာရာတို့သည် လွမ်းစရာကောင်းအောင် တစ်ပြေးတည်း တစ်ညီတည်း နေမင်းသွားရာ အပြင်လမ်းဘက်တွင် အတူတကွ အသီးသီးတည်ရှိကာ ထွန်းလင်း တောက်ပနေကြသည်ကို၊ ငါအိမ်ရှေ့မင်းသား တစ်မျိုးတစ်ဖုံ တွေ့ကြုံ နေရလို့ လွမ်းဆွတ်မိပါတယ်… ဟု ဆိုလိုရင်းဖြစ်ပါသည်။

✧ ✧ ✧ ✧ ✧

www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ်ကြည့်တတ်လျှင် ရာသီသိမည်ပင်

မြန်မာလူ့ဘောင်ဓလေ့ထုံးစံတွင် တစ်နှစ်ပတ်လည် တစ်ဆယ့်နှစ်လလုံးလုံး ရာသီပွဲသဘင်များ ဆင်ယင်ကျင်းပလေ့ရှိသည်။ ရာသီပွဲတော်များသည် မြန်မာ့ရိုးရာဓလေ့ထုံးစံကို အခြေခံသည့် ယဉ်ကျေးမှုပွဲတော်များဖြစ်သည်။ ဥတုသုံးလီ၊ ရာသီတစ်ဆယ့်နှစ်လတို့သည် အပူအအေးမညီ၊ မိုးနှင်းခြင်းလည်း မမှန်ကြပေ။ သူ့ရာသီနှင့်သူ ခြားနားချက်များ ရှိသည်။ ယင်းတစ်ဆယ့်နှစ်လပွဲတော်များသည် ရိုးရာစရိုက်အလိုက်အပြင် ဘာသာရေးပုံရိပ်စရိုက် အငွေ့အသက်ကလည်း လွှမ်းထုံလျက်ရှိသည်။ မြန်မာတိုင်းရင်းသားများသည် ရှေးမြန်မာရှေ့နန်းရှင်တို့ ဆင်ယင်ကျင်းပသည့် ပွဲသဘင်များကို ဆက်လက်အမွေခံယူ ကျင့်သုံးနေဆဲဖြစ်ပါသည်။

စာဆိုရှင် လက်ဝဲသုန္ဒရအမတ်ကြီးက မြန်မာရှေ့နန်းရှင်တို့လက်ထက်တော်အခါကာလက တစ်ဆယ့်နှစ်ရာသီပွဲသဘင် ဆင်ယင်ကျင်းပပုံကို၊

* သင်္ကြန်တကျူး၊ နှစ်ဦးညောင်ရေ၊ စာပလွှေခင်း၊
ပဉ္စင်းတော်ခံ၊ စာရေးတံနှင့်၊ မြစ်ယံပွဲကြီး၊
ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း၊ မြင်းခင်းထွက်ဝင်၊
သဘင်မီးပုံး၊ ဂူလုံးသဲပုံ၊ စေ့စုံစီလျဉ်၊ ဤသို့ယဉ်သား၊



အစဉ်ပြုမြဲ၊ ဆယ့်နှစ်ပွဲ . . .

ဟူ၍ သာခိနပျို့တွင် စပ်ဆိုခဲ့ပါသည်။ တစ်ဆယ့်နှစ်လပွဲတော်များဖြစ်ကြပါ၏။

ရာသီမသိ ပန်းနှင့်ညိဟူ၍ မြန်မာဆိုရိုးစကားရှိပါသည်။ တစ်ဆယ့် နှစ်လတွင် လအလိုက် ကြိုင်လှိုင်မွှေးပျံ့သည့် ရာသီပန်းတို့ ဖူးပွင့်ကြသည်။ လှပသော ရေမြေတောတောင်ပိုင်ဆိုင်သည့် မြန်မာ့မြေတွင် တောအနှံ့ တောင်အနှံ့၊ မြစ်ဝှမ်းချိုင့်လွင်ပြင် အသွယ်သွယ်တို့တွင် ရာသီအလိုက် ပန်းပင်များပေါက်ရောက်ခြင်းကို ကင်းဝန်မင်းကြီးက အောက်ပါအတိုင်း စာဖွဲ့ထားပါသည်။

* ပန်းကံ့ကော် ရွှေစံကား
ငွေသားနှ စံပယ်မှန်၊
မုလေးခတ္တာနှင့်
ရွှေရင်းမှာ ကြာခဝဲ ဖွဲ့စ နှင်းလျှံ့။
သဇင်ကျန်
ခွာတံပေါက်လဲ၊
ပွင့်ဝတ်ကယ် ရွှေဖီမင်း
သင်းထုံနံ့ကဲ။ ။

အချို့က ဝါဆိုလတွင် ပုန်းညက်ပန်းတို့ ပွင့်သည်ဟူ၍ ပြဆိုသည်။

တစ်ဆယ့်နှစ်လအမည် မြန်မာအခေါ် တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်းဟူ၍လည်းသိပြီ၊ ဗေဒင်အခေါ်

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်နှစ်ရာသီခွင်၊ မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုံ၊ မိန်-ဟူ၍လည်း မှတ်ယူနိုင်ပြီ၊ ရာသီအလိုက် ဖူးပွင့်သည့်ပန်းများကိုလည်း ပြဆို၍ ရာသီပွဲတော် အကြောင်းများကိုလည်း ဖော်ပြခဲ့ပါသည်။

ဤသို့ လအလိုက်၊ ရာသီပိုင်သည့် နက္ခတ်နှင့် ရာသီရုပ်ကို ဆက်လက်ပြဆိုရာတွင်-

* တန်ခူးစိတြ၊ မိဿခါတော်၊ ရင်ခတ်ကယ်ကံ့ကော်၊

မွေးကျော်ကြိုင်လှိုင်၊ အတာသဘင်၊ ပျော်ရွှင်ဆိတ်မင်းဝင့်။

ဟူသည့် လင်္ကာများကို ဖော်ပြနေရပါလျှင် စာပိုဒ်များမည်ဖြစ်ပါ၍ ဆိုလို ရင်းလ၏နက္ခတ်ကို ရည်ညွှန်းသည့်အရုပ်ပုံသဏ္ဌာန်ကိုသာ တင်ပြလိုပါသည်။

| လအမည် | ရာသီ | နက္ခတ် | ပန်း | ပွဲတော် | ရာသီရုပ် |
|---|---|---|---|---|---|
| တန်ခူး | မိဿ | စိတြ | ကံ့ကော် | သင်္ကြန် | ဆိတ်ရုပ် |
| ကဆုန် | ပြိဿ | ဝိသာခါ | စံကားဝါ | ညောင်ရေသွန်း | နွားလားရုပ် |
| နယုန် | မေထုန် | ဇေဋ္ဌ | စံပယ် | စာပြန်ပွဲ | ယောကျ်ား/ မိန်းမ |
| ဝါဆို | ကရကဋ် | အာသဠ် | မှလေး | ပဉ္စင်းခံ | ပုစွန်လုံးရုပ် |
| ဝါခေါင် | သိဟ် | သရဝဏ် | ခတ္တာ | စာရေးတံ | ခြင်္သေ့ |
| တော်သလင်း | ကန် | ဘဒြပိုဒ် | ရင်းမာ | လှေပွဲ | လှေစီး အပျိုကညာ |
| သီတင်းကျွတ် | တူ | အာသဝဏီ | ကြာ | ဆီမီးမြင်းမိုရ် | ချိန်ခွင်ရုပ် |
| တန်ဆောင်မုန်း | ဗြိစ္ဆာ | ကြတ္တိကာ | ခဝဲ | တန်ဆောင်တိုင်၊ | ကင်းမြီးကောက် |
| နတ်တော် | ဓနု | မိဂသီ | သဇင် | စာဆိုတော် | လေးစွဲ ယောကျ်ား |
| ပြာသို | မကာရ | ဖုဿ | နှင်းဆီ | မြင်းခင်း | မကန်းရုပ် |
| တပို့တွဲ | ကုံ | မာဃ | ပေါက်လဲ | ထမနဲပွဲ | အိုးထမ်း ယောကျ်ား |
| တပေါင်း | မိန် | ဖလဂုနီ | သရဖီ | သဲပုံစေတီ | ငါးကြင်းပွတ် |



မြန်မာတို့၏ တစ်ဆယ့်နှစ်လရာသီ နက္ခတ်ကိုယ်စားပြု အရုပ်သဏ္ဌာန်များ၌ တန်ခူး (ဆိတ်)၊ ကဆုန် (နွားလား)၊ ဝါဆို (ပုစွန်လုံး)၊ ဝါခေါင် (ခြင်္သေ့)၊ တန်ဆောင်မုန်း (ကင်းမြီးကောက်)၊ ပြာသို (ငါးမကန်း)၊ တပေါင်း (ငါးကြင်း) စသည်ဖြင့် မှတ်သားရပါသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com

## ကျမ်းကိုးစာရင်း


၁။ ဓိနတ္ထပကာသနီကျမ်း၊ ဆဌမတွဲ၊ ကျီးသဲလေးထပ်ဆရာတော်

၂။ မုံရွေးမှတ်စု၊ မုံရွေးဇေတဝန်ဆရာတော်

၃။ အာကာသသျှတ္တရကျမ်း၊ မုံရွေးဇေတဝန်ဆရာတော်

၄။ နိပါတ်တော်လာဇာတ်တော် ငါးရာ့ငါးဆယ်၊ တေရသက
နိပါတ်၊ ဇဝနဟံသဇာတ်၊ မာဏဝ၊

၅။ ပါရမီတော်ခန်းပျို့၊ ရှင်မဟာသီလဝံသ

၆။ ဆုတောင်းခန်းပျို့၊ ရှင်မဟာသီလဝံသ

၇။ မနော်ဟာရီပျို့၊ နဝဒေး

၈။ ရာဇနီတိကျမ်း၊ လက်ဝဲနော်ရထာဦးနေ

၉။ ဘလ္လာတိယပျို့၊ တွင်းသင်းမင်းကြီး

၁၀။ ကဝိလက္ခဏာဒီပနီကျမ်း၊ မင်းကြီးမဟာဇေယျသူ

၁၁။ သုတသန္နိစယကျမ်း၊ အင်းမရွာဘုန်းတော်ကြီး

၁၂။ ရွှေဘုံနိဒါန်း၊ မြဝတီမင်းကြီးဦးစ

၁၃။ မဃဒေဝလင်္ကာသစ်၊ မန်လည်ဆရာတော်

၁၄။ ရွှေဟသ်ာမင်းပျို့၊ ရှင်တေဇောသာရ

၁၅။ လောကသာရပျို့၊ ကန်တော်မင်းကျောင်းဆရာတော်

၁၆။ လောကဟိတရာသီကျမ်း၊ ကတိုးရွာဆရာမြစ်

၁၇။ မြန်မာစာညွှန့်ပေါင်းကျမ်း၊ (ပထမတွဲမှ သတ္တမတွဲထိ)
ဦးကျော်ထွန်း၊ မြန်မာစာကော်မရှင်

၁၈။ ရာသီသဘင်၊ ဦးသော်ဇင်

၁၉။ တစ်ဆယ့်နှစ်လမိုး၊ ဒဂုန်ဦးစန်းငွေ၊ စာပေဗိမာန်

၂၀။ ကဗျာကပေးသော ဗဟုသုတများ၊ ဒဂုန်ဦးစန်းငွေ

၂၁။ စာပေဝတ်ဆံ၊ ဒဂုန်နတ်ရှင်၊ စာပေဗိမာန်

၂၂။ မြန်မာ့စွယ်စုံကျမ်းများ၊ စာပေဗိမာန်

၂၃။ သားငါးကျေးငှက်ပုံပြအဘိဓာန် (ပထမ+ဒုတိယ)၊ ရှင်နဂသိန်

၂၄။ မြန်မာဆိုရိုးစကား၊ မြန်မာစာအဖွဲ့

၂၅။ ဘုရားရှိခိုးအမျိုးမျိုး၊ အသျှင်အာစိဏ္ဏာဘိဝံသ၊ ပညာအလင်းပြ၊
(၁၉၅၄)

၂၆။ ဦးပုညစာပန်းကုံးများ၊ တင်ထွေး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

၂၇။ မှန်နန်းရာဇဝင်တော်ကြီး၊ ဘကြီးတော်ဘုရားလက်ထက်

၂၈။ သုတန်ပိဋကတ်တော် အဋ္ဌကထာ၊ သာသနာရေးဦးစီးဌာန

၂၉။ ပါဠိသက်ဝေါဟာရအဘိဓာန်၊ ဒဂုန်ဦးထွန်းမြင့်

၃၀။ မြန်မာ့ရိုးရာလုပ်ငန်း ဆယ်ပွင့်ပန်း၊ ဒဂုန်နတ်ရှင်၊ စာပေဗိမာန်၊
(၁၉၇၈)

၃၁။ မြန်မာ့ဆင်၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၊ စာပေဗိမာန်

၃၂။ မြန်မာ့မြင်း၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၊ စာပေဗိမာန်

၃၃။ မြန်မာ့ကျွဲ မြန်မာ့နွား၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၊
စာပေဗိမာန်


www.burmeseclassic.com

www.burmeseclassic.com

၃၄။ မြန်မာ့ဟင်းစားကြက်၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၊ စာပေဗိမာန်

၃၅။ မွေးနွံ့သာ၊ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၊ စာပေဗိမာန်

၃၆။ ငါးရာ့ငါးဆယ်သိမှတ်ဖွယ်၊ ဦးအေးချို (မဟာဝိဇ္ဇာ)

၃၇။ မြန်မာနိုင်ငံနတ်ကိုးကွယ်မှုသမိုင်း၊ မင်းစည်သူ

၃၈။ ကိန္နရာကိန္နရီ၊ စိတ္တ၊ စာပေဗိမာန်

၃၉။ ငွေတောင်၊ ငြိမ်းကျော်

၄၀။ မြန်မာ့ရွှေဟသ်ာ၊ ထွေးစန္ဒာ၊ စာပေဗိမာန်၊ ၁၉၉၅

၄၁။ ပဒေသာသီချင်းများ၊ ဦးကြင်ဥ (ဦးလှဒင်တည်းဖြတ်)

၄၂။ ပါရမီမဂ္ဂဇင်း (အမှတ် ၁၁၂) ဆင်ခံဘုရားအကြောင်း၊ ဦးသိန်းထွန်းကြည်

၄၃။ နက္ခတ်ဗေဒင်မဂ္ဂဇင်း၊ ၂၀၀၃-မေလနှင့် ဇွန်လ

* * * * *

www.burmeseclassic.com

www.burmeseclassic.com



၂၀၁၃ ခုနှစ်၊ စာပေဗိမာန်စာမူဆု

စာပဒေသာ ပထမဆုရ

'ဟေဝန်ဟေမာ သတ္တဝါတို့၏ နိမိတ်ပုံလွှာ'

အမျိုးသားစာပေဆုရ

ရေးသူ- အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)

BURMESE CLASSIC .com

အဖ ဦးထွန်း၊ အမိ ဒေါ်ခင်ဥတို့မှ ၁၉၄၉ ခုနှစ်၊ ဇူလိုင်လ (၂၄) ရက်နေ့တွင် မွေးဖွားသည်။ တိရစ္ဆာန်ဆေးကုသိပ္ပံတွင် ပညာသင်ကြားခဲ့သည်။

၁၉၆၁ ခုနှစ်တွင် စာပေလောကသို့ ဝင်ရောက်ခဲ့သည်။ စာပေဗိမာန် စာမူဆု (၅) ဆု၊ ပုဂ္ဂိုလ်ကျော်ဦးအုန်းဖေ စာပေဆု (၁)ဆု၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ကျမ်းစာမူဆု(၁) ဆု၊ တပ်မတော်နေ့ စာပေပြိုင်ပွဲဆု (၃) ဆု၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် စာပေဆု (၁)ဆုနှင့် ၁၉၉၅ ခုနှစ်အတွက် အမျိုးသားစာပေဆုတို့ ရရှိခဲ့သည်။

ယခုအခါ ဖိုးကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

အမည်ရင်းမှာ ဦးအောင်စိုး ဖြစ်သည်။

နေရပ်လိပ်စာ - ဖြိုးပုံနှိပ်တိုက်၊ မင်းဓမ္မလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

www.burmeseclassic.com